
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃

ကြီးတွေ

အသုရကာယ်ဘုံသား/ ကြီးတွေ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၃၊

၂၃၄ - စာ၊ ၁၂.၅ x ၁၈.၅ စင်တီ၊

(၁) ကြီးတွေ

ထုတ်ဝေသူ ဦးအောင်မြင့်၊

ဖြန့်ချီရေး အောင်မြင်စာပေ၊

အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်

အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊

၂၀၁၃ ခုနှစ်၊ (အောက်တိုဘာလ)၊

အုပ်ရေ (၅၀၀)၊



# ဝန်ခံချက်

ဥဗ္ဗရီဝဂ်၊ ကဏ္ဍာမဏ္ဍာပေတဝတ္ထုမှ အသုရကာယ်ဘုံသားများအကြောင်းကို ဖတ်မိရာမှ ဤဝတ္ထုရှည်ကို စိတ်ကူးဖြင့် ရေးဖွဲ့ခြင်း ဖြစ်ပါကြောင်း ဝန်ခံပါသည်။

(စာရေးသူ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဘဝယနုလက်ခြောင်း

- နေမင်းလမင်း ဘယ်လောက်ကြီးတယ်ဆိုတာ
သံသယရှိစရာ မလိုပါဘူး...၊
ကြယ်ပွင့်တွေ ဘယ်လောက်တောက်ပတယ်
ဆိုတာလည်း...သံသယရှိစရာ မလိုပါဘူး။
ထို့အတူ တကယ်ချစ်ရင်....
သံသယတွေ ဖယ်ထားပေးပါ။

- မီးအိမ်တစ်လုံး ကွဲသွားရင်တောင်
မီးစာရှိနေသေးရင် အလင်းရောင် ရနိုင်ပါတယ်။
ချစ်သူချင်း သံသယ ရှိနေသမျှ
ဘယ်တော့မှ အချစ်ရဲ့အလင်းရောင်
ရနိုင်မှာ မဟုတ်ပါဘူး။

- အချစ်ဆိုတာ ခွန်အားအရှိဆုံးအရာဖြစ်ပါ
တယ်။ ဒါပေမယ့် အချစ်က ဖျက်ဆီးရင်တော့
ခွန်အားအနည်းဆုံးသူ ဖြစ်စေနိုင်ပါတယ်။

BURMESE CLASSIC .com

# ဘဝယနုလက်ခြောင်း

- အိမ်ထောင်ပြုပြီးတဲ့အခါ
အချစ်တံခါး ပိတ်သွားတယ်ဆိုပေမယ့်
အကြင်နာတံခါးကတော့
ပွင့်လာစေပါတယ်။

- သေခြင်းတရားဆိုတာ
အရေးအကြီးဆုံး သော့တစ်ချောင်းပဲ
ဖြစ်ပါတယ်။ ထိုသော့မပါဘဲနှင့်
မည်သည့်ဘုံဘဝကိုမှ
ကူးပြောင်း၍ မရနိုင်ပါချေ။

- အစားအသောက်ကိုတော့
သင့်ကျန်းမာရေးနှင့် ညီညွတ်အောင်
မိမိသဘောကျသလို စားသုံးနိုင်ပါတယ်။
အဝတ်အစား ဝတ်ရင်တော့ အခြားသူများနှင့်
အဆင်ပြေအောင် ဝတ်ဆင်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝသနုလက်ခြောင်း

❖ ပန်းချီးသူနှင့် ပန်းပျိုးသူတို့ဟာ
ပန်းကို ချစ်သူချင်း တူပေမယ့်
ရည်ရွယ်ချက်ချင်း မတူကြပါဘူး။
အလှကို မြတ်နိုးသူနှင့်
ဖျက်ဆီးသူတို့ရဲ့သဘောမျိုးပဲ ဖြစ်ပါတယ်။

❖ ဘဝခရီးတစ်လျှောက်မှာ
ထင်ကျန်နေခဲ့သော ခြေရာများထဲမှာ
ကောင်းသောခြေလှမ်းများထက်
မကောင်းသောခြေရာများကို
ပိုပြီးသတိရသင့်သလို
သတိလည်း ထားသင့်ပါတယ်။

❖ ဘဝခရီးကြမ်းဆိုတာ ကြောက်စရာ
မဟုတ်ပါ။ မည်သူမဆို ထိုလမ်းကို
မဖြတ်ကျော်ခဲ့ပါဘဲနှင့် အောင်မြင်မှုလမ်းပေါ်ကို
မရောက်နိုင်ကြပါဘူး။

BURMESE CLASSIC .com

# ဘဝသနုလက်ခြောင်း

❖ အိမ်ထောင်ကျခြင်းကို
ဘဝအကျဉ်းထောင်တစ်ခုလို့ ထင်နေရင်
သင်ဟာအကြီးမားဆုံး အကျဉ်းထောင်ထဲမှာ
ရောက်နေတယ်ဆိုတာ မမေ့ပါနဲ့။
အဲဒါကတော့ အခက်အခဲတွေပဲ ဖြစ်ပါတယ်။

❖ အမှန်တရားတစ်ခု ရတိုင်း
မိမိကိုယ်ကို အမှတ်ပေးစရာ မလိုပါဘူး။
အမှားတစ်ခု လုပ်ခဲ့မိတဲ့အခါသာ
မမေ့အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

❖ မြေကွက်တစ်ခုပေါ်မှာ
ပန်းပင်တစ်ပင် စိုက်ဖို့ ပြင်တာနဲ့
ပေါင်းပင် မြက်ပင်တွေ မြောက်မြားစွာ
တိုးပွားလာတာကို တွေ့ရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) မဟာမြိုင်မှ အန္တရာယ်ပန်းများ
အခန်း(၂) မာယာနွယ်တစ်မျှင်
အခန်း(၃) ကညင်ပင်ပေါ်မှ အသံရှင်
အခန်း(၄) နေ့မြင်ညပျောက်ရွာသို့ရောက်ကြခြင်း
အခန်း(၅) ရင်တွင်းမှပွဲတင်သံများ
အခန်း(၆) ညှို့ကြိုးစက်ကွင်းချစ်ခြင်းမေတ္တာ
အခန်း(၇) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်
အခန်း(၈) နီမောင်နှင့် ကံကြမ္မာအလှည့်အပြောင်း
အခန်း(၉) အသူရကာယ်ရွာသူ မြသင်းကြူ
အခန်း(၁၀) တောနက်ထဲမှ ငရဲခံရသူ
အခန်း(၁၁) ပရလောကအကျဉ်းသားဖြစ်ရသူ
အခန်း(၁၂) သစ္စာတည်သူနှင့် မိုးသောက်ကန်နတ်
အခန်း(၁၃) ဂန္ဓဗ္ဗနှင့် မိစ္ဆာအစောင့်တို့တိုက်ပွဲ
အခန်း(၁၄) အချစ်ရေးကံမကောင်းသည့် အသူရကာယ်ဘုံသား
အခန်း(၁၅) အရက်ဦးမှ အချစ်နိဒါန်း




## အခန်း(၁)

# မဟာမြိုင်မှ အန္တရာယ်ပန်းများ

နေဝင်တော့မည်။

အနောက်ဘက်မှာ ရှိနေကြသော တောင်တန်းကြီးများ အပေါ်တွင် မေးတင်စ ပြုနေလေပြီ။

မူးမြစ်ဖျားဆုံရာဒေသတွင် အနောက်ဘက်၌ တောင်တန်းကြီးများ ကာဆီးထားသကဲ့သို့ အရှေ့ဘက်၌လည်း တောင်မြင့်ကြီးများ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဘူးမြို့ကို ဖြတ်သန်းစီးဆင်းနေသည့် မူးမြစ်သည် ကတူးကနန်းဒေသဟုခေါ်သည့် ချိုင့်ဝှမ်းဒေသ ရောက်သောအခါ အဆုံးသတ်သွားခဲ့လေသည်။

အမှန်တော့. . ထိုနေရာမှစတင်ပြီး အောက်ဘက်သို့ စီးဆင်းသွားပြီးနောက်တွင် ဧရာဝတီနှင့် ပေါင်းစည်းသွားခဲ့ခြင်းဖြစ်သည်။

ပင်လယ်ဘူးမြို့၏အထက်ပိုင်း မူးမြစ်ဖျား၌ရှိသော ချိုင့်ဝှမ်းဒေသကို 'ကတူးကနန်း'ဒေသဟု ခေါ်ဝေါ်ကြသည်။

တကယ်တော့ အရှေ့အနောက်တွင် တောင်မြင့်ကြီးများက ဝန်းရံထားသောကြောင့် အလိုအလျောက် ချိုင့်ဝှမ်းဒေသဖြစ်နေရသော်လည်း ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၈၀၀)ကျော် အမြင့်ရှိသည်။

သို့သော် ချိုင့်ဝှမ်းဒေသကဲ့သို့ ဖြစ်နေပြီး တောတောင်ထူထပ်လှသော နေရာတစ်ခုလည်း ဖြစ်ပေသည်။

မြောက်ဘက်တောင်ကုန်းဒေသမှ တောင်တန်းကြီးများမှာ တောင်ဘက်သို့ အလျားလိုက်သွယ်တန်းလျက်ရှိရာ ကတူးကနန်းဒေသ၏ အနောက်ဘက်တွင် အလယ်ရိုးမတောင်တန်းရှိသည်။ ထိုတောင်တန်း၌ပင် ဆီးဖြူတောင်တန်း၊ ဆီးပင်တောင်နှင့် ကြက်မောက်တောင်တို့ ရှိကြသည်။

ဆီးဖြူတောင်မှစသော မူးမြစ်သည် တောင်ဘက်သို့ စီးဆင်းသွားလေသည်။





အနောက်ဘက်မှာရှိသော ဆီးဖြူတောင်တန်းနှင့် အရှေ့ဘက်၌ရှိသော မှန်ကင်းတောင်ကြား ရေမြေသည်ပင် 'ကတူးကနန်း' ဒေသဖြစ်သည်။

ကတူးကနန်းဒေသကို အနောက်ဘက်၌ ဖောင်းပြင်နယ်၊ အရှေ့ဘက်တွင် ဝန်းသိုနယ်နှင့် ကောလင်းနယ်၊ တောင်ဘက်၌ ကျွန်းလှနယ်တို့အပြင် မြောက်ဘက်တွင် ဗန်းမောက်နယ်တို့ ရှိကြလေသည်။

အမှန်တော့ တောင်များ ဝန်းရံထားသည့် ချိုင့်ဝှမ်းဒေသတစ်ခုပင် ဖြစ်သည်။

တောတောင်ထူထပ်သည်ကတစ်ကြောင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသည်က တစ်ကြောင်းကြောင့် ရှေးအချိန်က အခြားဒေသမှလူများ တော်ရုံဖြင့် မရောက်နိုင်သောဒေသတစ်ခုလည်း ဖြစ်ပေသည်။

စစ်ကိုင်းတိုင်း အထက်ပိုင်းတွင်ပါဝင်ပြီး တောင်မြင့်ကြီးများ ဝန်းရံထားသည့် အရပ်ဒေသဖြစ်သောကြောင့် လူနေနည်းပြီး သဘာဝသယံဇာတများ ပေါများလှသည်။

အနောက်ဘက်၌ ဆီးဖြူတောင်တန်းကြီးက ကာဆီးထားပြီး ထိုတောင်တန်းကြီးမှာပင် တောင်ထွတ်တောင်စွယ်အများအပြား ပါဝင်လေသည်။

လက်ကသုံးတောင်(အချို့ကလည်း လက်ကတုံးတောင်ခေါ်ကြသည်။)သုံးထပ်ကြီးတောင်၊ နွားလပို့တောင်၊ ဒင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



တောင်(ရှေးအမည်မှာ ဖင်ပေါ်တောင်ဖြစ်သည်။)၊ အုန်းပင်တောင်၊ ရိုးမတောင်၊ မိုင်းသုံတောင်၊ မှန်ကင်းတောင် စသည်တို့က ကာဆီးဝန်းရံထားကြလေသည်။

ငင်းတောင်မြင့်ကြီးများတို့က ထိုဒေသကို အခြားဒေသမှလူများ ဝင်ရောက်မလာစေရန် ကာဆီးထားသကဲ့သို့ ရှိကြလေသည်။

ထိုနေရာ ထိုဒေသအကြောင်းကို ပြောမည်ဆိုလျှင်. . အဓိကကျသော တောင်ကြီးများအကြောင်းကလည်း မဖြစ်မနေပါဝင်လာရမည်ဖြစ်၏။

ငင်းတို့မှာ ဆီးဖြူတောင်၊ မှန်ကင်းတောင်နှင့် မိုင်းသုံတောင်ကြီး စသည်တို့ပင် ဖြစ်ပေသည်။

ဟုမ်းနတ်၊ မိုင်းသုံအရှင်ကြီး စသောနတ်များကို ယုံကြည်ကိုးကွယ်ကြသည်။

ထို့ပြင် ဗေဒင်ပညာ စုန်းပညာများကိုလည်း ယုံကြည်လက်ခံကြသည်။

ရှေးနှစ်ပေါင်းများစွာက ထိုအရပ်ဒေသတွင် အခြားအရပ်ဒေသမှလူများ အရောက်အပေါက်နည်းပြီး ခေါင်လှသည်။

ချင်းပြည်နယ်ဘက်ကဲ့သို့ အသွားအလာ ခက်ခဲလှသောကြောင့် အကြောင်းကြီးငယ် မရှိဘဲ မရောက်နိုင်ကြခြင်းလည်းဖြစ်သည်။

ထို့ကြောင့် ထိုအရပ်ဒေသများမှာ နတ်ယုံကြည်ကိုး





ကွယ်မှုနှင့် စုန်းကဝေ၊ ဝိဉာဉ်စသော ယုံကြည်မှု အစဉ်အလာများလည်း ရှိခဲ့ကြခြင်းဖြစ်သည်။

စုန်းအတတ်ပညာကို ငင်းတို့က 'ယာဖိ'ဟု ခေါ်ကြသည်။

နတ်ယုံကြည်မှုများသဖြင့် စုန်းကဝေပညာများဖြင့် လူကိုအနှောင့်အယှက် ပေးနိုင်သည်၊ ဒုက္ခပေးနိုင်သည်ဟုလည်း ရိုးရာစွဲများ ရှိခဲ့ကြခြင်းဖြစ်၏။

စုန်းကဝေ အတတ်ပညာ၊ မှော်ပညာများဖြင့် ဝိဉာဉ်ကိုနှောင့်ယှက်နိုင်သည်ဟု ယုံကြည်ကြသဖြင့် ထိုပညာကို လေ့လာလိုက်စားမှု ရှိခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှု မရှိသောကြောင့် မှော်ဆရာ၊ ဂိုဏ်းဆရာများအတွက် အခွင့်အလမ်း ရရှိခဲ့ကြသည်။ ထိုဒေသမှာပင် အထက်ဂိုဏ်း၊ အလယ်ဂိုဏ်း၊ အောက်ဂိုဏ်းဟူ၍ ဂိုဏ်းဆရာသုံးမျိုး ကွဲပြားပြီး ရှိကြသည်။

တစ်ရွာလုံး တစ်နယ်လုံးက ထိုဂိုဏ်းဆရာတို့ကို ယုံကြည်လေးစားမှု ရှိကြသည်။

ရောဂါပျောက်ကင်းအောင် ကုပေးနိုင်သည့်အပြင် အခြားအနှောင့်အယှက်များ အန္တရာယ်များကို ဖယ်ရှားပေးနိုင်သည့်အပြင် ဝိဉာဉ်နှင့် သက်ဆိုင်သောကိစ္စများကိုပါ ဆောင်ရွက်ပေးနိုင်ကြသည်။

အချိန်မှာ (၁၉၄၀)ပြည့်နှစ်ဝန်းကျင်ခန့်ရှိပြီး တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး မငြိမ်မသက်ဖြစ်နေသော အချိန်ကာလလည်း ဖြစ်သည်။

နေရာအနှံ့အပြားမှာ စစ်ဘေးစစ်ဒဏ်များကြောင့် ကျိုးလန့်စာ စားနေရသည့် အချိန်ကာလမျိုးလည်း ဖြစ်ပေသည်။

သို့သော် ဆီးဖြူတောင်ခြေတစ်ဝိုက် ပတ်ဝန်းကျင်မှာ နေကြသော ရွာကလေးများမှာတော့ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေကြသည့်အတိုင်း အေးချမ်းစွာပင် ရှိနေကြသည်။

၎င်းတို့နေသောနေရာမှာ အခြားဒေသများနှင့် အဆက်အသွယ် မရှိကြသဖြင့် ထိုအခြေအနေများကိုလည်း မသိကြ၊ စိတ်ဝင်စားခြင်းလည်း မရှိကြပေ။

ဆီးဖြူတောင်မှာ တောင်နှင့်မြောက် ရှည်လျားစွာ တည်ရှိသော တောင်မြင့်ကြီး ဖြစ်သည်။

မြန်မာပြည် အနောက်ဘက် နယ်နိမိတ်ကို တံတိုင်းကြီးသဖွယ် ကာရံထားခြင်းမျိုးလည်း ဖြစ်သည်။

ထိုတောင်တန်းကြီး၌ပင် ပါဝင်နေသော အခြားတောင်တန်းများလည်း ရှိသည်။

ထိုတောင်များနှင့် တောင်ရင်ပြင်ပေါ်တစ်ဝိုက်မှာ ရွာငယ်ကလေးများ ရှိသည်။

အိမ်ခြေအနည်းအများ စုဝေးနေထိုင်သည့် ရွာငယ်ကလေးများပင် ဖြစ်သည်။





ထိုရွာကလေးများထဲတွင် မဟာမြိုင်ရွာလည်း တစ်ရွာအပါအဝင် ဖြစ်လေသည်။

မဟာမြိုင်ရွာသည် ဆီးဖြူတောင်ခြေ၌ ရှိပြီး အိမ်ခြေငါးဆယ်ကျော်မျှ ရှိသော ရွာတစ်ရွာဖြစ်သည်။

အများအားဖြင့်တော့ ကတူးလူမျိုး၊ ကနန်းလူမျိုးတို့ အများစု နေထိုင်ကြသည်။

ကတူးကနန်းဒေသမှာ လမ်းပန်းဆက်သွယ်မှု ခက်ခဲပြီး အခြားဒေသမှ လာရောက်ရန် ခက်ခဲလှသောနေရာ ဖြစ်သော်လည်း ရှေးနှစ်ပေါင်းတစ်ထောင်ကျော် အချိန်ကာလကတည်းက မြို့စားနယ်စားများ မြို့ရွာတည်ခဲ့သည့် နေရာတစ်ခု ဖြစ်ခဲ့ပေသည်။

အခြားဒေသမှရန်သူများ မလာရောက်နိုင်သောကြောင့် မိုင်းသုံတောင်ခါးပန်းပေါ်မှာ မြို့ရွာတည်ထောင်ပြီး နေထိုင်ခဲ့ကြလေသည်။

ထိုမြို့ဟောင်းမှာ ရှမ်းဘာသာဖြင့် ဝိန်ဘာ(အဓိပ္ပါယ်မှာ ကျောက်မြို့ဖြစ်သည်။)ဟုခေါ်ပြီး ယခုထက်တိုင် ကျောက်သားများဖြင့် ပြုလုပ်ထားသော မြို့ရိုး၊ ပစ္စင်၊ ရင်တား စသည်တို့ကို တွေ့မြင်နိုင်သေးသည်။

ထိုနေရာဒေသမှာ ရေမြေသဘာဝ ကောင်းမွန်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြသည်။

ဆန်စပါးကို အဓိကထား စိုက်ပျိုးကြပြီး အခြားအသီး



www.burmeseclassic.com

www.burmeseclassic.com



အနှံများကိုလည်း စိုက်ပျိုးကြသည်။

မြေပဲ၊ စားတော်ပဲ၊ ဆေးရွက်၊ လက်ဖက်၊ ငှက်ပျော၊ ရှောက်၊ သံပရာ၊ လိမ္မော်၊ ပြောင်းဖူး၊ ကြက်သွန်၊ ကော်ဖီ၊ ကြံ၊ အစရှိသော အသီးအနှံများမှာ ထိုဒေသမှ အများဆုံးထွက်ကြလေသည်။

သို့ကြောင့် အစားအသောက် ပေါများသော အရပ်ဒေသ ဖြစ်လေသည်။

ကတူးကနန်းဒေသမှာ လိမ္မော်သီးကို ‘ကျကွဲသီး’ ဟုခေါ်ပြီး အလုံးကြီးသည်။

အချို့နှင့် အရသာမှာလည်း ရှမ်းပြည်နယ်ထွက် လိမ္မော်သီးများနှင့် မကွာလှပေ။

ထိုအထက်ပိုင်းဒေသများတွင် လူသူအရောက်အပေါက်နည်းသော်လည်း ရာသီဥတု သာယာမှုတခြင်း၊ အစားအသောက် ပေါများခြင်း၊ သီးနှံအထွက် ကောင်းမွန်ခြင်းတို့ကြောင့် တစ်ခါရောက်ဖူးပြီးပါက မပြန်လိုကြသဖြင့် အောက်ပါစကားများပင် တွင်ခဲ့ရသည်။

ချင်းတွင်းအထက်ပိုင်းဒေသ ရောက်လျှင် လူအများပြောစမှတ်ပြုသော စကားအချို့ ရှိကြလေသည်။

‘သေလိုမောက္ကတော်၊ ပျော်လိုမင်းကင်း၊ စားလိုတောင်တွင်း’ ဆိုသောစကားပင်ဖြစ်သည်။

အချို့စုန်းကဝေဝတ္ထု၊ သိုက်သမိုင်းဝတ္ထုအချို့တွင် . .





မောက္ကတော်ရွာအကြောင်း ထည့်သွင်းရေးသားခဲ့ကြသည်။

ထိုသို့ ရေးသားရာမှာ ‘စုန်းကဝေ ပညာရှင်များ ပေါများကျက်စားရာနေရာတစ်ခုအဖြစ် ထည့်သွင်းရေးသားကြခြင်း ဖြစ်သည်။

ထိုသို့ရေးသားရာမှ ‘သေချင်ရင် စိန်မစားနဲ့ မောက္ကတော်သွား’ ဆိုသောစကားလည်း ပေါ်ပေါက်လာရပေသည်။

သဘောတတော့ မောက္ကတော်ရွာမှာ စုန်းကဝေ ပညာရှင်များ ပေါများလှသဖြင့် သွားသူတိုင်း ၎င်းတို့လက်ချက်ကြောင့် သေကြရသည့် သဘောမျိုးဖြစ်သည်။

ထိုသို့ အမည်ဆိုး ပေါ်ပေါက်ရခြင်းမှာ မောက္ကတော်ဟူသောအမည်ကြောင့်လည်း ဖြစ်ပေသည်။

ဇော်ဂနီ၊ ဇော်ဂနက်၊ မောက္ကလုံး၊ မောက္ကပြား၊ မောက္ကတော် ဆိုသောအမည်များမှာ စုန်းကဝေ ပညာရှင်များ ပညာအဆင့် သတ်မှတ်ရာ၌ အသုံးပြုသည့်အမည်များ ဖြစ်ကြသည်။

မောက္ကတော် ဟူသောအမည်မှာ ကဝေပညာတွင် တစ်ဖက်ကမ်းခတ် တတ်မြောက်သော ပညာရှင်များ၊ (၁၂)ကြိုးကဝေများ အသုံးပြုသောအမည် ဖြစ်ပေရာ မောက္ကတော်ရွာ၌လည်း ထိုကဲ့သို့သော ပညာရှင်များ ရှိနေပေလိမ့်မည်ဟု အထင်ဖြင့် ရေးသားကြခြင်းလည်း ဖြစ်ပေသည်။

နောက်အကြောင်းအချက်တစ်ခုလည်း ရှိပေသည်။

အခြားတော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အမေရေယဉ်နတ် ကြီးစိုးသောနေရာနှင့် ဆက်စပ်မှု ရှိနေသောကြောင့်လည်း ဖြစ်သည်။

အမေရေယဉ်နတ်မှာ စုန်းကဝေပညာသည်များ . . ဖမ်းမိန်းတုန်အောင် ကြောက်ရွံ့ရသော နတ်တစ်ပါး ဖြစ်ပေသည်။

ဇန်ကျီနယ်သား အဘိုးအဘွားများ ပြောလေ့ရှိသော စကားအချို့ကို နားထောင်ကြည့်လျှင်ပင် ထိုအကြောင်းများ ဆက်စပ်မှု ရှိနေသည်ကို တွေ့ရမည် ဖြစ်သည်။

"စုန်း၊ ဖုတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ မှင်စာတွေ မိစ္ဆာတွေ ကတော့ အမေ့ရဲ့နာမည်အသံကြားတာနဲ့တင် ကြောက်ရွံ့ကြ တယ်၊ အမေ့အသက်ဘူးနဲ့ ထိထားတဲ့ ဝါဂွမ်းစကလေးကို အမြဲ ဆောင်သွားရင် ဘယ်လိုအန္တရာယ်မျိုးမှ အနှောင့်အယှက် မပေး နိုင်ဘူး၊

စုန်းကဝေ ပညာသည်တွေပေါ်တဲ့ ယောနယ်တစ်ခွင် ပြပြစင်အောင် သွားပေတော့၊ ရွာသူစုန်းမများ ပျော်ပိုက်တဲ့ ချင်းတွင်းမြစ်ဖျားက မောက္ကတော်ရွာကို သွားဦးမလား၊ မိစ္ဆာ တွေမှန်သမျှ အနားမသီနိုင်ရုံ မကဘူး၊ တို့ဆေး၊ ခပ်ဆေး၊ ကပ် ဆေး စတဲ့အစီအရင်နဲ့ ပြုလုပ်တာတွေ မှန်သမျှအားလုံး ကင်း ဝေးပပျောက်စေနိုင်တယ်၊ သွားချင်တဲ့နေရာကိုသာ သွားပေ တော့ . . ဘာမှ မဖြစ်စေရဘူးဟေ့ . . ."

ဟု ဇန်ကျီနယ်သူနယ်သား အဘိုးအဘွားများက ပြော စမှတ်ပြုခဲ့ကြသဖြင့် မောက္ကတော်ရွာမှာ စုန်းပညာသည်များ





နေထိုင်ကျက်စားရာ နေရာတစ်ခုအဖြစ် နာမည်ရှိလာခဲ့ခြင်း ဖြစ် ပေသည်။

ထို့နှင့် တစ်ဆက်တည်း အမေရေယဉ်နတ်ကိုလည်း စုန်းမကြီးဘဝမှဖြစ်သော နတ်ဟူ၍လည်း အထင်အမှတ် ရှိခဲ့ ကြသည်။

မောက္ကတော်ရွာအကြောင်းကို အခြားဝတ္ထုတစ်ပုဒ်တွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့ပြီး ဖြစ်သဖြင့် ထပ်မံမဖော်ပြတော့ ပေ။

သို့သော်လည်း ထိုအကြောင်းကို မဖတ်ဖြစ်သူများအ တွက် ဗဟုသုတရစေရန် အနည်းငယ်တော့ ရေးသားဖော်ပြပေး ပါဦးမည်။

မောက္ကတော်ရွာမှာ ချင်းတွင်းမြစ် အထက်ပိုင်း မုံရွာမြို့ နှင့် (၈၆)မိုင်ဝေးကွာပြီး မင်းကင်းမြို့နယ်အတွင်း၌ ပါဝင်လေ သည်။

ချင်းတွင်းမြစ်ကမ်းနံဘေးမှာ မေးတင်လျက်ရှိပြီး မဟာ မြိုင်တောကြီးနှင့်လည်း ဆက်စပ်လျက်ရှိသည်။ ရှေးအခါကပင် အရောင်းအဝယ် ပြုလုပ်ကြသည့် ကုန်သည်ပွဲစားများ အဝင် အထွက်ပြုရာ သဘောဆိုက်ကပ်သောရွာ ဖြစ်သောကြောင့် စည် ကားသည်။

မဟာမြိုင်တောအတွင်း၌ သစ်လုပ်ငန်းအပါအဝင် တောလုပ်ငန်း လုပ်ကိုင်နေသူတို့အတွက် ရိက္ခာလိုပါက သော



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဝယ်ယူနိုင်သည့်ရွာလည်း ဖြစ်သည်။

ကိုလိုနီခေတ်က မောက္ကတော်ရွာမှာ အလောင်းတင်သော ပန်းရထားတစ်ခု ရှိသည်။

ပန်းရထားဆိုသည့်အတိုင်း ပန်းနွယ်ပန်းခက်များဖြင့် တင့်တယ်လှပအောင် ပြုလုပ်ထားလေသည်။

ထိုပန်းရထားမှာ ရွာမှလူများ သေလျှင် အသုံးပြုသလို အခြားတစ်ရပ်တစ်ကျေးမှ လာရောက်အလုပ်လုပ်သူများ သေလျှင်လည်း ပန်းရထားနှင့်တင်ပြီး ကောင်းမွန်စွာ သဂြိုဟ်ပေးလေ့ရှိကြသည်။

အခြားဒေသမှ ဆွေမရှိ မျိုးမရှိဘဝဖြင့် သစ်တောများထဲမှာ အလုပ်လုပ်နေသူများ သေဆုံးလျှင် သဂြိုဟ်ပေးမည့်သူ မရှိပေ။

ထိုအခါ မောက္ကတော် ရွာသားများက ပန်းရထားဖြင့် တင်ပြီး ကောင်းမွန်စွာ သဂြိုဟ်ပေးလေ့ရှိကြသည်။

သို့ကြောင့် 'သေချင်ရင် စိန်မစားနဲ့ မောက္ကတော်သွား' ဟူသောစကား ပေါ်ပေါက်ခဲ့ရခြင်း ဖြစ်သည်။

'သေလိုမောက္ကတော်၊ ပျော်လိုမင်းကင်း၊ စားလို တောင်တွင်း' ဆိုသောစကားမှာ အကြောင်းမဲ့ ခေါ်၍ကောင်းအောင် ပြောကြခြင်း မဟုတ်ဘဲ . . သက်ဆိုင်ရာအကြောင်းများကြောင့် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပေသည်။

ယခုရေးသားသော ကတူးကနန်းဒေသမှာ မင်းကင်း





နယ်၏ အရှေ့မြောက်ဘက်၌ရှိပြီး ရေမြေချင်း တစ်ဆက်တစ်စပ်တည်း ရှိကြလေသည်။

ထို့ကြောင့် ရေမြေသဘာဝ ကောင်းမွန်ပြီး အစားအသောက် ပေါများသော နေရာဒေသတစ်ခုဖြစ်သည်။

ထိုအထဲတွင် ဆီးဖြူတောင်ခြေ၌ ရှိသော မဟာမြိုင်ရွာလည်း တစ်နေရာ ပါဝင်လေသည်။

မဟာမြိုင်ရွာသည် အိမ်ခြေပေါင်း(၅၀)ကျော်မျှသာရှိသည့် ရွာငယ်တစ်ခု ဖြစ်သည်။

ထိုရွာမှာ တောတောင်ထူထပ်သောနေရာမှာ ရှိသည်က တစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်က တစ်ကြောင်းကြောင့် ဖွံ့ဖြိုးမှုမရှိသော နေရာတစ်နေရာလည်း ဖြစ်သည်။

မျက်နှာဖြူများ သိမ်းပိုက်ထားသော နှစ်ပေါင်းတစ်ရာကျော်ကာလအတွင်း ထိုအရပ်ဒေသတစ်ခုလုံးကို ဥပေက္ခာပြုထားခဲ့သည်။

ထို့ကြောင့်လည်း ထိုရွာမှာ နေထိုင်ကြသူများမှာ အသိပညာဖွံ့ဖြိုးမှု မရှိတော့ဘဲ ရှေးဟောင်းအယူအဆများဖြင့်သာ လှည့်ပတ် ကျင်လည်ခဲ့ကြလေသည်။

စုန်းကဝေပညာ လိုက်စားသူများ၊ ဆေးဆရာ၊ နတ်ဆရာ၊ မှော်ဆရာတို့ ကြီးစိုးခြယ်လှယ်ခဲ့ကြလေသည်။

အချို့ကတော့ မဟာမြိုင် ရွာငယ်ကလေးမှာ နေကြသူ



www.burmeseclassic.com

www.burmeseclassic.com



များအားလုံးလိုလို စုန်းကဝေပညာ တတ်ကျွမ်းသည်ဟု ထင်မှတ်ကြလေသည်။

ထို့ပြင် မဟာမြိုင်မှာ တောင်ခြေရွာလေးတစ်ရွာ ဖြစ်သော်လည်း ထိုရွာမှာရှိသော မိန်းကလေးများမှာ ချောမောလှပကြသည်။ ခန္ဓာကိုယ် ဖွံ့ဖြိုးမှု ရှိကြသည်။

တောတောင်ရေမြေသဘာဝ ကောင်းသောနေရာ၌ မွေးဖွားကြီးပြင်းကြသူများ ဖြစ်သောကြောင့် အသားအရေ စိုပြေဝင်းပလျက် ရုပ်ဆင်းအင်္ဂါ ချောမောလှပကြခြင်း ဖြစ်ကြသည်။

အခြားဒေသမှ ကာလသားများမှာ မဟာမြိုင်ရွာသူတို့ကို မြင်လျှင် သဘောကျကြလေသည်။

သို့သော်လည်း တစ်ရွာလုံး စုန်းကဝေပညာ တတ်ကျွမ်းသည်ဟု သတင်းရှိနေသောကြောင့် မထိဝံ့မစဝံ့ကြပေ။

အချို့လည်း ဖြစ်လိုရာဖြစ်စေဟု သဘောထားပြီး ရအောင်ကြိုးစားကြသည်။

အချို့မှာ အဆင်ပြေသွားသော်လည်း အချို့ကြုံတွေ့ရသော အဖြစ်အပျက်များမှာ ကြောက်ရွံ့ထိတ်လန့်စရာများပင် ဖြစ်တော့သည်။





## အခန်း(၂)

# မာယာနွယ်တစ်မျှင်

တကယ်တော့ မဟာမြိုင်ရွာမှ မိန်းမပျိုလေးများကို အန္တရာယ်ပန်းပွင့်များနှင့် တင်စားပြောဆိုကြခြင်းမှာ အကြောင်းအရာအချို့ကြောင့်လည်း ဖြစ်ပေသည်။

၎င်းတို့၏အလှအပများက ဆွဲဆောင်မှု ရှိကြပေရာ မြင်သူတိုင်းက မက်မောတတ်ကြသည်။

၎င်းတို့သည် သဘာဝအတိုင်းပင် နေလှရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တောတောင်အရိပ်အောက်မှာ တော်ရုံနှင့် နေမထိသော အသားအရည်မှာ ဝါဝင်းစိုပြေလှသည်။

ဆေးမဆိုးသော နှုတ်ခမ်းသားနှင့် ပါးပြင်တို့မှာ သဘာဝအတိုင်း နီရဲလျက်ရှိသည်။

၎င်းတို့အနေနှင့် မြို့ကြီးပြကြီးတို့တွင် အသုံးပြုလေ့ရှိသော မိတ်ကပ်၊ နှုတ်ခမ်းဆိုးဆေး၊ ပါးပြင်ဆိုးဆေးများကို အသုံးပြုရန်ပင် မဆိုထားနှင့်၊ မမြင်ဖူးကြပေ။

သို့သော်လည်း သဘာဝအတိုင်း နီရဲနေသည့် သဘာဝအလှများက မည်သည့်အချိန်ပဲကြည့်ကြည့် ပျက်ပြယ်သည် မရှိကြဘဲ တာရှည်ခံသောအလှများ ဖြစ်ကြသည်။

စကားပြောလျှင် အသံဝဲဝဲကလေးများဖြင့် နားယောင်ရတာ တစ်မျိုးကောင်းသည်။

နေ့စဉ်နှင့်အမျှ ဆန်ဖွပ် မောင်းထောင် ပြုလုပ်ရသည့်အပြင် တောဝင်တောထွက် တောင်တက်တောင်ဆင်းများ ပြုလုပ်ကြရသည်။ ကိုယ်ခန္ဓာ ဖွံ့ဖြိုးကြံ့ခိုင်ပြီး လှပကြသည်။

မြို့မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေရသော မိန်းကလေးများကဲ့သို့ ပိန်ကပ်နေသူမျိုး မရှိပေ။

၎င်းတို့ ဝတ်ဆင်သော လုံချည်များမှာ လက်ရက်ကန်းစင်မှပင် ထွက်သော ဝါချည်ကွက်ထူ နှစ်နံစပ်များ ဖြစ်ကြသည်။ အင်္ကျီကိုလည်း လက်ရက်စင်မှာပင် ရက်လုပ်သော ချည်ထည်များကို ဝတ်ဆင်ကြသည်။





ကတူးကနန်းဒေသမှ မိန်းကလေးများကို အပျို၊ အအို၊ တစ်ခုလပ် စသည်တို့ ခွဲခြားသိလိုပါက ၎င်းတို့ခါးမှာ စည်းထားသော ခါးစည်းကြိုးများကို ကြည့်ရုံဖြင့် သိနိုင်သည်။

ရှေးအခါက အပျိုမိန်းကလေးတို့၏ခါးတွင် ခါးစည်းကြိုးနှစ်စ ချထားသည်။

ထိုကြိုးစထိပ်၌ လှပသောပန်းပွင့်များ တပ်ထားသည်။

တစ်ခုလပ်ဆိုပါက တစ်စသာ ချသည်။

လင်ယောက်ျားရှိသော မိန်းမများကတော့ ခါးစည်းကြိုးမထားကြချေ။

ရှေးအခါက ခါးစည်းကြိုး စည်းသောဓလေ့မှာ တောတောင်များတွင် အလုပ်ကြမ်းများ ယောကျ်ားများနှင့် ရင်ဘောင်တန်း လုပ်ကြသောအခါ လုံချည်ကို မကြာခဏ ပြင်မဝတ်ရစေရန် ခါးပတ်သဖွယ် ခါးစည်းကြိုး စည်းထားကြခြင်းလည်း ဖြစ်သည်။ ၎င်းတို့အနေဖြင့် အဝတ်အစားလည်း များများမရှိကြပေ။

ခါးဝတ်အပြင် အပိုတစ်စုံထားနိုင်လျှင်ပင် လူချမ်းသာစာရင်းဝင် ဖြစ်တော့သည်။

အချို့ဆိုလျှင် တစ်ထည်ရေစိုလျှင် တစ်ထည်လဲစရာမရှိသဖြင့် ထိုအဝတ်အထည်ကို ရေစိုပင် မခံဝံ့ကြပေ။

ထို့ကြောင့် အလုပ်လုပ်သောအခါ အပေါ်အင်္ကျီ မဝတ်နိုင်ကြဘဲ ထဘီကို ရင်လျားပြီး ခါးစည်းကြိုး ချည်ထားလိုက်သောအခါ အင်္ကျီရောလုံချည်ပါ ဝတ်ဆင်ပြီးသား ဖြစ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

အလုပ်ပြီး၍ ရေချိုးသောအခါ ခါးစည်းကြိုးကို ဖြုတ်ပြီး ဝတ်ထားသောအဝတ်ကို တဖြည်းဖြည်းမ,ကာ ရေထဲ ဆင်းသွားကြသည်။ လည်ပင်းအထိ ရောက်သောအခါ လုံချည်ကို ခေါင်းပေါ်မှာပတ်ထားပြီး ရေချိုးသည်။

ပြီး၍ ပြန်တက်လာသောအခါ အဝတ်ကို ပြန်ဖြေပြီး တက်လာရာ လူပြန်ပေါ်လာသည်နှင့် လုံချည်ပြန်ဝတ်ပြီးသား ဖြစ်တော့သည်။

အဝတ်မှာ ရေစိုလာပါက အိမ်ပြန်ရောက်ပြီး မီးဖိုနံဘေးမှာ ထိုင်ပါက ချက်ချင်းပြန်ခြောက်သွားတတ်ပေသည်။

အချို့လည်း အဝတ်ရေစိုမည်စိုးသဖြင့် ရေမချိုးတော့ပေ။ အဝတ်ဖယ်ပြီး အောက်ပိုင်းကို ရေဖြင့် သန့်စင်သည်။ ပြီးမှ အပေါ်ပိုင်းကို ရေဖြင့် သန့်စင်သည်လည်း ရှိသည်။

ထိုကဲ့သို့ သဘာဝအတိုင်း ရေချိုးကြရသောကြောင့် ရေချိုးဆိပ်များကို ယောကျ်ားများအတွက် ရေချိုးဆိပ်၊ မိန်းမများအတွက် ရေချိုးဆိပ်ဟု ခွဲခြားထားရသည်။

တစ်နေရာတွင် မိန်းမပျိုများ ရေချိုးနေလျှင် ရေချိုးဆိပ်ဆင်းသောလမ်းပေါ်မှာ သစ်ခက်စိမ်းချိုးပြီး ချထားလေ့ရှိကြသည်။ လမ်းပေါ်တွင် သစ်ခက်စိမ်းများ တွေ့ပါက ထိုရေချိုးဆိပ်သို့ ယောကျ်ားလေးများက မသွားကြပေ။

ချောင်းမြောင်းကြည့်ရှုခြင်းလည်း မပြုရပေ။





အကယ်၍ ထိုသို့ပြုမူခဲ့သဖြင့် သိသွားလျှင် မိန်းကလေးက မကျေနပ်ပါက သူကြီးအိမ်သွားပြီး တိုင်ခွင့်ရှိသည်။

ထိုသို့ အတိုင်ခံရပါက မိန်းကလေး ကျေနပ်သည်အထိ တောင်းပန်ရပြီး လျော်ကြေးလည်း ပေးရသည်။

ကျေးလက်မှာနေသော မိန်းကလေးများမှာ မိမိတို့ စားသောဆန်ရဖို့ ကိုယ်တိုင် မောင်းထောင်းကြရသည်။ လက်ဆုံအတွင်းသို့ စပါးထည့်ကာ ခြောက်တောင်ခန့် ရှည်သော သစ်သားကျည်ပွေ့ဖြင့် ချက်မှန်မှန် ထောင်းကြရသည်။

စပါးထောင်းသည့်အခါ ပါးစပ်မှ 'ဟစ်. . ဟစ်. . ' ဟု အော်ပေးရသည်။

အလှူအတန်းများရှိပါက ပွဲဆန်အတွက် လူပျိုအပျိုများ မောင်းထောင်းပြိုင်ကြသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်လျက် မောင်းထောင်းကြရသည်မှာ ပျော်စရာကောင်းလှသည်။

မောင်းချက်က မှန်မှန်ချလျက် ကျည်ပွေ့အဖျားဖြင့် ခတ်ကာ တစ်ယောက်နှင့်တစ်ယောက် ကျီစားကြလေသည်။

အပျိုကျည်ပွေ့အဖျားဖြင့် ခတ်ပေးလိုက်သဖြင့် လူပျို့ကျည်ပွေ့အဖျား ဟန်ချက်ပျက်သွားပြီး မောင်းချက်လွဲ၍ ဘေးသို့ ချော်ကျသွားပါက များစွာပျော်ရွှင်ကာ ရယ်မောကြသည်။

မောင်းထောင်းရာတွင် သီဆိုသော မောင်းထောင်းသီချင်းများကို ၎င်းတို့သဘာဝ အသံဝဲဝဲကလေးများဖြင့်သီဆို



www.burmeseclassic.com

www.burmeseclassic.com



ကြသည်မှာ များစွာနားထောင်ကောင်းလှသည်။ မိန်းမပျိုများမှာ ဆန်ဖွပ်မောင်းထောင်းရသော တာဝန်ကို နေ့စဉ်နှင့်အမျှ ပြုလုပ်ကြရသည်။

နံနက်သုံးနာရီ(ဒေသအခေါ် အဝေါ် မယ်တော်ပြန်ချိန်) ခန့်ကပင် အိပ်ရာမှထကာ မောင်းထောင်းကြရသည်။ နတ်တော်ပြာသိုကဲ့သို့ အေးလှသောအချိန်မျိုးမှာပင် စောင်မခြုံ အပေါ် အင်္ကျီ မဝတ်ဘဲ ထဘီရင်လျားကာ မောင်းထောင်းကြရသည်။

အရုဏ်မတက်မီ အလင်းရောင် ပိုးတဝါးသာ ရှိသေးပြီး တိတ်ဆိတ်နေသောအချိန်တွင် ၎င်းတို့ မောင်းထောင်းသံကို အဓေတာ်ဝေးဝေးမှပင် ကြားရသည်။

ထိုအသံကပင် ချစ်သူရှိသောအပျိုများအတွက် ချစ်သူကို အချက်ပေးသောအသံလည်း ဖြစ်သည်။

ဆံကေသာကို တစ်ပတ်လျှိုထုံးကာ နောက်သို့ ချထားသည်။ 'ဟစ်. . ဟစ်. .' ဟုအော်လျက် မောင်းတံကို မြှောက်လိုက်ချလိုက်နှင့် ဖွံ့ဖြိုးသော ခန္ဓာကိုယ်အလှများမှာ မြင်ရသူတို့ ရင်မောဖွယ်ရာ ဖြစ်တော့သည်။

နတ်တော်၊ ပြာသို စသော ဆောင်းရာသီတွင် နှင်းစက်များက တဖြောက်ဖြောက်နှင့် ကျနေသလို မောင်းထောင်းနေသော မိန်းမပျိုတို့ခန္ဓာကိုယ်မှ ချွေးပေါက်များကလည်း နှင်းစက်များနှင့်အပြိုင် တပေါက်ပေါက်နှင့် ကျနေလေတော့သည်။

၎င်းထောင်းသော မောင်းသံနှင့် ပါးစပ်မှ အော်နေ





သည့် 'ဟစ်. . ဟစ်. .' ဟူသော အော်သံများမှာ ချစ်သူကို အချက်ပေးသောအသံဖြစ်သဖြင့် လူပျိုများက ထိုအချိန်မျိုးကို စောင့်ပြီး ချစ်သူရှိရာ သွားလေ့ရှိကြလေသည်။

ထိုနေရာသို့ ရောက်သောအခါ နံဘေးမှထိုင်ပြီး စကားပြောလို့ရသည်။

မောင်းထောင်းနေခြင်းကို ဝိုင်းကူပေး၍ရသည်။

နားသောအချိန်မှာ မိန်းကလေးက သဘောတူလျှင် ကြိုက်သလို ချစ်ခွင့်ရနိုင်လေသည်။

သို့ကြောင့် ထိုအချိန်ကို 'အပျိုပန်းခြွေသောအချိန်' ဟုပင် တင်စားခေါ်ဝေါ်ကြလေသည်။

အချိန်မှာ (၁၉၄၀)ပြည့်နှစ် တပေါင်းလ ဖြစ်သောကြောင့် နေ့အချိန် ပူပြီး၊ ညအချိန် ချမ်းသောကာလဖြစ်သည်။

ဆောင်းရာသီဖြစ်သော ပြာသို တပို့တွဲလများမှာ ရွက်ဟောင်းခြွေချခဲ့သော သစ်ပင်တို့ ရွက်နုရွက်သစ်ဝေချိန်လည်း ဖြစ်သည်။

နံနက်ပိုင်းအချိန် ဖြစ်သောကြောင့် နှင်းမှုန်နှင်းဖွဲများက တဖွဲဖွဲကျဆင်းလျက် ရှိနေလေသည်။

အအေးဓါတ် များသောကြောင့် ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

တစ်ခါတစ်ရံ အဝေးမှ ပေါ်ထွက်လာသော မောင်းထောင်းသံများပင် ကြားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မဟာမြိုင်ရွာစွန်တစ်နေရာမှာ ရှိသော တဲတစ်လုံးဆီမှ မောင်းထောင်းသံမှန်မှန် ထွက်ပေါ်နေလေသည်။ အချိန်မှာ နံနက်ပိုင်း သုံးနာရီကျော်ကျော်အချိန်ခန့်ပင် ရှိသေးသည်။

မောင်းထောင်းနေသူမှာ 'မာယာ' ဆိုသော အမျိုးသမီးပင် ဖြစ်သည်။ မာယာသည် အသက်(၂၀)ကျော်အရွယ်ခန့်သာ ရှိသေးသည်။

သို့သော်လည်း ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးလှပပြီး မျက်နှာလည်း ချောသူဖြစ်သည်။

ကတူးကနန်း မျိုးနွယ်စုများထဲမှာတော့ တသွေးတမွေး လှပသူဖြစ်သည်။

မာယာတို့၏မိသားစုများမှာ သာမန်လက်လုပ်လက်စား မိသားစုများသာဖြစ်သည်။

ဖခင်က ဦးကြာအေးဖြစ်ပြီး မိခင်က ဒေါ်ရွှေသဲဖြစ်သည်။

၎င်းတို့မိသားစုတွင် မောင်ငယ်တစ်ယောက်အပြင် ဘွားအေဖြစ်သူ ဒေါ်မင်းဇာတို့ရှိကြရာ စုစုပေါင်း ငါးယောက်ဖြစ်သည်။

မောင်ငယ်က ဆယ်နှစ်ကျော်ခန့်သာ ရှိသေးပြီး ဒေါ်မင်းဇာကတော့ အသက်(၆၀)ကျော်အရွယ် ရှိပြီဖြစ်၏။

မာယာမှာ ချောမောလှပပြီး အသက်(၂၀)ကျော်အရွယ်





ရောက်သည့်တိုင် ချစ်သူမရှိသေးပေ။

သူမကို လိုချင်သူများကတော့ ရှိသည်။

တော်ရုံနှင့် အနားမကပ်ဝံ့သောကြောင့် ယခုအသက်အရွယ်အထိ ချစ်သူမရှိသေးခြင်းဖြစ်သည်။

တစ်ရွာလုံး နေကြသူများထဲတွင် ပြုစားတတ်သည့် စုန်းကဝေပညာ တတ်ကျွမ်းသူများ ရှိသည်။

ထိုအထဲတွင် မာယာတို့မိသားစုလည်း ပါဝင်လေသည်။

ရှေးအခါက လူသူအရောက်အပေါက် နည်းသော ရွာငယ်ကလေးများ၌ နေထိုင်ကြသူများမှာ ယောက်ျားများမှာ ဆေးပညာ၊ မှော်ပညာ လိုက်စားသူရှိပြီး အချို့လည်း နတ်ဆရာ လုပ်လေ့ရှိကြသည်။

မိန်းမများက စုန်းပညာ ကဝေပညာကို သင်ကြားကြသည်။ များများမတတ်သည့်တိုင် မတောက်တစ်ခေါက် တတ်ကြသည်ကိုပင် ဂုဏ်ရှိသည်ဟု ထင်တတ်ကြသည်။

၎င်းတို့အနေဖြင့် ထိုပညာကို သင်ယူကြခြင်းမှာ အခြားသူများကို ဒုက္ခပေးရန် ရည်ရွယ်ချက်ဖြင့် သင်ယူကြခြင်း မဟုတ်ပေ။

မိမိနှင့် မိမိတို့မိသားစုကို ကာကွယ်ရန်အတွက်သာ သင်ယူကြခြင်း ဖြစ်သည်။

ဝေးလံသီခေါင်လှသော တောတောင်များအတွင်း၌ နေထိုင်ကြသူများမှာ မြို့မှာ နေသူများကဲ့သို့ အခြားသူများကို အား



www.burmeseclassic.com

www.burmeseclassic.com



ကိုး၍မရပေ။

အရေးကြုံလာလျှင် မိမိကိုယ်ကို မိမိဘာသာ ကာကွယ်ကြရသည်။

သို့ကြောင့် ထိုအရပ်ဒေသများ၌ နေကြသော အမျိုးသမီးတိုင်း ပြုစားတတ်သော စုန်းကဝေပညာကို နည်းသည်ဖြစ်စေ များသည်ဖြစ်စေ တတ်မြောက်အောင် သင်ကြားထားရပေသည်။

ယခင်အချိန်များ၌ ယောနယ်၊ ဆောနယ်တစ်ကြောမှာ ရှိကြသည့် အမျိုးသမီးအတော်များများ . . ထိုပညာကို တတ်မြောက်ကြသည်။

၎င်းတို့အနေဖြင့် ထိုပညာကိုသင်ရသော ရည်ရွယ်ချက်မှာ မွေးရာပါ ရပ်ခလေ့ရွာခလေ့ တစ်ခုကဲ့သို့ပင် ဖြစ်တော့သည်။ အမျိုးသမီးချင်း ယှဉ်လာလျှင် ထိုပညာမတတ်လျှင် လူအထင်အမြင်သေးခံရသည်။

သူတစ်ပါး နှိပ်စက်သမျှ ခံကြရသည်။

ထိုပညာမျိုး တတ်ထားလျှင်တော့ အခြားသူများက မထိဝံ့၊ မစဝံ့၊ မနှိပ်စက်ဝံ့ကြတော့ပေ။

ယောနယ်၊ ဆောနယ်အကြောင်းကို ပြောလျှင် အမေရေယဉ်အကြောင်းကိုလည်း ပြောရပေဦးမည်။

အမေရေယဉ်ဟု ဗန့်ကျီနယ်တစ်ကြောမှာ ထင်ရှားသောနတ်မှာ ထိုပညာကို သင်ယူရခြင်း မရှိပါဘဲ မွေးကတည်း





ကပင် ဝမ်းတွင်းပါ ပညာမျိုးဖြစ်သည်။

အမေရေယဉ်၏ ငယ်နာမည်မှာ စောနန်းမူဖြစ်ပြီး ရှမ်းအမျိုးသမီးဖြစ်သည်။

သူမ၏မွေးရာဒေသမှာ ချင်းတွင်းမြစ်အထက်ပိုင်း ရှမ်းတိုင်းရင်းသားများ စုပေါင်းနေကြသည့် 'တင်းမထိုး၊ မဲအိုး' ဟုခေါ်သော ရှမ်းရွာကြီး ဖြစ်သည်။

စောနန်းမူ အရွယ်ရောက်လာသောအခါ ချောမောလှပသော ဂုဏ်သတင်းကြောင့် ပုဂံပြည့်ရှင်ဘုရင်က တော်ကောက်သော မိဖုရားမြောက်ခဲ့လေသည်။

သို့သော်လည်း အခြားနန်းတွင်းသူများက ကုန်းချောသည်ကို ဘုရင်က ယုံကြည်သဖြင့် အိမ်နိမ့်စံဘဝသို့ ချကာ ဆီဆော်ဆက်ဘဝဖြင့် ထားလေသည်။

မိဖုရားဘဝမှ ဆီတော်ဆက်ဘဝ ရောက်သောအခါ အခြားနန်းတွင်းသူများက လှောင်ပြောင်ကြသည်။

ဆီအိုးရွက်လာသည်ကို မြင်ပါလျှက်နှင့် . . .

"ဟဲ့ . . ဆီတော်ဆက်မ၊ နင့်ခေါင်းပေါ်မှာ ရွက်လာတဲ့ အိုးထဲမှာ ဘာတွေပါသလဲ"

ဟု လှောင်ပြောင်ကာ မေးကြလေသည်။

ထိုအခါ မိဖုရားကျ စောနန်းမူက ဒေါသထွက်ကာ . . .

"နင်တို့ကို ကိုက်သတ်မယ့်မြွေတွေ . . ငါ အိုးနဲ့ ထည့်ယူလာတယ်ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် အိုးကို ဖွင့်ပြရာ တကယ်ပင် မြွေများ ထွက်လာပြီး လိုက်ကိုက်ကြသဖြင့် နန်းတွင်းသူများ ကြောက်လန့် တကြား ထွက်ပြေးကြရလေသည်။

အမှန်တော့ စောနန်းမူကိုယ်တိုင် သူမသည် ထိုပညာ တတ်နေသည်ကို မသိသဖြင့် များစွာအံ့ဩနေမိလေသည်။

ဆီအိုးအတွင်းမှ ထွက်လာသောမြွေများက လှောင် ပြောင်ကြသူများနောက်သို့လိုက်ကာ ကိုက်လေရာ အချို့သေဆုံး ကြတော့သည်။

ထိုအခြေအနေကို မြင်သောအခါ နောက်ထပ် ထင်း ချောင်း တုတ်ချောင်းများကို ယူပြီး . . .

"ဟောဒီမှာ နင်တို့ကို ကိုက်သတ်မယ့်မြွေတွေ လာပြန် ပြီ"

ဟု ပြောပြီး ပစ်ပေါက်လိုက်သည်နှင့် ထင်းချောင်းများ က မြွေအသွင်ပြောင်းကာ လိုက်ကိုက်ကြပြန်ရာ မြွေကိုက်ခံရသ ဖြင့် နန်းတွင်းသူများ သေဆုံးကြရပြန်သည်။

ထိုအခါမှ စောနန်းမူမှာ သူမတွင် မသင်ရဘဲ အလိုလို ပါသော ဝမ်းတွင်းပါပညာ ရှိနေမှန်း ရိပ်မိသွားလေတော့သည်။

ထိုသို့ ရိပ်မိသည်နှင့် သူမဘဝကို ဖျက်ဆီးခဲ့သော ဘုရင် နှင့် နန်းတွင်းသူများအား ကလဲ့စားချေရန် ဆုံးဖြတ်လိုက်လေ တော့သည်။

"ငါ့ဘဝကို ဖျက်ဆီးခဲ့ရုံ မကဘူး၊ ဆီတော်သည်မဘဝ





ရောက်အောင်ပြုခဲ့တဲ့ ပုဂံဘုရင်နဲ့ သူ့ရဲ့နေပြည်တော်တစ်ခုလုံး ကို ငါ့ရဲ့မွေးရာပါ ဝမ်းတွင်းပညာနဲ့ မှုန့်မှုန့်ညက်ညက် ကြေ အောင် ပြုလုပ်ပေတော့မယ်"

ထိုကဲ့သို့ ကြိမ်းမောင်းသည်ကို သိကြားမင်းက သိလေ သည်။ အပြစ်ရှိသူအချို့ကြောင့် အပြစ်မရှိသူများ သေကျေပျက် စီးရခြင်း မဖြစ်စေရန် စောနန်းမူ ရှိရာသို့ ရောက်လာသည်။

"ရန်ကိုရန်ချင်း တုံ့ပြန်ခြင်းသည် အကုသိုလ်အမှုကို ဖြစ် စေသည်၊ အကုသိုလ်အမှုကြောင့် ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရ ကာယ်ဘုံများသို့ သွားရပေမည်၊

သို့ကြောင့် အကုသိုလ်များစေမည့် အကြံအစည်ကို စွန့် လွှတ်ပြီး သင်၏ဝမ်းတွင်းပါပညာအား ငါ့ကို လှူပါလော့"

ဟု ပြောသည်။

စောနန်းမူက ၎င်း၏ဝမ်းတွင်းပါပညာအား လှူရမည်ကို ဝန်လေးနေဟန် ရှိလေသည်။

"ထိုပညာကို လှူရသည့်အတွက် သင့်အတွက် အကျိုးရှိ စေမည့်ပညာကို ငါပေးမည်၊

မြေကြီးကို ဖနောင့်ဖြင့် ပေါက်လျှင် ရေရရှိစေပြီး သင့် လက်ဖြင့် ထိသမျှ သစ်ပင်သစ်ရွက်မှန်သမျှ ဆေးပင်ဆေးရွက် များ ဖြစ်စေနိုင်သည့် တန်ခိုးစွမ်းအားကို ငါ ပေးပါမည်၊

သင်တတ်သော ပညာသည် အကုသိုလ်မှုကို ဖြစ်စေ သည်၊ ငါပေးသောပညာသည် လူတို့အတွက် အကျိုးဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



လျက် ကုသိုလ်ကောင်းမှုကို ရရှိစေပါမည်”

ဟု မိန့်ကြားသဖြင့် ဝမ်းတွင်းပါ ပညာအား သိကြားမင်းအား လှူပေးလိုက်လေတော့သည်။

မာယာတို့ မိသားစုများမှာ ထိုပညာကို အတန်အသင့် တတ်မြောက်ကြသည်။

သူမတို့ မိသားစုမှာ ဘွားအေဖြစ်သူ ဒေါ်မင်းဇာထံမှ သင်ယူတတ်မြောက်ကြခြင်း ဖြစ်သည်။

ထိုပညာကို တတ်သော်လည်း မည်သူ့ကိုမှတော့ အကြောင်းမဲ့ ဒုက္ခမပေးတတ်ကြပေ။

၎င်းတို့မိသားစုများကို အန္တရာယ်ပြုလာမှသာ ထိုပညာကို အသုံးပြုပြီး ကာကွယ်လေ့ရှိကြသည်။

ယခုလည်း နံနက်ပိုင်းအချိန်တွင် မာယာတစ်ယောက်တည်း ထပြီး မောင်းထောင်းနေလေသည်။

မောင်းဆုံအတွင်းသို့ မောင်းချက်ကျသံနှင့် ပါးစပ်မှ အော်ပေးနေသည့် ‘ဟစ်. . ဟစ်. . ’ ဆိုသောအသံတို့ကိုတော့ အတော်ဝေးဝေးမှ ကြားနိုင်လေသည်။

သူမသည် ဖျင်ကြမ်းအင်္ကျီ၊ လုံချည်တို့ကို ခပ်တိုတို ဝတ်ဆင်ထားသောကြောင့် ဖွံ့ဖြိုးသောအလှများက အထင်းသား ပေါ်လွင်လျက်ရှိသည်။

အေးမြသောအချိန်ဖြစ်သော်လည်း တစ်ကိုယ်လုံး ချွေးများ စို့နေလေပြီ။





“ဟစ်. . ဟစ်. . ဟစ်”

“ဒုန်း. . ဒုန်း. . ဒုန်း”

အော်သံနှင့် မောင်းချက်ကျသံတို့က စည်းချက်ဝါးချက်ညီစွာ ပေါ်ထွက်နေသည်။

ထိုအခိုက်မှာပင် သူမ မောင်းထောင်းနေရာသို့ လူတစ်ယောက် ရောက်လာသည်။

မဟာမြိုင်ရွာနှင့် မဝေးလှသော တောင်ညိုရွာမှ ဘိုးစင်ဆိုသူဖြစ်သည်။

ဘိုးစင်မှာ အသက်(၂၅)နှစ်အရွယ်ခန့် ရှိသော ကာလသားတစ်ဦးဖြစ်ကာ မာယာကို အသေအလဲ ပိုးပန်းနေသူ ဖြစ်သည်။

သူရောက်လာတော့ မာယာက မောင်းထောင်းခြင်းကို ရပ်ပစ်လိုက်သည်။

“နင် ဘာလာလုပ်တာလဲ ဘိုးစင်”

“နင်နဲ့ စကားပြောချင်လို့ လာတာပါ”

“ငါ ပြောထားပြီးသားပဲ၊ နင့်မေတ္တာကို လက်မခံနိုင်ဘူး၊ နင့်ကို ဘယ်နည်းနဲ့မှ မချစ်နိုင်ဘူး”

“ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ ငါတို့မှာ လယ်မြေတွေ ရှိတယ်၊ နင့်ကို ဒီထက်ပိုပြီး ချမ်းသာအောင် ထားနိုင်ပါတယ်”

“လူချမ်းသာဖို့ မလိုဘူး၊ စိတ်ချမ်းသာဖို့ပဲ အရေးကြီးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချမ်းသာအောင်လည်း ထားပါ့မယ်၊ ငါပြောတာကို လက်ခံရင် မင်္ဂလာငယ်လည်း ဆောင်မယ်၊ မင်္ဂလာကြီးလည်း ဆောင်မယ်"

ကတူးကနန်းဒေသမှာ မတတ်နိုင်သူများက မင်္ဂလာငယ် ဆောင်ပြီး တတ်နိုင်သူများက မင်္ဂလာကြီး ဆောင်ကြသည်။ မင်္ဂလာငယ်မှာ သတို့သမီးဘက်မှ ခန့်ခွဲသော ကွမ်းဖိုးနှင့် မိရာဖရာများ ပေးဆောင်ရရုံသာ ရှိသည်။

မင်္ဂလာကြီးကတော့ ပရိသတ်များကိုပါ ဖိတ်ပြီး ကျွေးမွေးဧည့်ခံကာ မင်္ဂလာဆောင်ခြင်းမျိုး ဖြစ်သည်။

"နေစမ်းပါဦး. . နင့်အချစ်ကို ဘယ်သူက လက်ခံမယ် ပြောသေးလို့ နင် မင်္ဂလာဆောင်တဲ့အထိ စဉ်းစားနေရတာလဲ"

"နင့်ကို တကယ်ချစ်လို့ ပြောတာပါ"

မာယာက ဘိုးစင်မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

"နင်နဲ့ ဒီမှာစကားပြောနေတာကို ငါ့အိမ်သားတွေ မြင်သွားရင် မကောင်းဘူး၊ ဒီတော့ ဟိုဘက်တောစပ်နားမှာ သွားပြောမယ်"

ဟု ပြောကာ မာယာက ရှေ့မှ ထွက်သွားသည်။

ဘိုးစင်က တစ်မျိုးသဘောပေါက်လိုက်သောကြောင့် နောက်မှ ဝမ်းသာအားရ လိုက်သွားလေသည်။

တောစပ်ရောက်သောအခါ သူ့ဘက်သို့ ကျောပေးထိုင်နေသော မာယာကို တွေ့ရသည်။





ဘိုးစင်က ဝမ်းသာအားရဖြင့် အနီးသို့ သွားကာ ထိုင်ချလိုက်လေသည်။

ထိုအခါမှ မာယာ၏ဒူးပေါ်မှာ တင်ထားသောအရာကို တွေ့မြင်သွားသည်။ ဆံပင်ရှည်များပင် ဖြစ်သည်။

ဒူးထောင်ထားသောအပေါ်မှာ ဆံပင်ရှည်များ ရောက်နေသောကြောင့် အံ့ဩသွားသည်။

"နင် ဘာလုပ်နေတာလဲ"

"သန်းတုတ်နေတာ မမြင်ဘူးလား"

"မှောင်ကြီးထဲမှာ ဘယ်သူ့ခေါင်းကို သန်းရှာပေးနေတာလဲ"

"ကိုယ့်ခေါင်းကိုယ် ရှာတာပေါ့"

"ဟင်. . ."

ဒီတော့မှ ဘိုးစင်မှာ မာယာဦးခေါင်းကို ကြည့်လိုက်သည်။ သူမ၏ဦးခေါင်းမှာ ဆံပင်ပေါက်သော အရေပြားတစ်ခုလုံး မရှိတော့ပေ။

ဦးခေါင်းတစ်ခုလုံး နီရဲလျက်ရှိနေပြီး လင်းတထိပ်နီကြီး ဦးခေါင်းမျိုး ဖြစ်နေတော့သည်။

ဦးခေါင်းပေါ်မှ ဆံပင်များက ဒူးခေါင်းပေါ် ရောက်နေလေတော့သည်။

မာယာမှာ ချောမောလှပသည် မှန်သော်လည်း ယခုကဲ့သို့ ဦးခေါင်းအရေပြားကို ချွတ်ထားသောအခါ အလှအပများ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီး ကြောက်စရာ ပုံပန်းသဏ္ဌာန်မျိုး ဖြစ်နေလေတော့သည်။

"နင်. . နင်. . စုန်း. . စုန်းမပဲ"

ဘိုးစင်က ကြောက်ကြောက်လန့်လန့်ဖြင့် ရေရွတ်ကာ နေရာမှ ပြန်ထပြီး တောထဲသို့ ဝင်ပြေးသွားလေတော့သည်။

ထိုအခါ မာယာဦးခေါင်းပေါ်မှာ ဆံပင်ရှည်များက မူလအခြေအနေအတိုင်း ပြန်ရှိနေသည်။

သူမ ဒူးခေါင်းပေါ်မှာ စွပ်ထားသည်မှာ အခြားမဟုတ်ဘဲ စာဘူးတောင်း အဟောင်းတစ်လုံးပင် ဖြစ်သည်။

"နင်တို့ယောကျ်ားတွေက မိန်းမတွေကို ချစ်တယ်ဆိုတာ အရေပြားတစ်ထောက်စာပဲ ရှိတယ်ဆိုတာ ငါသိပါတယ်။ ခေါင်းပေါ်က အရေပြား လှန်ထားရုံနဲ့ ဒီလောက်ကြောက်နေရင် တစ်ကိုယ်လုံးမှာ ဖုံးထားတဲ့ အရေပြားတွေသာ ချွတ်ထားရင် နေရာမှာတင် သေသွားနိုင်တယ်"

ဟု ရေရွတ်ပြီး နေရာမှထကာ တဲဘက်သို့ ပြန်သွားလေတော့သည်။

အရှက်ဦး အလင်းရောင်များက တဖြည်းဖြည်း များလာလေပြီ။





## အခန်း(၃)

# ကညင်ပင်ပေါ်မှ အသံရှင်

ဆယ့်နှစ်လရာသီတွင် အလှပဆုံးမှာ တပေါင်းလဖြစ်သည်။ သို့ကြောင့် ရှေးစာဆိုများက 'တပေါင်းသာခေါင် လမျှားနောင်' ဟူသောစာဖြင့် ဖွဲ့ဆိုခဲ့ကြသည်။

နေ့အချိန် ပူပြီး ညအချိန် အေးသည်။

ဆောင်းရာသီတွင် ရွက်ဟောင်းခြွေချခဲ့သော သစ်ပင်များအားလုံး ရွက်သစ်ဝေသောအချိန်လည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပညာ ကျွမ်းကျင်သူများက ရာသီဥတု အခြေအနေ၊ သစ်ပင်များ အခြေအနေကို အကဲခတ်ကြည့်ပြီး ဆေးနှင့် ဓါတ်စာများ ပေးကြသည်။

သာမန်လူတို့က ဆောင်းရာသီကို အေးသည်ဟု ယူဆကြသည်။ တကယ်တော့ ဆောင်းရာသီမှာ အပြင်အေးပြီး အတွင်းပူသောရာသီဖြစ်သည်။

မြေပြင်ပေါ်မှာ အေးနေစေကာမူ မြေအတွင်း၌ ပူနေလေသည်။

ထိုအချိန်တွင် သစ်ပင်အမြစ်ကို မြေတွင်းမှ အပူငွေ့ဟပ်သောကြောင့် သစ်ရွက်များ ကြွေကျသည်။

ဆောင်းရာသီတွင် ကိုယ်တွင်းအပူငွေ့ကြောင့် လူတို့နှုတ်ခမ်းခြောက်ခြင်း၊ ကွဲခြင်း ဖြစ်သည်။

နွေရာသီရောက်တော့ အပြင်မှာ ပူသော်လည်း မြေတွင်း၌ အေးသွားသည်။

သစ်ပင်အမြစ်များ အအေးဓါတ် ပြန်ရသဖြင့် ရွက်နုများ ပြန်ထွက်လာသည်။

အဖူးအပွင့်များ ဝေစီလာသည်။

လူတို့ ဝမ်းအေးသွားသောကြောင့် စိုစိုပြည်ပြည် ပြန်ဖြစ်လာသည်။ အချို့က နွေရာသီကို ပူသည်ထင်သဖြင့် ရေခဲရေကို မကြာခဏ သောက်သည်။

ရေခဲရေသည် အပူဓါတ်ဖြစ်သည်။ ဝမ်းထဲမှာ ရှိနေသော အအေးဓါတ်နှင့် ရေခဲရေ အပူဓါတ်တို့ တွေ့သောအခါ ဝမ်းပျက်လေတော့သည်။

အအေးဓါတ်ဖြင့် အပူကို ငြိမ်းသည်ဖြစ်စေ. . အပူဓါတ်ဖြင့် အအေးကို ငြိမ်းသည်ဖြစ်စေ. . နိုင်အောင်ငြိမ်းရသည်။

ထမင်းချက်သည့်အခါ မီးနိုင်မှ ထမင်းကျက်သလို မီးမနိုင်ပါက ထမင်းပျက်တတ်သကဲ့သို့ အပူနှင့်အအေး တွေ့ရာမှာသည်း မနိုင်မနင်းဖြစ်ပါက ဓာတ်ပျက်(ဝမ်းပျက်)ခြင်း ဖြစ်တတ်လေသည်။

နွေရာသီ ရောက်လာလျှင် ရိုးတံပြိုင်းပြိုင်းဖြစ်နေသော တောတောင်တစ်ခုလုံး စိမ်းစိမ်းစိုစိုနှင့် သာယာလှပလာသည်။

ပန်းပေါင်စုံတို့ ဖူးပွင့်ဝေဆာလာသည်။

ထိုရာသီမျိုးကို ပျားဖွပ်သမားများက များစွာသဘောကျကြလေသည်။

၎င်းတို့အတွက် စပါးကျီ ပွင့်သောအချိန်မျိုးဟုလည်း သတ်မှတ်ကြလေသည်။

ကတူးကနန်းဒေသတွင် လယ်ယာစိုက်ပျိုးခြင်းအလုပ်အပြင် အမဲလိုက်ခြင်းနှင့် ပျားဖွပ်ခြင်းအလုပ်တို့ကိုလည်း စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြလေသည်။

နွေရာသီရောက်လာလျှင် မိုင်းသုံတောင်နှင့် မှန်ကင်းတောင်ခြေများတွင် ပျားအလွန်ကျသည်။

ပျားကို နွေပျားနှင့် မိုးပျားဟူ၍ နှစ်မျိုးခွဲထားသည်။





☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



နွေ၌ အုံပြုသောပျားကို နွေပျား၊ မိုး၌ အုံပြုသော ပျားကို မိုးပျားဟု ခေါ်သည်။

အမဲလိုက်သကဲ့သို့ အဖွဲ့ငယ်များဖွဲ့၍ ပျားဖွပ်ရန်၊ စဥ့်အိုး၊ သံပုံး၊ စားအိုးစားခွက်တို့နှင့် တောနက်ထဲသို့ သွားရောက်ကြရသည်။

ပျားဖွပ်သော လရာသီမှာ နွေဦးပေါက် ဧပြီလ ဖြစ်သည်။

ပျားကျတတ်သော ချောက်၊ လျှိုမြောင်ကြားနှင့် တောင်ကမ်းပါးယံများတွင် ပျားဖွပ်သူတို့ တဲထိုးစခန်းချကြသည်။

နေ့လည်တွင် ပျားအုံများကိုရှာဖွေ၍ ညတွင် ပျားအုံများကို ဖွပ်ကြရသည်။

ပျားအုံကြီးများမှာ အင်၊ ကညင်ပင်ကြီးများ၌ အမြင့်ပေ(၆၀)၊ (၈၀)ပေခန့်တွင် စွဲနေတတ်ကြသည်။

ပျားကြီးအုံတစ်အုံ၏အရွယ်မှာ အလျားလေးပေ၊ အနံသုံးပေခန့်ထိ ရှိသည်။

အချို့ ပျားစည်ပင်များတွင် ပျားအုံပေါင်းများစွာ စွဲနေတတ်သည်။

အများအားဖြင့် ပျားစည်ပင်မှာ ညောင်ပင်ကြီးများ ဖြစ်တတ်၏။

ပျားဖွပ်ရာတွင်. . .

-သစ်ပင်တက် ကျွမ်းကျင်ရခြင်း၊





-စွန့်စားလိုစိတ်ရှိခြင်း၊

-ပျားအကြောင်း နားလည်ရခြင်း စသော အရည်အချင်းများ ရှိရသည်။

ထိုအရည်အချင်းမျိုး ရှိသူကို "အပေါ်လူ" ဟု ခေါ်သည်။

ပျားဖွပ်သင်ခါစ လူကို "အောက်လူ" ဟု ခေါ်သည်။

"အပေါ်လူ" မှာ ပျားဖွပ်ရန် သစ်ပင်တက်ရသူဖြစ်ပြီး အောက်လူမှာ မြေပြင်မှနေပြီးလျှင် အပေါ်လူခိုင်းသမျှ လုပ်ပေးရသူဖြစ်သည်။

အောက်လူမှာ အပေါ်လူ၏တပည့်ပင်ဖြစ်သည်။

ညကာလတွင် ဆိတ်နံကြီးရွက်၊ မုန်လာရွက်များကို စည်းထားသော မှိုင်းထုပ်များ၊ ဖက်ခင်းထားသော ခြင်းကြားများ၊ ပျားချရန် ကြိုးနှင့်ဓားများကို ယူဆောင်၍ ပျားအုံရှိရာ သစ်ပင်အောက်သို့ သွားရသည်။

ပျားစွဲသော သစ်ပင်ကြီးအောက် ရောက်သောအခါ မြေပြင်၌ မီးဖိုရသည်။ ပျားတက်သူသည် ခါးတွင် ကြိုးကို ချည်နှောင်၍ ဓားကို ပါးစပ်ဖြင့် ကိုက်ကာ သစ်ပင်ကို တက်ရသည်။

တက်ရန်ခက်သော ကညင်ပင် ခါးရှည်များတွင် စို့များနှိုက်၍ တက်သွားရသည်။

ပျားအုံအနီး ရောက်သောအခါ နေရာယူပြီးနောက် ကြိုးစဖြင့် အောက်လူကို အချက်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်လူက မီးညှိထားသော မှိုင်းထုပ်ကို ချိတ်ဖြင့် တပ်၍ ကြိုးစမှာ ချည်ပေးလိုက်သည်။

အပေါ်က ကြိုးစကို ဆွဲယူလိုက်သည်။

မှိုင်းထုပ်ကို ပျားအုံအနီး၌ ချိတ်ဆွဲပေးလိုက်သည်။

ပျားများသည် ဆိတ်နံ့မှိုင်းနံ့ ရသောအခါ မူးလာ၍ တစ်ကောင်ပေါ်တစ်ကောင် ထပ်ကာ လုံးထွေးလာကြသည်။

ပျားများ မူးလောက်သည့်အချိန်တွင် ပျားတက်သူသည် ဓားဖြင့် ပျားများကို ခြစ်ခွာချလိုက်သည်။ ပျားကောင်များမှာ မြေပြင်သို့ ကျသွားကုန်သည်။

သို့သော် မူးနေသဖြင့် ပျားတက်သူများကို မကိုက်နိုင်ချေ။ သေလည်း မသေကြပေ။

ပျားများ အမူးပြေသောအခါ မြေပြင်မှ မီးဖိုတွင် ပျံဝဲလျက် ရန်သူကို ရှာနေကြသည်။

မိမိအုံရှိရာသို့ မှောင်ထဲတွင် ပျံတက်သွားနိုင်ကြခြင်း မရှိပေ။

ထို့ကြောင့် ပျားတက်သူတို့သည် ညအချိန်ကို ပျားဖွပ်ရန် ရွေးချယ်ကြခြင်းဖြစ်သည်။

အောက်လူသည် ပျားအုံထည့်ရန် ပျားခြင်းကြားကို ကြိုးစမှ ချိတ်တွင်တစ်ဖန် ပြန်လည်တပ်ပေးရပြန်သည်။

အပေါ်လူက ကြိုးဖြင့် ဆွဲယူပြီးလျှင် ပျားခြင်းကြားကို ပျားအုံဘေးတွင် ချိတ်၍ ပျားအုံကို ဓားဖြင့် လှီးဖြတ်ထည့်ကာ





ကြိုးဖြင့် ပြန်လည်ချပေးလိုက်သည်။

အောက်လူက ပျားခြင်းကြားကို ဖြုတ်ယူပြီးနောက် ကြိုးစဖြင့် ခြင်းကြားရရှိပြီးဖြစ်ကြောင်း ပြန်လည်အချက်ပေးလိုက်ရသည်။

ထိုအခါမှ ပျားတက်သူမှာ သစ်ပင်ထက်မှ ပြန်ဆင်းလာတော့သည်။

အပေါ်လူ မြေပြင်မရောက်မချင်း အောက်မှလူက ပျားရည်ကို မလျက်ရပေ။

ပျားရည်ကို လျက်လျှင် အပေါ်လူကို ပျားတုပ်တတ်သည်ဟု အယူရှိသည်။

အပေါ်လူက ပျားရည်လျက်လျှင်လည်း အောက်လူကို ပျားများ လာ၍တုပ်တတ်သည်ဟု အယူရှိသည်။

ဤနည်းဖြင့် ပျားအုံများကို တစ်ပင်တက် တစ်ပင်ဆင်း ဖွပ်၍ပြီးသောအခါ တဲသို့ ပြန်လာပြီးလျှင် တပည့်ဖြစ်သူက ပျားရည်ညှစ်၍ သံပုံး၊ စဉ့်အိုးများထဲ ထည့်ခြင်း၊ ပျားသလက်များကို ပေါင်းတင်ခြင်း၊ ပျားဖယောင်းများကို ထုတ်ယူခြင်းများ ပြုလုပ်ရသည်။

အပေါ်လူမှာ သစ်ပင်ထက်၌ လေစိမ်းတိုက်ခံရသဖြင့် တဲရောက်လျှင်ရောက်ချင်း အိပ်ရတော့သည်။

ညအချိန်တွင် သစ်ပင်ထက်၌ လေတိုက်ခံရသည်မှာလည်း အခံရခက်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပျားတက်သူမှာ သစ်ပင်ထက်၌ အချိန်အကြာဆုံး တစ်နာရီမျှသာ လေတိုက်ခံနိုင်သည်။

တစ်နာရီထက် ကျော်လွန်၍ လေစိမ်းတိုက်မခံနိုင်ပေ။

ပျားဖွပ်ရာတွင် ယုံကြည်စွဲလမ်းမှု ရှိကြသည်။

မီးထုပ်စီးရာတွင် ဝါးအရင်းအဖျား မမှားရပေ။

မှားလျှင် ပျားတက်သူကို ပျားတုပ်တတ်သည်။ ထို့ပြင် သစ်ပင်ထက်မှ လိမ့်ကျတတ်သည်ဟု ယူဆကြသည်။

ညကာလ ပျားတက်သူတို့မှာ သက်စွန့်ဆံဖျား စွန့်စားရသောအလုပ်ဖြစ်သည်။

ပျားအုံများသည် ကညစ်ပင်အမြင့်ထက်၌ လူရောက်လွယ်သောနေရာများတွင် စွဲတတ်သည် မဟုတ်ပေ။

အများအားဖြင့် အထက်ပေ(၈၀)ခန့်ရှိ ကြောင်လျှောက်ကိုင်းအဖျားတွင် စွဲတတ်သည်။

ပျားဖွပ်သူမှာ ကြောင်လျှောက်ကိုင်းအရောက် တက်သွားပြီးလျှင် ထိုအကိုင်းကြီးကို မတ်တတ်လျှောက် ပြေးသွားရသည်။

ပျားအုံအနီး ရောက်မှသာ နေရာယူရသည်။

ညကာလတွင်. . ကညင်ကိုင်းမှာ တံတားသဖွယ် အရောင်ဖွေးဖွေး ရှိနေ၍. . ပတ်ဝန်းကျင်မှာ မဲမှောင်နေသဖြင့် လျှောက်ရလွယ်ကူသည်။

သို့သော် လေတိုက်သဖြင့် လှုပ်ရှားနေသော ကညင်





ကိုင်းကြီးကို သတိကြီးစွာဖြင့် လျှောက်ပြေးရသည်မှာ လွယ်ကူလှသည် မဟုတ်ပေ။

အကယ်၍ နင်းကွက်တစ်ချက်မှားလိုက်လျှင် မြေပြင်သို့ အရှုံသေရမည်မှာ ပြောစရာပင် မလိုပေ။

ဤသို့ ကညင်ကိုင်းကို အသွားအပြန် အပြေးလျှောက်ရသည်မှာ သက်စွန့်ဆံဖျား စွန့်စားရသောအလုပ်ဖြစ်သည်။

တစ်ခါတစ်ရံတွင် အပြန်လမ်းအဆင်း၌ မီးတောက်များ တာဆီးနေတတ်သည်ကိုလည်းကောင်း၊ မြွေဝန်းကြီးများ တားဆီးထားသည်ကိုလည်းကောင်း တွေ့ကြုံရတတ်သည်။

ကညင်ပင်မှာ အဆီထွက်သောကြောင့် မီးနှင့်တွေ့လျှင် မီးတောက်လွယ်သည်။

ပျားမီးထုပ်မှကျသော မီးပွားများမှတစ်ဆင့် ကညင်ပင် အောက်ကိုင်းများကို မီးစွဲလောင်နေတတ်သည်။

ထိုသို့ ဘေးအန္တရာယ်ကို တွေ့ရသောအခါ ပျားတက်သူမှာ စွန့်စားရပြန်သည်။

နီးရာသစ်ကိုင်းကို ခုတ်၍ သစ်ကိုင်းကို မြဲမြဲကိုင်ပြီးလျှင် ခလုန်စီးကာ မြေပြင်သို့ ထိုးဆင်းရပြန်သည်။

ဤသည်မှာလည်း မလွယ်ကူလှပေ။

အကြောင်းမညီညွတ်လျှင် ကျိုးပဲ့နိုင်သည်။

ကညင်ပင်မှာ မီးစွဲမိလျှင် တစ်ပင်လုံး မီးလောင်တတ်မြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ မီးသေအောင် စောင့်၍မဖြစ်ရကား.. ပျားတက်သူမှာ ဤနည်းလမ်းမှတစ်ပါး အခြားလွတ်မြောက်ရန် လမ်း မရှိတော့ပေ။

မြွေငန်းကြီးများသည်လည်း ဆယ်တောင်ခန့် ရှည်၍ ပေါင်လုံးခန့် အလုံးအထည် ကြီးပြီးလျှင် လူကို အလွန်ရန်မူတတ်သော သတ္တဝါမျိုး ဖြစ်လေသည်။

သို့ကြောင့် ပျားတက်သူတို့၏ဘဝမှာ သစ်ပင်တက် ကျွမ်းကျင်ရုံမျှဖြင့် မပြီးပေ။

ရဲရင့်၍ စွန့်စားတတ်ရလေသည်။

ထိုအလုပ်မျိုးကို သာမန်လူတို့ မလုပ်နိုင်ကြသော်လည်း နီမောင်တို့ကတော့ ထိုအလုပ်ကိုပင် သက်စွန့်ဆံဖျား လုပ်ကိုင်ကြလေသည်။

နီမောင်အပါအဝင် သုံးယောက်ဖြစ်သည်။

၎င်းနှင့် လက်တွဲဖော်နှစ်ယောက်မှာ စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ဖြစ်သည်။

၎င်းတို့သုံးယောက်မှာ အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိကြပြီး တစ်သက်လုံး အတူတူနေလာကြသူများ ဖြစ်သောကြောင့် ညီရင်းအစ်ကိုတမျှ ခင်မင်ကြလေသည်။

အချို့ ပျားဖွပ်သူများမှာ ဆရာတပည့်ဟူ၍ ခွဲခြားထားသော်လည်း နီမောင်တို့သုံးယောက်ကတော့ ဆရာတပည့်လိုမျိုး မဟုတ်ဘဲ ညီအစ်ကိုလို တက်ညီလက်ညီ လုပ်ကြလေသည်။





သုံးယောက်စလုံး သစ်ပင်တက်ကျွမ်းကျင်သလို ပျားဖွပ်သည်း ကျွမ်းကျင်ကြသည်။

ပျားအကြောင်း နားလည်သလို တောတောင်သဘာဝ အကြောင်းကိုလည်း, နားလည်ကြသည်။

သို့သော်လည်း သူတို့သုံးယောက်ထဲမှာ ကရင်လူမျိုးဖြစ်သည့် စောထီးက သစ်ပင်တက် အကျွမ်းကျင်ဆုံး ဖြစ်လေသည်။

၎င်းသည် မည်မျှပင် အမြင့်ရှိသော သစ်ပင်ဖြစ်စေ မျောက်တစ်ကောင်ပမာ ကျွမ်းကျင်စွာ တက်နိုင်သူဖြစ်သည်။ သစ်ပင်ချင်း နီးပါက မြေသို့ ပြန်မဆင်းတော့ဘဲ သစ်ပင်ပေါ်မှာပင် ကိုင်းချင်းဆက်၍ ကူးသွားနိုင်သူဖြစ်သည်။

အကယ်၍ သစ်ပင်ပေါ်၌ အန္တရာယ် တစ်စုံတစ်ရာနှင့် တွေ့ကြုံရပါက သစ်ကိုင်းနှစ်ကိုင်းကို ချိုင်းကြားညှပ်ပြီး အောက်သို့ ခုန်ချဝံ့သူဖြစ်သည်။

သို့ကြောင့် သစ်ပင်အမြင့်များ တက်ရာတွင် စောထီးကသာ ဒိုင်ခံတက်လေသည်။

"မင်း ဘာကြောင့် ဒီလောက် သစ်ပင်တက် ကျွမ်းကျင်နေရတာလဲ၊ မျောက်သေလို့ ဝင်စားတာများလားကွာ"

ဟု တစ်ခါတစ်ရံ ငမဲအောင်က ပြောသည်။

"မင်းရော ငါ့လို သစ်ပင်တက် ကျွမ်းချင်တယ် မဟုတ်သား"

"ကျွမ်းချင်တာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် မျောက်ချေးခါးဟင်း များများစားပေးရမယ်၊ မျောက်ချေးခါးဟင်း စားပေးရင် မျောက်တစ်ကောင်လို သစ်ပင်တက် ကျွမ်းကျင်လာလိမ့်မယ်"

ထိုသို့ပြောသောအခါ ငမဲအောင်လည်း စကားမဆက်သာတော့ပေ။

သုံးယောက်သား ပျားအုံရှိသော ကညင်ပင်ကြီးတစ်ပင်နှင့် မနီးမဝေးမှာ စခန်းချပြီး ပါလာသော အစားအသောက်များကို ချက်ပြုတ်စားသောက်နေကြလေသည်။

ထမင်း၊ အသားခြောက်မီးဖုတ်၊ ငရုတ်သီး ဆားထောင်း လက်ဖက်ရည်ကြမ်း စသော အစားအသောက်များသာ ဖြစ်သည်။

ထိုအစားအသောက်များမှာ ကြာရှည်အထားခံပြီး ချက်ပြုတ်ရသည်မှာလည်း လွယ်ကူလေသည်။

သုံးယောက်သား စားရင်းသောက်ရင်းနှင့် စကားပြောနေကြသည်။

"နီမောင် . . . ငါတို့ရွာက မာယာဆိုတဲ့ကောင်မလေးက ချောလည်းချောတယ်၊ လှလည်းအတော်လှတယ်နော်၊ မင်းသဘောမကျဘူးလား"

ငမဲအောင်က မေးသည်။

"ငါ စိတ်မဝင်စားပါဘူး"

"ဘာဖြစ်လို့လဲ"





"ကိုယ့်မိဘတွေကိုတောင် အနိုင်နိုင် လုပ်ကျွေးနေရတာ၊ မိန်းမယူတော့ ဘာနဲ့ကျွေးထားမလဲ"

"မင်းကလည်း ဒါတွေများ တွေးပူနေရသေးတယ်၊ မင်းလိုသာ တွေးပူနေရင် ဘယ်သူမှ မိန်းမယူ ယောက်ျားယူဖြစ်ကြတော့မယ် မဟုတ်ဘူး၊ ယူပြီးတော့လည်း နောက်တော့ တဖြည်းဖြည်း အဆင်ပြေသွားမှာပေါ့"

ငမဲအောင်က သူကိုယ်တိုင် အိမ်ထောင်ကျဖူးသူပမာ ဆရာကြီးလေသံမျိုးဖြင့် ပြောနေသည်။

"အဲဒီလိုဆိုရင်လည်း မင်းပဲ ယူလိုက်ပေါ့ကွာ"

"သူက ငါ့ကို နည်းနည်းလေးမှ မကြိုက်လို့ပေါ့ကွာ၊ ကြိုက်ရင်တော့ အခုချက်ချင်းတောင် ယူပစ်လိုက်မှာ"

"မင်းတော့ ကိုယ့်ဘာသာ အေးအေးမနေရင်တော့ ဒိုက်ထဲက အူအခွေလိုက်ထွက်ပြီး သေနေတာ မြင်ရဦးတော့မယ်"

စောထီးက နားကြားပြင်းကတ်လာဟန်ဖြင့် ဝင်ပြောလိုက်သည်။

"ဘာကြောင့် ငါက အူထွက်ရမှာလဲ"

"သူတို့တစ်မိသားစုလုံးက စုန်းပညာ တတ်ကြတယ်ဆိုတာ မင်း မသိဘူးလား"

"စုန်းပညာတတ်တော့ ဘာဖြစ်သလဲ၊ စုန်းမတွေက သူတို့ချစ်တဲ့ ယောက်ျားတွေကိုတော့ မပြုစားတတ်ကြပါဘူး၊ စုန်းမ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ညားတော့ ပိုတောင်ကောင်းသေးတယ်”

“ဘာကြောင့်လဲ”

“သူ့ပညာနဲ့ တစ္ဆေသရဲတွေ ခေါ်ပြီး ခိုင်းစားရင် ကိုယ်တောင် အလုပ်လုပ်စရာ မလိုတော့ဘူး”

“ခိုင်းစားတာက နောက်၊ လည်ပင်းညှစ်သတ်ထားမှ လျှာထွက်ပြီး သေနေလိမ့်မယ်”

စောထီးစကားကြောင့် သဘောကျစွာ ရယ်လိုက်ကြသည်။ ထို့နောက် စားသောက်ပြီးနောက် ညဉ့်ဦးပိုင်းအချိန်ရောက်သောအခါ ပျားတက်ရန် ပြင်ကြလေသည်။

ဒီတစ်ကြိမ်တော့ စောထီးနှင့်ငမဲအောင်က သစ်ပင်အောက်မှာနေပြီး နီမောင်က သစ်ပင်ပေါ်တက်ရန် ပြင်လေသည်။

ပျားစွဲနေသော ကညင်ပင်ကြီးမှာ မြင့်မားလှသောကြောင့် ပင်စည်ကို စို့များရိုက်ပြီး တက်ရန်ဖြစ်လေသည်။

သူသည် ခါးစည်းကြိုးကို ခါးမှာချည်လျက် ဓားကို ပါးစပ်မှကိုက်ကာ သစ်ပင်ပေါ်သို့ တက်သည်။

ညအချိန်ရောက်လာပြီ ဖြစ်သောကြောင့် သစ်ပင်ပေါ်မှာ မည်သည့်အန္တရာယ်မျိုး ရှိနေသည်ကို ကြိုတင်မမြင်ရသော အရဲစွန့်ပြီး သက်စွန့်ဆံဖျား တက်ရခြင်းဖြစ်သည်။

သစ်ပင်အပေါ်ပိုင်းသို့ ရောက်သွားသည်အထိတော့ မည်သည့်အန္တရာယ်နှင့်မှ မတွေ့ရပေ။





ပျားစွဲနေသောကိုင်းမှာ အပေါ်ကိုင်းဖြစ်သည်။

အောက်ကိုင်းမှာတော့ ရှားပါးသော သစ်ခွပန်းများ ဖွင့်နေသည်ကို တွေ့မြင်ရသည်။

သစ်ခွပန်းမှာလည်း ဈေးကောင်းရသော ပစ္စည်းတစ်မျိုး ဖြစ်သည်။

သစ်ခွပန်း ဝါသနာပါသူများနှင့် တွေ့လျှင် ဈေးမရှောင်ဘဲ ဝယ်ယူသွားတတ်ကြသည်။

သို့သော် ပျားဖွပ်သမားမှာ သစ်ခွပန်း တွေ့လျှင်လည်း အာရုံမစိုက်ဘဲ ၎င်းတို့အလုပ်ကို အာရုံထားတတ်ကြသည်။

မိမိအလုပ်ကို အာရုံမစိုက်မိပါက အန္တရာယ်နှင့် တွေ့တတ်သောကြောင့် ပျားဖွပ်ဖို့ ထွက်လာလျှင် အခြားအလုပ်များကို အာရုံမထားကြပေ။

“သစ်ခွပန်းတွေ လှလိုက်တာ၊ ငါ့မှာသာ ချစ်သူတစ်ယောက်လောက် ရှိရင်တော့ ဟန်ကျမှာပဲ၊ ဒီပန်းတွေကိုသာ သူ့ကိုပေးလိုက်ရင် သဘောကျမှာပဲ”

နီမောင်က သူနှင့် မနီးမဝေးမှာ ရှိနေသည့် သစ်ခွပန်းပွင့်များကို ကြည့်ပြီး ရေရွတ်လိုက်သည်။

“ဟီဟိ. . ပေးစရာ မရှိတော့လည်း ရှိတဲ့လူကို ပေးပေါ့”

“ဟင်. . .”

ကြားလိုက်ရသောအသံမှာ မိန်းကလေးအသံပင် ဖြစ်သည်။ သစ်ပင်အပေါ်ဘက်မှ ကြားလိုက်ရသောကြောင့်မော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

မှောင်နေသဖြင့် သဲသဲကွဲကွဲ မမြင်ရပေ။

"စောစောက ကြားလိုက်ရတဲ့အသံက မိန်းကလေး တစ်ယောက်ရဲ့အသံမျိုးပါ၊ ဒီသစ်ပင်ပေါ်မှာ ဘယ်မိန်းကလေးက ရှိမှာလဲ၊ လေတိုက်နေတဲ့အသံကို ငါ နားကြားလွဲတာပဲ ဖြစ်မှာပါ"

ဟု တွေးတောပြီး အပေါ်ကိုင်းရောက်အောင် ဆတ်တက်သွားသည်။

ပျားအုံရှိသော ကိုင်းနေရာရောက်တော့ အပေါ်ဘက်မှ အသံကြားရပြန်သည်။

"အပေါ်ဘက်မှာ သစ်ခေါင်းပေါက် ရှိတယ်၊ သစ်ခေါင်းထဲမှာ အဆိပ်ပြင်းတဲ့ မြွေဆိုးတစ်ကောင် သားပေါက်နေတယ် သစ်ပင်ကိုင်းလှုပ်တာနဲ့ နင့်ဆီကို ဆင်းလာလိမ့်မယ်"

"ဟင် . . ."

ဒီတစ်ကြိမ်တော့ နားကြားမလွဲနိုင်တော့ပေ။ သူ့အထက်နား မနီးမဝေးနေရာမှ စကားပြောသံကို သဲသဲကွဲကွဲ ကြားရလေသည်။

"နင် ဘယ်သူလဲ"

"လူပေါ့"

"မကောင်းဆိုးဝါးလား"

"မဟုတ်ပါဘူး . . . နင့်ကို အကူအညီ ပေးမလို့ပါ၊ ငါက မကောင်းဆိုးဝါးဆိုရင် သစ်ပင်ပေါ်ကမြွေကို နင်ရှိတဲ့နေရာ





ရောက်အောင် ပို့ပေးလိုက်မှာပေါ့"

"သစ်ပင်ပေါ်မှာ ဘာလုပ်နေတာလဲ၊ နောက်ပြီး ဒီလောက်မြင့်တဲ့ ကညင်ပင်ကြီးပေါ်ကို ဘယ်လိုရောက်အောင် တက်လာတာလဲ"

ရယ်သံပဲ ကြားရပြီး အခြားတော့ ဘာမှမကြားရပေ။

"နင် ဘယ်မှာနေတာလဲ"

"အနောက်ဘက်မှာ နေတယ်၊ နင် လှမ်းကြည့်လိုက်ရင် မီးရောင်တွေ တွေ့တဲ့နေရာက ငါတို့ရွာပေါ့"

ဟုပြောသဖြင့် အနောက်ဘက်သို့ လှမ်းကြည့်လိုက်သောအခါ သစ်ပင်များကြားမှ မီးရောင်အချို့ မြင်ရသည်။ သို့သော်လည်း သစ်ပင်များ ကွယ်နေသဖြင့် သဲသဲကွဲကွဲတော့ မရှိလှပေ။

"နင် ငါတို့ရွာ လာလည်မလား"

"အေး . . . ငါတို့ အားရင် လာခဲ့မယ်၊ နင်တို့ရွာနာမည်က ဘာလဲ၊ နောက်ပြီး နင့်နာမည်ကရော ဘယ်သူလဲ"

နီမောင်က မေးလိုက်သည်။

"ငါတို့ရွာက ညမြင်နေ့ပျောက်ရွာလို့ ခေါ်တယ်၊ ငါ့နာမည်က မြသင်းကြူလို့ ခေါ်တယ်"

"မြသင်းကြူ"

"ဟုတ်တယ် . . . ငါတို့ရွာကို လာရင် ညဘက်ပဲ လာခဲ့၊ နေ့ဘက်လာရင် တွေ့ရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ပိုပြီးအံ့ဩသွားမိလေသည်။

"ဟင်. . . ဘာဖြစ်လို့လဲ"

"ရွာနာမည်ကိုက ညမြင်နေ့ပျောက်ဆိုမှတော့ ညဘက်လာမှပဲ တွေ့ရတော့မှာပေါ့။ ငါ သွားတော့မယ်ဟာ၊ နင့်ကတိအတိုင်း ငါတို့ရွာကို လာဖြစ်အောင် လာခဲ့ပါ"

ဟု ပြောပြီး အသံပျောက်သွားလေတော့သည်။

နီမောင်က အပေါ်မော့ကြည့်တော့လည်း သစ်ပင်သစ်ကိုင်းများသာ တွေ့ရပြီး အခြားတော့ ဘာမှမတွေ့ရပေ။

သို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပျားဖွပ်ရန် ပြင်ရလေတော့သည်။





## အခန်း(၄)

# နေ့မြင်ညပျောက်ရွာသို့ ရောက်ကြခြင်း

ပျားဖွပ်သမားများမှာ ညအချိန်မှာသာ အလုပ်လုပ်ကြပြီး နေ့အချိန်ရောက်သောအခါ ယာယီထိုးထားသော တဲများအတွင်းမှာ လုပ်စရာရှိသည်များ လုပ်ကြရသည်။ သစ်ပင်တက်သောသူကတော့ တဲသို့ ပြန်ရောက်သည်နှင့် အိပ်ရသည်။

အပေါ်လူဟု ခေါ်သော သစ်ပင်တက်သူမှာ သစ်ပင်အမြင့်၌ လေစိမ်းတိုက်ခံရသဖြင့် တဲအတွင်း ပြန်ရောက်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရလေသည်။

ညအချိန် သစ်ပင်အမြင့်ထက်၌ လေတိုက်ခံရသည်မှာ အခံရ ခက်လှပေသည်။

သစ်ပင်အမြင့်၌ တစ်နာရီခန့်သာ လေစိမ်းတိုက်ခံနိုင်ပြီး ထိုထက်ပိုကာ ကြာကြာမခံနိုင်ပေ။

ပျားဖွပ်ပြီး မိမိတို့တဲသို့ ပြန်ရောက်သည်နှင့် နီမောင်က တရေးတမောအိပ်ရပြီး စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က ပျားရည်ညှစ်ပြီး. . ယူလာသော ပုံးများအတွင်းသို့ ထည့်ခြင်း၊ ပျားသလက် ပေါင်းတင်ခြင်း၊ ပျားဖယောင်း ထုတ်ယူခြင်းများ လုပ်ကြလေသည်။

ညနေပိုင်းအချိန်ရောက်တော့မှ နီးရာချောင်းထဲမှာ ရေချိုးပြီး ချက်ထားသော အစားအသောက်များကို စားသောက်ရင်း စကားပြောကြသည်။

"နီမောင်. . ညက သစ်ပင်ပေါ်တက်သွားတာ အောက်ကိုင်းရောက်ပြီးမှ အပေါ်ကိုင်းဆက်မတက်ဘဲ ခွကြားမှာ ဘာထိုင်လုပ်နေတာလဲ"

ညက. . ပင်ပန်းလာသောကြောင့် ထိုအကြောင်းကို မပြောဘဲထားရာ ငမဲအောင်က မေးလိုက်သည်။

"ထူးဆန်းတာ တွေ့နေလို့ပါ"

"ဘာလဲ. . သစ်ပင်ပေါ်မှာ မြွေသိုက်တွေ့နေလို့လား"

"မြွေသိုက်လည်း ရှိတယ်၊ လူလည်း ရှိတယ်"





"လူ. . . ဘယ်ကလူလဲ"

"ငါ. . မိန်းမတစ်ယောက် တွေ့ခဲ့ရတယ်"

စောထီးနှင့်ငမဲအောင်တို့နှစ်ယောက် တအံ့တဩ ဖြစ်ကာ ကြည့်နေကြသဖြင့် နီမောင်က အကြောင်းစုံ ပြန်ပြောပြလိုက်သည်။

"သစ်ပင်ပေါ်မှာတော့ မိန်းမ,မရှိနိုင်ပါဘူးကွာ၊ ငါတို့ယောကျ်ားတွေတောင် မနည်းတက်နေကြရတာ"

"မင်းကို ကညင်ပင်ပေါ်က သရဲခြောက်လိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ငါတော့ အဲဒီလို မထင်ဘူး"

"မင်းက ဘယ်လိုများ ထင်နေလို့လဲ ပြောပါဦး"

"မကောင်းတဲ့ ဝိညာဉ်မိစ္ဆာမျိုးတော့ ဟုတ်မယ်မထင်ဘူး၊ သိဒ္ဓိရှိတဲ့သူတစ်ဦးဦး ဖြစ်မယ်ထင်တာပဲ"

"အဲဒီလိုဆိုတော့ သူယောင်မယ်လိုမျိုး ဖန်ဆင်းနိုင်တဲ့ မိန်းမမျိုး ဖြစ်မှာပဲ၊ ဒါထက် မင်းက သူတို့ရွာကို လာခဲ့ပါမယ်လို့ ကတိပေးလိုက်သလား"

"ဟုတ်တယ်"

"အဲဒါတော့ သိပ်မဟုတ်ဘူး၊ လူအချင်းချင်း ကတိပေးထားပြီး ဖျက်ရင် ဘာမှမဖြစ်ပေမယ့် ဝိညာဉ်လောကသားတွေကသူတို့ကို ကတိပေးပြီးရင် ပြောတဲ့အတိုင်းလုပ်ပေးမှ သဘောကျတယ်လို့ ငါကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



စောထီးက စိတ်ပူပန်စွာဖြင့် ပြောလေသည်။

"ဒီလောက်လည်း စိတ်ပူမနေကြပါနဲ့ကွာ၊ သူသာ မကောင်းတဲ့ မိစ္ဆာတစ်ယောက်ဆိုရင် ညက သစ်ပင်ပေါ်မှာ ငါ့ကို အန္တရာယ်ပေးမှာပေါ့။ သူ အန္တရာယ်မပေးချင်လို့သာ ညက မြွေ အန္တရာယ်ကတောင် ကာကွယ်ပေးခဲ့သေးတာပေါ့"

"မင်း မသိသေးပါဘူး နီမောင်ရာ၊ မိစ္ဆာတွေဆိုတာ မာယာများတတ်တယ်ကွ၊ ညက မင်းကို အန္တရာယ်မပေးလိုက်တာက တစ်ယောက်တည်း ဖြစ်နေလို့နေမှာပေါ့။ ငါတို့ပါ,ပါတော့မှ လူများများနဲ့ ဒုက္ခပေးချင်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့"

ထိုစကား ကြားသောအခါ နီမောင်က သဘောကျစွာ ရယ်လိုက်လေသည်။

သူသည် ကောက်ညှင်းပေါင်းနှင့် အသားခြောက်ကို စားရင်းနှင့်ပင် တဲအပြင်ဘက်သို့ ကြည့်နေသည်။

"မင်းတို့ ဒီလောက်ကြောက်နေကြရင်လည်း တဲထဲမှာပဲ နေခဲ့ကြပေါ့။ ငါကတော့ ကတိပေးပြီးသား ဖြစ်နေလို့ သွားဖြစ်အောင် သွားရမှာပဲ"

ထိုသို့ပြောသောအခါ ကျန်နှစ်ယောက်က မနေနိုင်ကြတော့ပေ။

"မင်းတစ်ယောက်တည်း သွားလို့တော့ မဖြစ်ပါဘူးကွာ၊ ငါတို့သုံးယောက်က သွားအတူတူ လာအတူတူပဲဟာ၊ ဖြစ်တော့လည်း အတူတူပဲပေါ့ကွာ၊ မင်းသွားရင် ငါတို့ပါ လိုက်ခဲ့ပါ့မယ်"





ဟု ပြောကြလေသည်။

အတန်ကြာတော့ စောထီးကမေးသည်။

"အဲဒီမြသင်းကြူဆိုတဲ့ အမျိုးသမီး နေတဲ့ရွာက ညမြင်နေ့ပျောက်ရွာဆိုတော့ နေ့ဘက်သွားရင် မတွေ့ရတော့ဘူးပေါ့"

"သူက ဒီလိုပဲ ပြောသွားတာပဲ"

"ဒီလိုဆိုတော့လည်း စားသောက်ပြီး ညဘက်မှ သွားကြတာပေါ့"

"ဒါထက် သူတို့ရွာက ဘယ်ဘက်မှာတဲ့လဲ"

"အနောက်ဘက်မှာ ရှိတယ်လို့တော့ ပြောသွားတာပဲ"

"ဒီလိုဆိုရင် ငါတို့သုံးယောက် စားသောက်ပြီးတာနဲ့ တဖြည်းဖြည်း လျှောက်သွားကြရင် ပိုမကောင်းဘူးလား၊ ဒါမှ မှောင်သွားတဲ့အချိန်မှာ သူတို့ရွာကို ရောက်သွားနိုင်တာပေါ့"

"အေး. . . ဒါလည်း ကောင်းသားပဲ"

ထိုသို့ ပြောဆိုတိုင်ပင်ပြီး သုံးယောက်သား စားသောက်ပြီးသည်နှင့် တဲအပြင်ဘက်သို့ ထွက်လာကြသည်။

၎င်းတို့အတွက် ဓါးတစ်လက်စီနှင့် မီးခြစ် စသည်တို့သာ ယူဆောင်ခဲ့ကြသည်။

အချိန်က ညနေစောင်းအချိန်ဖြစ်သည်။

နွေရာသီဖြစ်သဖြင့် နေရောင်ခြည်က ရှိနေသေးသောကြောင့် တောထဲမှာ အလင်းရောင်အချို့ ရှိနေသေးသည်။

သုံးယောက်သား စကားတပြောပြောနှင့် အနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ ဦးတည်ပြီး လျှောက်ခဲ့ကြလေသည်။

ထိုသို့ သွားရင်းနှင့် ၎င်းတို့အတွက် ပျားရည်ရရှိနိုင်မည့် ပျားအုံကိုလည်း ရှာဖွေသွားကြလေသည်။

နွေရာသီ ဖြစ်သော်လည်း တောထဲမှာ မြူခိုးများက ဝေ့ဆိုင်းလျက် ရှိနေကြသည်။

သုံးယောက်သား အတန်ကြာအောင် လျှောက်လာကြသော်လည်း ရွာနှင့်တူသော အရိပ်အယောင်ကိုမျှ မတွေ့ရပေ။

"နီမောင်. . . မင်းပြောတဲ့အတိုင်း အနောက်ဘက်ကို လျှောက်လာကြတာ အတော်ကြာပြီ၊ ခုထိလည်း ရွာနဲ့ တူတာ မတွေ့ရသေးပါလား"

"သူက ညဘက်လာမှ တွေ့ရမယ်လို့ ပြောသွားတာဆိုတော့ ညအချိန်ရောက်တော့မှပဲ တွေ့ရမယ် ထင်တာပဲ"

"ဟိုရွာရောက်တဲ့အခါကျရင် ဘယ်လိုတွေနဲ့ တွေ့ရမယ်ဆိုတာ မသိရသေးပေမယ့် မင်းပြောပုံ ကြားရတာနဲ့တင် ကျောထဲက စိမ့်တက်လာနေပြီ"

ငမဲအောင်စကားကြောင့် ကျန်နှစ်ယောက်က သဘောကျစွာ ပြုံးလိုက်ကြသည်။

"ဒီလောက်လည်း ကြောက်မနေကြစမ်းပါနဲ့ကွာ၊ သေတော့လည်း အတူတူပေါ့"

စကားတပြောပြောနှင့် လျှောက်လာကြရာ အတန်ကြာသောအခါ တောနက်တွင်း တစ်နေရာမှ ခွေးဟောင်သံအချို့





ကြားကြရသည်။

"ခွေးဟောင်သံ ကြားရပြီ. . ၊ ခွေးဟောင်သံ ကြားရရင် ရွာရှိမှာပဲ၊ အဲသည်ဘက်ကို သွားကြမယ်"

အတန်ကြာတော့ ခွေးဟောင်သံများအပြင် ဆူဆူညံညံ ခြင်း လူသံများပါ ကြားရလေသည်။

အသံကြားရာဘက်သို့ လျှောက်သွားရာ မှောင်စပျိုးသောအချိန် ရောက်သောအခါ တောတွင်းမှာရှိသော ရွာတစ်ရွာသို့ ရောက်သွားကြသည်။

"ဟောဟိုရှေ့မှာ ရွာတစ်ရွာတွေ့ပြီ"

သူတို့ရောက်သွားတော့. . နှုတ်ခမ်းမွေးကားကားနှင့် အဘိုးကြီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုအဘိုးကြီးက သူတို့ လာနေသည်ကို မြင်သဖြင့် တဲတစ်လုံးအတွင်းမှ အပြင်သို့ထွက်လာခြင်း ဖြစ်သည်။

"မောင်ရင်လေးတို့ ဘယ်သွားကြမှာလဲကွယ့်"

"ဒီရွာက. . ညမြင်နေ့ပျောက် ရွာလားခင်ဗျာ"

နီမောင်က မေးလိုက်သည်။

ထိုစကားကြားတော့ ထိုအဘိုးကြီးက တစ်ချက်ပြုံးလိုက်သည်။

"ဒါက. . ညမြင်နေ့ပျောက်ရွာ မဟုတ်ပါဘူး၊ ဒီရွာသည်က နေ့မြင်ညပျောက်ရွာပါ"

"ဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား မျက်လုံးပြူးသွားကြသည်။

အံ့ဩသွားကြသည်။

"မောင်ရင်တို့က ညမြင်နေ့ပျောက်ရွာကို သွားကြမှာလား"

"ဟုတ်ပါတယ် အဘ"

"အဲဒီရွာကို ဒီအချိန်သွားလို့ တွေ့ရမှာ မဟုတ်သေးဘူး။ ညသန်းခေါင်ကျော်တဲ့အချိန် ရောက်တော့မှ မြင်ရမှာ"

"ဟင်. . . ဘယ်လိုကြောင့်လဲ အဘ"

"နာမည်ကိုက 'ညမြင်နေ့ပျောက်' ဆိုမှတော့ ဒီအချိန်သွားလို့ ဘယ်မှာ တွေ့ရမှာလဲကွယ့်"

"ဒါဖြင့် အဲဒီရွာက တကယ်မရှိဘူးလား အဘ"

"ရှိတော့ ရှိပါတယ်၊ ဒါပေမယ့် ဒီတောထဲမှာ ရှိကြတဲ့ရွာတွေက သူ့အချိန်နဲ့သူလာမှ တွေ့ရတဲ့ရွာမျိုးတွေလေ၊ ဒီတော့ မင်းတို့ အဲဒီရွာသွားချင်ရင် အချိန်လိုသေးတယ်၊ ဒီရွာမှာ ခဏနားပြီးမှ သွားကြပေါ့ကွယ်"

ဟု ပြောသဖြင့် နီမောင်တို့သုံးယောက်မှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။

ယခုအခြေအနေ ရောက်တော့မှ သူတို့အခြေအနေက ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ဖြစ်သွားကြလေတော့သည်။

သို့သော်လည်း ထွေထွေထူးထူး စဉ်းစားမနေကြတော့





ဘဲ အဘိုးကြီးပြောသည့်အတိုင်း ထိုရွာမှာ ခဏနားကြရန် ဆုံးဖြတ်လိုက်ကြရသည်။

"သမီးတို့ လာကြဦးကွယ့်၊ ဒီမှာ ဧည့်သည်သုံးယောက်အတွက် စားသောက်ဖို့ စီစဉ်ပေးကြပါဦး၊ သူတို့အတွက် နေရာထိုင်ခင်းလေးတွေ လုပ်ပေးကြပါဦးကွယ်"

ဟုပြောရာ တဲအတွင်းမှ အမျိုးသမီးနှစ်ယောက် ထွက်လာကြလေသည်။

နှစ်ယောက်စလုံးမှာ အသက်နှစ်ဆယ်ကျော်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်ချောင်းလည်း ဆင်ဆင်တူလေသည်။

"အစ်ကိုတို့ အိမ်ထဲကို လာကြပါ၊ နေရာထိုင်ခင်းတွေ ရှိပါတယ်"

ဟု ဖိတ်ခေါ်သဖြင့်. . . သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တဲအတွင်းသို့ ဝင်သွားကြလေသည်။

တဲမှာ အတော်ကြီးပြီး အတွင်းမှာ ကျယ်ဝန်းလှသည်။ အသုံးအဆောင်ပစ္စည်းများလည်း သူ့နေရာနှင့်သူ ရှိနေကြသည်။

"အစ်ကိုတို့ ဒီနေရာမှာ အေးအေးဆေးဆေး ထိုင်ပြီးနားကြပါရှင်၊ မကြာခင် အစားအသောက်တွေ လာပို့ပေးပါ့မယ်"

ဟု ပြောကာ နှစ်ယောက်စလုံး နောက်ဘက်သို့ ဝင်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တဲအတွင်းမှာ ကညင်ဆီမီးတိုင်များ ထွန်းထားသော ကြောင့် အလင်းရောင် ကောင်းစွာရနေသည်။

ထိုပြင် သင်းပျံ့သော ရနံ့အချို့ကလည်း အခန်းတွင်း၌ ပျံ့လွင့်လျက် ရှိနေသည်။

အမျိုးသမီးနှစ်ယောက် အနောက်ဘက်သို့ ဝင်သွားသောအခါ စောထီးက လေသံတိုတိုးဖြင့် ပြောသည်။

"နီမောင်. . ."

"ဘာလဲ"

"အခုတွေ့နေတာ လူတွေမှ ဟုတ်ရဲ့လား၊ ငါတို့ တောထဲမှာရှိတဲ့ ကျတ်ကုန်းကိုများ ရောက်နေကြရော့လား မသိဘူး"

"ရောက်တော့လည်း ဘာဖြစ်သလဲကွာ. .၊ ကိုယ့်ကို အန္တရာယ်ပေးတာမှ မဟုတ်တာ"

"အခုမပေးသေးပေမယ့် နောက်တော့မှ ပေးချင်ပေးမှာ ပေါ့"

ထိုသို့ပြောသောအခါ ငမဲအောင်ကပါ ဝင်ပြောလေသည်။

"ကျတ်တွေတော့ ဟုတ်မယ်မထင်ဘူး၊ သူတို့ကြည့်ရတာ အတော်ချောတယ်နော်"

"ချောတာကတော့ သူတို့က ဖန်ဆင်းထားရင် ဒီ့ထက်ပိုပြီး ချောမောလှပအောင် လုပ်နိုင်တာပဲ၊ ဘာလဲ. . မင်းက သဘောကျနေလို့လား၊ သဘောကျရင်တော့ နေချင်နေခဲ့ပေါ့





ကွာ"

"မနေဝံ့ပါဘူးကွာ၊ တော်ကြာ မနက်မိုးလင်းရင် ခေါင်းတခြား ကိုယ်တခြား ဖြစ်နေပါဦးမယ်"

ထိုသို့ ပြောဆိုနေစဉ် နောက်ဘက်မှ အမျိုးသမီး နှစ်ယောက် ပြန်ထွက်လာကြသည်။

၎င်းတို့ လက်ထဲမှာလည်း စားသောက်စရာများ ထည့်ယူလာသည့် ဇုန်းများပါလာစသည်။

"အစ်ကိုတို့ အမောပြေ စားသောက်ကြပါဦး"

နီမောင်က ရောယောင်ပြီး ခေါင်းညိတ်ပြလိုက်သော်လည်း ရုတ်တရက် မစားဝံ့သေးပေ။

ကျန်နှစ်ယောက်ကလည်း သူ့အခြေအနေကို ကြည့်နေကြသည်။

"စားကြပါ. . . ဘာမှ မကြောက်ကြပါနဲ့၊ ကျွန်မတို့က အစ်ကိုတို့ ထင်နေသလို ကျတ်တွေလည်း မဟုတ်ပါဘူး၊ မိစ္ဆာတွေလည်း မဟုတ်ကြပါဘူး"

"ဗျာ. . ."

ထိုသို့ ပြောလာသဖြင့် စောစောက မိမိတို့အချင်းချင်း ပြောဆိုနေမိသည်ကို မလုံမလဲ ဖြစ်နေမိတော့သည်။ ရှေ့မှာ ချထားသော ဇုန်းထဲမှာတော့ လက်ဖက်ရည်ကြမ်းအိုးနှင့် ထမင်းနှင့် ဟင်းတို့ကို တွေ့ရသည်။

ထမင်းနှင့် ဟင်းတို့မှာ ယခုပင် ချက်ပြုတ်ယူလာခဲ့ဟန်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အငွေ့တထောင်းထောင်းထနေသေးသည်။ ထို့ပြင် ဟင်းနံ့လေးမှာ သင်းနေသောကြောင့် သွားရည်ယိုချင်စရာ ဖြစ်လာတော့သည်။

နီမောင်တို့ သုံးယောက်မှာ တောမှာမွေး၊ တောမှာပင်ကြီးပြင်းခဲ့ကြသူများ ဖြစ်သဖြင့် တောတောင်မာယာတို့၏ အကြောင်းတော်တော်များများကို သိကြသူများဖြစ်သည်။

ယခုလိုအချိန်မျိုးမှာ တောတွင်းမှာရှိကြသည့် ကျတ်များ၊ မိစ္ဆာများ၏ လှည့်စားသူများအကြောင်းကိုလည်း အတော်များများ သိထားကြသည်။

ထို့ကြောင့် ယခုကဲ့သို့ ချကျွေးသော အစားအသောက်များကို ချက်ချင်းမစားဝံ့ကြသေးခြင်း ဖြစ်၏။

"စားကြပါ၊ ကျွန်မတို့က စေတနာနဲ့ ကျွေးတာပါ၊ အစ်ကိုတို့ ဘယ်လိုအန္တရာယ်မျိုးမှ မဖြစ်စေရပါဘူး"

ဟုထပ်ပြောတော့မှ ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အစားအသောက်များကို စားသောက်ကြလေသည်။

မစားခင်က ကြောက်လန့်နေကြသော်လည်း စားကြည့်သောအခါ ခံတွင်းမြိန်လှပေသည်။

တောဟင်း၊ တောထမင်းများပင် ဖြစ်သော်လည်း မောပန်းလာသောကြောင့် စားသောက်ရသည်မှာ အရသာရှိလှသည်။

နီမောင်တို့ သုံးယောက်စလုံးမှာ လူပျိုလူလွတ်များ ဖြစ်





ကြသည်ကတစ်ကြောင်း၊ အလုပ်ကြမ်းသမားများ ဖြစ်ကြသောကြောင့်လည်း ထမင်းဟင်း ကောင်းစွာမချက်တတ်ကြပေ။

ထို့ပြင် တောထဲရောက်သောအခါမှာလည်း အစားအသောက်ကို ဦးစားမပေးနိုင်ဘဲ ဖြစ်သလို ချက်ပြုတ်စားသောက်ကြရသည်က များသည်။

အိမ်မှာရှိသော မိဘများကလည်း ၎င်းတို့အတွက် သင့်သလောက်သာ လုပ်ပေးနိုင်ကြသည်။

သို့ကြောင့် ယခုကဲ့သို့ အစားအသောက် ကောင်းကောင်း စားသောက်ရသောအခါ များစွာခံတွင်းမြိန်လှပေတော့သည်။ သူတို့သုံးယောက် မြိန်ယှက်စွာ ထမင်းစားသောက်နေကြသည်ကို နံဘေးနားမှ အမျိုးသမီးနှစ်ယောက်က အပြုံးဖြင့်ကြည့်နေကြသည်။

နီမောင်စိတ်ထဲမှာတော့ ထမင်းစားသောက်နေရင်းမှ င် အတွေးအမျိုးမျိုး ဝင်နေတော့သည်။

"အင်း. . . စားသောက်လို့တော့ ကောင်းပါရဲ့၊ ဝမ်းသွားရင်တော့ သစ်ရွက်တွေပဲ တွေ့ရမလား၊ သစ်ခေါက်တွေပဲ င်ရမလားတော့ မသိဘူး"

သူကတွေးနေသလို ကျန်နှစ်ယောက်မှာလည်း ထိုကဲ့သို့ပင် တွေးနေကြလေသည်။

"စားလို့ကောင်းရဲ့လား အစ်ကို"

"ကောင်း. . ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စားသာစားနေကြရတယ်၊ စိတ်ထဲမှာတော့ ကြောင်
နေကြသေးတယ် မဟုတ်လား"

ထိုသို့ တဲ့တိုးကြီး မေးလာသဖြင့် မျက်နှာပူသွားကြလေ
သည်။

"ဗျာ ကျွန်တော်တို့ စိတ်ထဲမှာ တွေးနေတာကို ဘယ်လို
သိတာလဲ. . ဟင်"

"အစ်ကိုတို့မျက်နှာကြည့်ရင် သိတာပေါ့"

"တောင်းပန်ပါတယ်ဗျာ၊ အချိန်မတော်ကြီး တောထဲမှာ
ဆိုတော့ တွေးမိတွေးရာ တွေးနေမိတာပါ"

နီမောင်က အားနာသဖြင့် စကားကို လျှောချလိုက်
သည်။

"ရပါတယ် ကျွန်မတို့က ဘယ်လိုမှ မအောက်မေ့ပါဘူး
ဒါ ထက် အစ်ကိုတို့ သုံးယောက်နာမည်တွေက ဘယ်သူတွေလဲ
ဟင်"

ဟု တစ်ယောက်က မေးသည်။

"ကျွန်တော့်နာမည်က နီမောင်ပါ၊ သူတို့နှစ်ယောက်က
တော့ စောထီးနဲ့ ဇမဲအောင်လို့ ခေါ်ကြပါတယ်၊ ကျွန်တော်တို့က
တောင်ခြေက မဟာမြိုင်ရွာမှာ နေကြပါတယ်"

"အခုလို အစ်ကိုတို့နဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်
ကျွန်မတို့နှစ်ယောက်က ညီအစ်မ တော်ပါတယ်၊ သူက မြဝင်း
ကျွန်မက မြနှင်းဖြူလို့ ခေါ်ပါတယ်"





"ကျွန်တော်တို့ကလည်း ဝမ်းသာပါတယ်ဗျာ"

"ဒါထက် မေးရဦးမယ်၊ အစ်ကိုတို့သုံးယောက်က ည
မြင်နေ့ပျောက်ရွာကို ဘာသွားလုပ်ကြမှာလဲ၊ ဟိုမှာ ဘယ်သူနဲ့
သိလို့လဲ"

ထိုသို့မေးသောအခါ ဘယ်လို ပြန်ပြောရမှန်း မသိကြ
တော့ပဲ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်။

"အစ်ကိုတို့က အဲသည်ရွာကို ရောက်ဖူးလို့လား"

"ဟင့်အင်း တစ်ခါမှ မရောက်ဖူးပါဘူး"

"ဒါဖြင့် အဲဒီမှာ ညမြင်နေ့ပျောက်ရွာ ရှိတယ်ဆိုတာ
ဘယ်လိုသိကြတာလဲ"

မြနှင်းဖြူက ထိုသို့မေးသဖြင့် နီမောင်က ဖြစ်ကြောင်း
ကုန်စင် အမှန်အတိုင်း ပြောပြလိုက်သည်။

"အော်. . လက်စသတ်တော့ မြသင်းကြူနဲ့ တွေ့ခဲ့ကြ
တာကိုး"

"ဒါထက် သူက မိစ္ဆာတွေလားဟင်"

"မိစ္ဆာတွေတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အစ်ကိုတို့
ရောက်သွားရင်တော့ သူတို့အကြောင်းကို သိတန်သရွေ့ သိရ
မှာပါ"

ဟု စကားကို မတင်မကျ ပြောလေသည်။

နီမောင်တို့သုံးယောက်လည်း စားသောက်ပြီးသွားသည်
နှင့် ရေနွေးကြမ်းသောက်နေကြစဉ် မြနှင်းဖြူက မျက်နှာမသာ



www.burmeseclassic.com

www.burmeseclassic.com



မယာဖြင့် ပြောသည်။

"အစ်ကိုတို့ သွားမယ့်ရွာကို ဒီအချိန်မှာသွားရင် တွေ့ရလောက်ပါပြီ၊ ကျွန်မတို့လည်း သွားကြရတော့မယ်"

"ဟင်. . . ညအချိန်မတော်ကြီး ဘယ်သွားကြမှာလဲဟင်"

မြနှင်းဖြူနှင့် မြဝင်းသူတို့နှစ်ယောက်က ဘာမှ ပြန်မပြောကြပေ။

သို့သော်လည်း နှစ်ယောက်စလုံး၏မျက်နှာကတော့ ညှိုးငယ်နေကြသည်။

ထိုအခိုက်မှာပင် အပြင်ဘက်မှ ဆူဆူညံညံအသံများ ကြားရလေသည်။

မီးတုတ်များ ကိုင်လျက် ဟိုမှသည်မှ သွားလာနေကြသောလူများကိုလည်း လှမ်းမြင်ရသည်။

ယောကျ်ား၊ မိန်းမ၊ ကလေးလူကြီး စုံလှပြီး ကလေးငိုသံများကိုပါ ကြားကြရသည်။

ကလေးငိုသံများနှင့်အတူ ခွေးဟောင်သံများကိုပါ ဆူဆူညံညံ ကြားရလေသည်။

၎င်းတို့တစ်ရွာလုံး မည်သည့်ကိစ္စကြောင့်မှန်းမသိပဲ ပျားပန်းခပ်တမျှ အလုပ်ရှုပ်နေကြသဖြင့် နီမောင် တို့လည်း ဆက်နေရန် မသင့်တော့သဖြင့် ရှေ့သို့ ခရီးဆက်ရန် အပြင်သို့ ထွက်လာကြသည်။





ထိုအခါမှပင် သူတို့နှင့် မနီးမဝေးနေရာမှ သွားလာနေကြသူများ၏ မျက်နှာများကို တွေ့မြင်ရကာ ၎င်းတို့၏ မျက်နှာ အမူအရာများကိုပါ သတိပြုမိကြသည်။

အားလုံး၏ မျက်နှာများမှာ တစ်စုံတစ်ခုအတွက် သောကရောက်နေကြဟန် ရှိလေသည်။

သူတို့အားလုံးမှာ ကိုယ့်အပူနှင့်ကိုယ် ရှိနေကြသဖြင့် နီမောင်တို့ သုံးယောက် ရှိနေသည်ကိုပင် သတိပြုမိကြဟန် မတူကြပေ။

ထို့နောက်မှာတော့ မြနှင်းဖြူဆိုသော အမျိုးသမီး ညွှန်ပြပေးလိုက်သည့် လမ်းအတိုင်း ထွက်ခဲ့ကြလေသည်။ သန်းခေါင်သံအချိန်နီးနေပြီ ဖြစ်သောကြောင့် တောတောင်တစ်ခုလုံး အမှောင်ရိပ်များက ဖုံးလွှမ်းနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

# ရင်တွင်းမှ ပုံတင်သံများ

အမှောင်ရိပ်များ ဖုံးလွှမ်းနေသည့် အချိန်မျိုးဖြစ်သဖြင့် တောနက်တွင်းမှာ ခရီးသွားလာရသည်မှာ မလွယ်လှပေ။

သို့သော်. . ၎င်းတို့သုံးယောက်မှာ ညအချိန်ရောက်မှ တောထဲမှာ ပျားဖွပ်ကြသူများ ဖြစ်ကြသောကြောင့် သိပ်တော့ အခက်အခဲ မရှိလှပေ။

မြနှင်းဖြူတို့ ညွှန်ပြပေးလိုက်သည့် အနောက်ဘက်လမ်း

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တဖြည်းဖြည်း လျှောက်လာသောအခါ. . တစ်နေရာ ရောက်သောအခါ တောနက်တွင်းမှ မိန်းမတစ်ယောက် အော်သံ လိုလို ကြားကြရသည်။

"ကယ်ကြပါရှင်. . ကယ်ကြပါ. . ၊ ဒီမှာ ခွေးနက်ကြီး တွေ ဆွဲလို့ သေရပါတော့မယ်"

ထိုအသံကြားရသဖြင့် သုံးယောက်သား ရပ်တန့်ပြီး နားစွင့်ကြည့်ကြသည်။

"အမယ်လေး. . . သေရပါတော့မယ်၊ ကယ်ကြပါဦး ရှင်. . . ကယ်ကြပါဦး"

အသံက သူတို့သွားမည့်လမ်းဘက်မှ ကြားရခြင်း ဖြစ်သည်။ ဒီလိုအချိန်မျိုးမှာ တောနက်ထဲ၌ မိန်းမတစ်ယောက် အော်သံကြားရသည်မှာ သာမန်မဟုတ်မှန်းတော့ သိကြလေသည်။

သို့သော်လည်း စိတ်ဝင်စားကြသောကြောင့် အသံကြားရာဘက်သို့ တဖြည်းဖြည်း လျှောက်သွားကြသည်။

ရှေ့သို့ အနည်းငယ် လျှောက်သွားသောအခါ ကြားရသောအသံက တဖြည်းဖြည်း နီးလာလေတော့သည်။

မိန်းမအော်သံနှင့်အတူ ကြောက်စရာကောင်းလှသော ခွေးများ၏ မာန်ဖီသံများကိုပါ ကြားကြရသည်။

"ကယ်ကြပါရှင်. . . ခွေးနက်ကြီးတွေ ဆွဲလို့ သေရပါ တော့မယ်"





သုံးယောက်သား အသံကြားရာဘက်သို့ တိုးသွားကြရာ နောက်ဆုံး အလင်းရောင် ဝိုးတဝါးသာ ရှိနေသည့် တောထဲမှာ ဖြစ်ပျက်နေသော မြင်ကွင်းကိုပါ. . ဝိုးတဝါး လှမ်းမြင်ကြရလေ တော့သည်။ မြင်ကွင်းက မကောင်းလှပေ။

မိန်းမတစ်ယောက်ကို ခွေးသုံးကောင်က အမဲဖျက်သ ကဲ့သို့ ဝိုင်းဝန်းကိုက်ခဲနေကြခြင်းပင်ဖြစ်၏။

အမှောင်ထဲမှာ ဖြစ်သောကြောင့် မိန်းမကို သေသေချာ ချာ မမြင်ရသော်လည်း လူ့ခါးစောင်းခန့် ကြီးမားလှသော ခွေး နက်ကြီးများကိုတော့ သဲသဲကွဲကွဲ လှမ်းမြင်ကြရလေသည်။

ထိုသို့ မြင်နေရသော်လည်း အနီးရောက်အောင် မသွား ဲကြပေ။ သည်အချိန်မျိုးမှာ သွားပါက သူတို့သုံးယောက်ပါ ခွေး နက်ကြီးများ အစွယ်အောက်မှာ အသက်ပျောက်သွားမည်မှာ အသေအချာပင် ဖြစ်သည်။

သူတို့ ကြည့်နေစဉ်မှာပင် ထိုမိန်းမမှာ တဖြည်းဖြည်းနှင့် အော်သံများ ပျောက်ကွယ်သွားလေတော့သည်။

အသက်ပျောက်သွားပြီး မလှုပ်နိုင်တော့သည့် အခြေအ နေမျိုး ရောက်သွားဟန်ရှိလေသည်။

အတန်ကြာသောအခါ ခွေးနက်ကြီး သုံးကောင်က ထို မိန်းမကို လည်ကုပ်မှ ကိုက်ချီကာ အမှောင်ရိပ်ထဲသို့ ဆွဲခေါ်သွား သေတော့သည်။

ထို့နောက်မှာတော့ ပတ်ဝန်းကျင်မှာ ပြန်လည်ငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့သည်။

နိမောင်တို့လည်း သုံးယောက်သား တိုင်ပင်ပြီး ခွေးနက်ကြီးများ ဝင်သွားသောဘက်သို့ လိုက်သွားကြလေသည်။

စောစောကနေရာ ရောက်သောအခါ မြေပြင်ပေါ်မှာ ပြန့်ကျဲနေသော သွေးကွက်ကြီးများနှင့် အပိုင်းအတစ်ဖြစ်ကာ ကျန်ခဲ့သော အသားတုံးများကို တွေ့ကြရလေသည်။

သုံးယောက်သား ခွေးနက်ကြီးများ ထွက်သွားရာနောက်သို့ လိုက်သွားကြသော်လည်း အတန်ကြာသည်အထိ ဘာမှ မတွေ့ကြရသဖြင့် အံ့ဩနေကြသည်။

အတန်ကြာသောအခါ ရေကန်ကြီးတစ်ကန်ရှိရာသို့ ရောက်သွားကြသည်။ ရေကန်ကြီးမှာ အတော်ကျယ်ဝန်းပြီး ကြာပန်းများပင် ရှိလေသည်။

သုံးယောက်သား ထိုရေကန်ကြီးကို တွေ့မြင်ရသဖြင့် များစွာအံ့ဩနေကြသည်။

ငင်းတို့အနေဖြင့် ထိုအရပ်ဒေသမှာ မွေးဖွားကြီးပြင်းလာကြသူများ ဖြစ်သဖြင့် ထိုနေရာဒေသများသို့ နေရာအနှံ့ သွားလာဖူးကြပေသည်။

ဆီးဖြူတောင်တန်း၊ ဆီးပင်တောင်၊ ကြက်မောက်တောင်နှင့် မှန်ကင်းတောင်တန်းနေရာများသို့ ရောက်ဖူးကြသည်။ နေရာအနှံ့ သွားလာခဲ့ဖူးသည်။

ယခုကဲ့သို့ ကြီးမားသောရေကန်မျိုး တစ်ခါမှမတွေ့ခဲ့





ဖူးသေးပေ။

"ရေကန်ကြီးပါလား၊ အတော်ကြီးတယ်"

"ဟုတ်ပါရဲ့ ငါတို့သုံးယောက်လည်း ဒီတောင်တန်းတွေပေါ်မှာ သွားလာနေကြတာ အတော်ကလေး နှံ့နေပါပြီ၊ ဒီလိုရေကန်မျိုး တစ်ခါမှမတွေ့ဖူးပါဘူး"

ဟု ငမဲအောင်က ပြောသည်။

"တောထဲမှာ ရေကန်ရှိနေတာ ဘာများဆန်းသလဲကွာ၊ ငါတို့ မတွေ့တာဖြစ်မှာပေါ့၊ ဒါထက် ဟိုမိန်းမနဲ့ ခွေးနက်ကြီးတွေ ဘယ်ရောက်သွားပြီလဲ"

"တစ်နေရာရောက်သွားလို့ ဖြစ်မှာပေါ့"

ထိုသို့ပြောနေကြစဉ် တစ်နေရာမှ ခွေးကြီးများ မာန်ဖီသောအသံကို ကြားကြရသဖြင့် ထိုနေရာသို့ လှမ်းကြည့်လိုက်သောအခါ တောစပ်မှ ခွေးနက်ကြီးသုံးကောင် ထွက်လာကြလေသည်။

တစ်ကောင်က မိန်းမတစ်ယောက်ကို လည်ကုပ်မှ ကိုက်ကာ တရွတ်တိုက် ဆွဲယူလာသည်။ ထိုမိန်းမမှာ မလှုပ်မယှက်နှင့် အသက်ရှိတော့ဟန် မတူပေ။

ရေကန်အစပ်နားသို့ ရောက်သောအခါ ခွေးနက်ကြီးများက ထိုမိန်းမကို အောက်သို့ချပြီး ဝိုင်းဝန်းကိုက်ဖဲ့ စားသောက်ကြသည်။

မိန်းမကိုယ်ပေါ်မှ အသားများမှာ ခွေးနက်ကြီးများအား



www.burmeseclassic.com

www.burmeseclassic.com



စွယ်ကြောင့် အတစ်လိုက် အကွင်းလိုက် ပြတ်ပါသွားလေသည်။

မြင်ကွင်းမှာ ကြောက်စရာလည်းကောင်း၊ မကြည့်ရက်စရာမျိုးလည်း ဖြစ်တော့သည်။

သို့သော်လည်း သူတို့အနေဖြင့် ဘာမှ မတတ်နိုင်ကြပါချေ။ အတန်ကြာတော့ တစ်ကိုယ်လုံး အရိုးများသာ ကျန်ခဲ့တော့သည်။

ခွေးနက်ကြီးများက ထိုမိန်းမတစ်ကိုယ်လုံး ကုန်စင်အောင် စားသောက်ကြပြီး ထိုအရိုးများကို ရေကန်ထဲ ပစ်ချခဲ့ပြီး တောထဲသို့ ပြန်ဝင်သွားကြလေတော့သည်။

ထို့နောက်မှာတော့ အခြေအနေက ပြန်လည်ငြိမ်သက်သွားပြန်လေသည်။

နီမောင်တို့ သုံးယောက်မှာ ထိုညအဖို့တော့ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှသော မြင်ကွင်းများကို တစ်ခုပြီးတစ်ခု တစ်မျိုးပြီးတစ်မျိုး မြင်နေကြရလေသည်။

နောက်ထပ် အခြေအနေ မထူးတော့မှ ထိုနေရာသို့ သွားကြလေသည်။

အချိန်မှာလည်း သန်းခေါင်ယံအချိန်သို့ ရောက်ခဲ့ချေပြီ။ သူတို့ ရေကန်နားရောက်သော အချိန်တွင် ရေကန်ထဲမှ အမျိုးသမီးတစ်ယောက် တက်လာလေသည်။

"ဟင်. . ."

ထိုအမျိုးသမီးမှာ ရှည်လျားသော ဆံပင်များရှိပြီး သူမ





အဝတ်အစားများမှာလည်း ရေစိုနေသည်။ ထိုအမျိုးသမီးက သူတို့ရှိရာ လှမ်းကြည့်ပြီး လျှောက်လာလေသည်။

"ဒင်းတို့က ငါတို့ရွာကို လာကြတဲ့လူတွေလား"

သူမက မနီးမဝေးမှာ ရပ်ပြီးမေးသည်။

"နင်တို့ရွာနာမည်က ဘာလဲ"

"ညမြင်နေ့ပျောက်ရွာ"

"ဟင်. . . ဒါဖြင့် နင့်နာမည်က ဘယ်သူလဲ"

"ငါ့နာမည် မြသင်းကြူလို့ခေါ်တယ်"

"ဒါဖြင့် ငါနဲ့ ကညင်ပင်ပေါ်မှာတွေ့ခဲ့တာ နင်လား"

"နင်ကကော ပျားဖွပ်တဲ့သူလား"

"ဟုတ်တယ်၊ ငါ့နာမည် နီမောင်လို့ ခေါ်တယ်"

နီမောင်က သူ့ကိုယ်သူ မိတ်ဆက်ပေးလိုက်တော့မှ မြသင်းကြူဆိုသော အမျိုးသမီးက တစ်ချက် ပြုံးလိုက်လေသည်။

"နင်က ပေးထားတဲ့ကတိတော့ တည်သားပဲ၊ ကဲ ငါတို့ရွာကို သွားကြရအောင်"

"နင်တို့ရွာက ဘယ်နေရာမှာလဲ"

"မဝေးပါဘူး၊ ဟိုဘက်နားမှာတင် ရှိပါတယ်"

"ဒါထက် ဒီလောက် အချိန်မတော်ကြီးမှ နင်က ရေကန်ထဲ ဘာဆင်းလုပ်နေတာလဲ"

"ပူလို့ ရေဆင်းစိမ်နေတာပါ"

မြသင်းကြူက ထိုမျှသာ ပြန်ပြောသော်လည်း သူမအ



www.burmeseclassic.com

www.burmeseclassic.com



ဖြေက ပြည့်စုံမှုတော့ မရှိပေ။

ထို့နောက်မှာတော့ မြသင်းကြူခေါ် ရာနောက်သို့ လိုက်သွားကြလေသည်။

သူမတို့ နေသော ညမြင်နေ့ပျောက်ရွာမှာ ရေကန်ရှိသောနေရာနှင့် မဝေးလှပေ။

ထိုနေရာရောက်မှ ပိုပြီးအံ့ဩဖို့ကောင်းသော မြင်ကွင်းကို တွေ့မြင်ကြရသည်။ အခြားတော့ မဟုတ်ပေ။

တစ်ရွာလုံး မီးများ လင်းထိန်လျက်ရှိနေပြီး တစ်ရွာလုံး အိမ်ကြီးအိမ်ကောင်းများသာ တွေ့မြင်ရသောကြောင့် ဖြစ်သည်။

မြသင်းကြူက သူတို့သုံးယောက်ကို ရွာလယ်လောက်မှာရှိသော အိမ်ကြီးတစ်လုံးဆီသို့ ခေါ်သွားလေသည်။

ထိုအိမ်ကြီးမှာ ပျဉ်ကာ ပျဉ်ခင်းနှင့် သက်ကယ်မိုးထားသော နှစ်ဆောင်ပြိုင်အိမ်ကြီးပင် ဖြစ်၏။

ထိုအိမ်ကြီးမှာလည်း မြသင်းကြူအပြင် အခြားမိသားစုများ ရှိနေကြသည်ကို တွေ့ရလေသည်။

၎င်းတို့ကလည်း သူတို့ကို မြင်သောအခါ ဖော်ဖော်ရွေရွေဖြင့် ဆီးကြိုနှုတ်ဆက်ကြသည်။

သူတို့ကို နေရာထိုင်ခင်း ချပေးပြီးနောက် မြသင်းကြူက အိမ်ထဲဝင်သွားသည်။

ခဏကြာတော့ ရေစိုအဝတ်များ လဲပြီး ပြန်ထွက်လာသည်။ ထိုအခါမှ မြသင်းကြူကို အသေအချာ ကြည့်မိတော့





သည်။ မြသင်းကြူမှာ အသက်နှစ်ဆယ်ကျော် အရွယ်ခန့်သာ ရှိသေးပြီး ချောမောလှပသူ ဖြစ်သည်။

ရှည်လျားသောဆံပင်၊ မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် မျက်နှာပေါက်ပြေပြစ်သူ ဖြစ်လေသည်။

နီမောင် စိတ်ထဲမှာတော့ မြသင်းကြူအပါအဝင် ၎င်းတို့မိသားစုများကို သာမန်လူများမဟုတ်ပဲ ပရလောကသားများ ဖြစ်မည်ဟုသာ တထစ်ချယုံကြည်ထားလေသည်။

သူ့အနေဖြင့် ပရလောကသားများ၏ လှည့်စားမှုများနှင့် မကြာခဏ တွေ့ကြုံနေရသောကြောင့်လည်း ယခုကဲ့သို့ တွေ့ကြုံရသည်ကိုတော့ ကြောက်ရွံ့မှု မရှိလှပေ။

"နင်တို့ ထမင်းစားပြီးပြီလား"

"အင်း . . စားပြီးခဲ့ပြီ၊ ဒီကိုမလာခင် ဟိုဘက်မှာ ရွာတစ်ရွာတွေ့လို့ သူတို့ဆီမှာ စားခဲ့တာ"

မြသင်းကြူက ခေါင်းညိတ်ပြသည်။

"နင်တို့ နေ့မြင်ညပျောက်ရွာကို ရောက်ခဲ့ကြတာထင်တယ်"

"ဟုတ်တယ် . . "

"အဲဒီရွာမှာ အစ်မနဲ့ညီမရှိတယ်၊ တွေ့ခဲ့သေးလား"

"မြနှင်းဖြူနဲ့ မြဝင်းသူတို့ကို ပြောတာလား"

သူမက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် နင်တို့ကို ထမင်းကျွေးလိုက်တဲ့ သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်က ငါနဲ့ ညီအစ်မတော်တယ်"

ထိုအခါမှ ဟိုဘက်ရွာမှာ တွေ့ခဲ့ရသော နှစ်ယောက်နှင့် မြသင်းကြူမှာ ရုပ်ရည်ချင်း အတော်ကလေးဆင်သည်ကို သတိပြုမိလေသည်။

"အံ့သြစရာပဲ"

နီမောင်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"ဘာကို အံ့သြနေတာလဲ"

"တောနက်ကြီးထဲမှာ တစ်ညလုံး မအိပ်ပဲ နေကြတဲ့ ရွာတွေကို တွေ့ရလို့ အံ့သြနေတာပါ"

"ဘာများ အံ့သြစရာရှိသလဲဟာ၊ လောကကြီးမှာ ထူးဆန်းတဲ့ အကြောင်းအရာတွေ အများကြီး ရှိနေတာပဲ၊ နင်တို့ငါတို့ မသိသေးတဲ့ အကြောင်းအရာတွေလည်း အများကြီး ရှိတာပဲ ကဲ. . နင်တို့ ထမင်းစားပြီးရင်လည်း ငါတို့ဆီရောက်မှတော့ ထူးဆန်းတဲ့ အစားအသောက်တွေ ကျွေးပါရစေဦး"

ဟု ပြောကာ နေရာမှ ထသွားလေသည်။

ထိုအခါ ကျန်နှစ်ယောက်က လေသံတိုးတိုးဖြင့် ကပ်ပြောကြသည်။

"နီမောင်"

"ဘာလဲ"

"ငါတို့ကို ထူးထူးဆန်းဆန်း အစားအသောက်တွေ ကျွေးမယ်လို့ ပြောသွားတယ်၊ ဘာတွေ ကျွေးဦးမှာလည်း မသိ





ဘူး"

"ငါလည်း ဘယ်သိမှာလဲ"

"တော်ကြာ. . အသားစိမ်းငါးစိမ်းတွေ ယူလာပြီး ကျွေးရင်တော့ ဒုက္ခပါပဲ"

"ဒီတော့လည်း မျက်စိမှိတ်ပြီးတော့ ငှတ်မြိုချလိုက်ပေါ့ကွာ"

ထိုသို့ပြောနေစဉ် မြသင်းကြူက ပြန်ထွက်လာသည်။

သူမလက်ထဲမှာ လင်ဗန်းတစ်ချပ် ကိုင်လာပြီး ထိုလင်ဗန်းအတွင်းမှာ အစားအသောက်များ ပါလာသည်။

သူတို့ထင်သလို အသားစိမ်း ငါးစိမ်းများတော့ မဟုတ်ပါချေ။ ကြေးအိုး၊ ကြေးဖလားများဖြင့် ထည့်ယူလာသော အစားအသောက်များမှာ ထမင်းဟင်း မဟုတ်ဘဲ ဆေးရည်များပင်ဖြစ်သည်။

မြသင်းကြူက ကြေးအိုးထဲမှ နီညိုရောင်အရည်များကို ကြေးဖလားအတွင်းသို့ လောင်းထည့်ပြီး တစ်ယောက်တစ်ခွက်စီ ပေးသည်။ ရုတ်တရက် ကြည့်ပါက သွေးရည်များ ထင်သဖြင့် မယုံ့ကြပေ။

"ဒါ သွေးရည်တွေပါ. . . သောက်ကြပါ"

"သွေးရည်တော့ မသောက်ပါရစေနဲ့"

မြသင်းကြူက သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"နင်တို့ကလည်း တောထဲတောင်ထဲမှာ သွားလာနေကြ



www.burmeseclassic.com

ပြီးတော့ ကြောက်တတ်လိုက်တာ လွန်ပါရော၊ ဒါတွေက အ
ကယ့်သွေးတွေ မဟုတ်ပါဘူး၊ ဆေးဖက်ဝင်တဲ့ ကျောက်သွေး
တွေပါ”

သည်တော့မှ . . တစ်ယောက်တစ်ခွက်စီယူ၍ မော့
သောက်ကြလေသည်။

ကျောက်သွေးရည်မှာ အရှားပါးဆုံး သဘာဝ ဆေးဖက်
ဝင်ဖြစ်ပြီး နတ်ဆေးရည်တမျှ အစွမ်းထက်လှပေသည်။

ကျောက်တောင် ကျောက်ဂူများမှာ ရနိုင်သော်လည်း
တော်ရုံနှင့် ရှာမတွေ့နိုင်သည့် ဆေးရည်မျိုးလည်း ဖြစ်သည်။

(ထိုဆေးရည်ကို ရုတ်တရက် မတွေ့နိုင်ကြခြင်းမှာ နတ်
များက ကွယ်ဝှက်ထားသောကြောင့်ပင် ဖြစ်သည်။ ထိုက်သူများ
သာ တွေ့နိုင်ပြီး မထိုက်သူများ မတွေ့နိုင်သည့် နတ်ဆေးရည်မျိုး
လည်း ဖြစ်သည်။)

ကျောက်သွေးရည်ကို သောက်ချလိုက်သည်နှင့် လည်
ချောင်းတစ်လျှောက် အေးသွားရုံမက ရင်ထဲမှာပါ အေးသွား
လေတော့သည်။

ထို့နောက်မှာတော့ မြသင်းကြူက ဆေးတစ်မျိုးကို ကျွေး
ပြန်လေသည်။

“ဒီဆေးက အသက်ရှည်ဆေးလို့ ခေါ်တယ်၊ အဆက်
ကလူစီဆေးပင်ကို ပျားရည်ကျောက်သွေးနဲ့ ရောစပ်ထားတာ”

“အဆက်ကလူစီ ဆေးပင်ဆိုတာ ဘယ်လိုဆေးပင်





မျိုးလဲဟင်”

“လူသူမရောက်နိုင်တဲ့ ကျောက်ဂူကြီးတွေရဲ့ အတွင်း
ပိုင်းမှာ ပေါက်လေ့ရှိတယ်၊ အဲဒီ ဆေးပင်ပေါက်တဲ့နေရာမှာ
ကျောက်သွေး ရှိတယ်၊ အဲဒီဆေးပင်က ကျောက်သွေးရေကို
သောက်ပြီးမှ ရှင်သန်နိုင်တယ်၊ သာမန်လူတွေ မတွေ့နိုင်ဘူး”

“ဒါဖြင့် အဲဒီဆေးပင်ကို ဘယ်သူတွေ သုံးခွင့် ရသလဲ
ဟင်”

“သိဒ္ဓိရှိတဲ့ ဝိဇ္ဇာဇော်ဂျီတပသီတွေပဲ သုံးစွဲခွင့် ရနိုင်ကြ
တယ်”

“ဒါဖြင့် နင်တို့ကရော သိဒ္ဓိရှိတဲ့ သူတွေပဲလားဟင်”

“နင်က ကြံကြံဖန်ဖန် အတော်မေးတတ်တယ်၊ ငါက
သိဒ္ဓိမရှိပေမယ့် အဲဒီဆေးပင်ရှိတဲ့ နေရာကိုသိလို့ ယူလာနိုင်
တာပေါ့”

ဟုပြောသဖြင့် နီမောင်တို့လည်း ထွေထွေထူးထူး
စဉ်းစားမနေတော့ပဲ မြသင်းကြူပေးသော အသက်ရှည်ဆေးကို
စားကြပြန်လေသည်။

ထိုသို့စားပြီးသည်နှင့် ဘယ်လိုမှ မဟန်နိုင်တော့ပဲ အိပ်
ချင်လာကြလေသည်။

“နင်တို့ ပင်ပန်းလာတော့ အိပ်ချင်လာကြပြီထင်တယ်၊
ဒီအိမ်ရှေ့ခန်းမှာပဲ အိပ်ကြပေါ့၊ ဒီမှာ ဘယ်လိုအန္တရာယ်မှမရှိ
စေရပါဘူး၊ စိတ်ချလက်ချသာ အိပ်ကြပေတော့”

www.burmeseclassic.com



ဟုပြောသော မြသင်းကြူအသံကို နောက်ဆုံးကြားလိုက်ရပြီး သုံးယောက်သား အိပ်ပျော်သွားကြလေတော့သည်။

ခရီးပင်ပန်းလာသည်ကတစ်ကြောင်း၊ အိပ်ရေးပျက်နေသည်ကတစ်ကြောင်းအပြင် မြသင်းကြူပေးသော ဆေးရည်များအစွမ်းကြောင့် မကြာခင်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။

ထိုအခါမှ မြသင်းကြူအနားသို့ အိမ်သားများ ရောက်လာကြလေတော့သည်။

အသက်ကြီးကြီးနှင့် လူကြီးတစ်ယောက်က ပြောသည်။

"သူတို့ကို ဘာဖြစ်လို့ ဒီနေရာရောက်အောင် ခေါ်ထားခဲ့တာလဲ သမီးရယ်"

"သူတို့က ဆင်းရဲပေမယ့် စိတ်ထားဖြူစင်ကြပါတယ်၊ ဒါကြောင့် ခေါ်ခဲ့တာပါ"

"အဘတို့နဲ့ သူတို့က ဘဝချင်း တူကြတာမှ မဟုတ်တာ၊ တကယ်လို့ အဘရဲ့ဘဝအခြေအနေတွေကို သူတို့ သိသွားခဲ့ရင် စိတ်ဆင်းရဲရုံအပြင် ဘာရှိမှာလဲကွယ်"

"စိတ်မပူပါနဲ့ အဘရယ်. . . မသိစေရပါဘူး"

"အေးလေ. . . မသိရင်လည်း ပြီးတာပါပဲ၊ ဒါပေမယ့် သမီးစိတ်ထဲမှာ အမြဲသတိရနေဖို့က သူတို့နဲ့ အဘတို့က ဘဝချင်း မတူကြဘူး၊ သူတို့က လူ့ဘုံဘဝက လူတွေ၊ အဘတို့က အပါယ်လေးဘုံသားတွေ ဆိုတာကိုတော့ ဘယ်တော့မှ မမေ့ပါနဲ့"





ဟုပြောပြီး အဘိုးကြီးက နေရာမှ ပြန်ထွက်သွားလေသည်။ ထိုအခါ မြသင်းကြူ မျက်နှာလေးမှာ ညှိုးကျသွားလေတော့သည်။

မျက်ဝန်းမှာလည်း မျက်ရည်များ လည်လာလေသည်။

သူမသည် မျက်ရည်များပြည့်နေသော မျက်ဝန်းဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီဖြစ်သော နီမောင်ကို တစ်ချက်ကြည့်လိုက်သည်။

ထိုအချိန်၌ သူမစိတ်ထဲမှာ ခံစားနေရသော ခံစားချက်များကို သူမတစ်ယောက်တည်းသာ သိလေသည်။

ထိုသို့ ကြည့်နေရင်းမှ တိုးတိုးလေး ရေရွတ်လိုက်သည်။

"သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြရတဲ့ သူတွေအားလုံး ဘဝတွေ အဆင့်အတန်းတွေ ကွာခြားနေကြရပေမယ့် အားလုံး တူညီတဲ့ အချက်တစ်ခုတော့ ရှိကြပါတယ်၊ အဲဒါကတော့ မေတ္တာတရားပဲ ဖြစ်ပါတယ်၊

ဘယ်လိုဘုံသားတွေပဲ ဖြစ်ကြပါစေ၊ မေတ္တာတရားနဲ့ ပတ်သက်လာရင်တော့ အတူတူခံစားကြရတာပါပဲ အဘရယ်"

ဟု ရေရွတ်သံများက သူမရင်ထဲမှာ ပဲ့တင်သံများအဖြစ် ရိုက်ခတ်လျက် ရှိနေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

# ညို့ကြိုးစက်ကွင်း ချစ်ခြင်းမေတ္တာ

အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည် မသိကြ သေး၊ သူတို့သုံးယောက် ပြန်နိုးလာသော အချိန်မှာ အလင်းရောင် အတော်ရနေပေပြီ။

သစ်ကိုင်းသစ်ရွက်များကြားမှ ထိုးဖောက်ဆင်းလာ သော နေရောင်ခြည်ကိုပင် တစ်စွန်းတစ်စ မြင်နေရသည်။

အိပ်ပျော်နေရာမှ ပြန်နိုးလာသော်လည်း မထကြသေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အခြေအနေကို အဲခတ်ကြည့်ကြသည်။

သူတို့ အိပ်နေသောနေရာမှာ ညက အိပ်ခဲ့သောနေရာပင်ဖြစ်၏။

ယခုရောက်နေသောအိမ်မှာလည်း ညက သူတို့ရောက်ခဲ့သော အိမ်ပင်ဖြစ်၏။

ဘာမှ ပြောင်းလဲမှု မရှိပေ။ တစ်ခုပဲ ထူးခြားနေသည်။

တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေပြီး လူသံသူသံများ မကြားရခြင်းပင် ဖြစ်၏။

"ဘယ်လိုလဲ နီမောင်၊ အိမ်တစ်ခုလုံးလည်း တိတ်နေတာပါပဲလား"

"အလုပ်သွားကြတာ ဖြစ်မှာပေါ့"

"ငါတို့ ကျတ်ကုန်းရောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ကျတ်ကုန်းရောက်ရင် တောထဲမှာပဲ ရောက်နေမှာပေါ့၊ အခု အိမ်ပေါ်မှာပဲ ရှိနေသေးတာ၊ ကျတ်ကုန်း ဘယ်ဖြစ်မှာလဲ"

"ဘယ်ပြောနိုင်မှာလဲ. . . တချို့တန်ခိုးရှိတဲ့ ကျတ်တွေက ကမ္ဘဇိ ဒွိအစွမ်းတွေနဲ့ ဖန်ဆင်းထားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

သုံးယောက်သား အချင်းချင်း ပြောဆိုပြီး အိပ်နေရာမှ ထကြလေသည်။

အိမ်ကြီးမှာ ၎င်းတို့ညက မြင်တွေ့ရသည့်အတိုင်းပင်





ဖြစ်ပြီး အသုံးအဆောင်ပစ္စည်းများမှာလည်း ဘာမှ ခြေရာလက်ရာမပျက်ပေ။

ညက မြသင်းကြူတိုက်ခဲ့သော ဆေးရည့်ထည့်သည့် ကြေးအိုးနှင့် ကြေးဖလားများကိုပင် အခြေအနေမပျက် တွေ့ကြရသည်။

"အတော်ကလေး ထူးဆန်းတယ်၊ အိမ်နဲ့ ပစ္စည်းတွေရှိနေပါလျက်နဲ့ လူတွေတစ်ယောက်မှ မရှိတာကတော့ အတော်ဆန်းတယ်"

"တောထဲကို အလုပ်သွားနေကြတာများ ဖြစ်မလား"

"အလုပ်သွားတယ်ဆိုရင်လည်း ကလေးတွေ မိန်းမတွေနဲ့ ခွေးတွေတော့ ကျန်ခဲ့ကြမှာပေါ့၊ အခု လူမဆိုထားနဲ့ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရဘူး"

သုံးယောက်သား နေရာမှထပြီး အပြင်သို့ ထွက်ခဲ့ကြသည်။နေအတော်မြင့်ပြီဖြစ်သောကြောင့် တောထဲမှာ အလင်းရောင်ရနေချေပြီ။

သစ်ကိုင်းသစ်ရွက်များကြားမှာ ဖြာကျလာသော နေရောင်ခြည်ကိုပင် မြင်နေရသည်။

ထိုအခါမှ ရွာ၏အခြေအနေကို ကြည့်ရပေတော့သည်။

ရွာမှာ အိမ်ခြေလေးငါးဆယ်ခန့်ရှိပြီး အတော်အတန်ကြီးသော ရွာပင်ဖြစ်သည်။

တစ်ခုထူးခြားသည်မှာ ဆောက်ထားသော အိမ်ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



များမှာ သာမန်တောရွာများတွင် ဆောက်လုပ်နေထိုင်ကြသည့် အိမ်များနှင့်မတူပဲ အသွင်ခြားနားနေသည်။

ပျဉ်ကာပျဉ်ခင်းထားပြီး သက်ငယ်ပျစ်များ မိုးထားကြလေသည်။

ထို့ပြင် ပျဉ်ချပ်များ အားလုံးတို့ကို ရေနံချေးများ သုတ်ထားသောကြောင့် မည်းမှောင်နေသည်။

ပုံသဏ္ဍာန်များမှာလည်း အားလုံး နှစ်ဆောင်ပြိုင်အိမ်ပုံစံမျိုး ဖြစ်ကြလေသည်။

နီမောင်တို့ သုံးယောက်မှာ တအံ့တသြဖြင့် ရွာလမ်းအတိုင်းလျှောက်ကာ ကြည့်ကြလေသည်။

အိမ်များအားလုံး တံခါးများဖွင့်ထားပြီး အသုံးအဆောင်ပစ္စည်းများက ခြေရာမပျက် ရှိနေကြသော်လည်း. . . လူတစ်ယောက်မှ မတွေ့ကြရပေ။

ထို့ပြင် မွေးထားသော တိရစ္ဆာန်များကိုပင် တစ်ကောင်တစ်မြီးမှ မတွေ့ရသဖြင့် ထူးဆန်းနေတော့သည်။

အချို့နေရာများတွင် မောင်းဆုံများအတွင်းမှာ ဖွပ်လက်စ ဆန်များပင် ရှိကြသေးသည်။

အချို့ ရေနွေးပန်းကန်ထဲသို့ ရေနွေးငှဲ့ထည့်ထားသည်။

အချို့အိမ်များမှာတော့ စားလက်စ ထမင်းဝိုင်းများကိုပင် တွေ့မြင်ရသည်။

"ငါ့အထင်ပြောရရင်တော့ သူတို့တစ်ရွာလုံး တစ်နေ





ရာက လှမ်းခေါ်လို့ သွားနေပုံပေါ်တယ်"

"ဘယ်သူက ခေါ်တာလဲ"

"အဲဒါတော့ ဘယ်သိမလဲကွာ၊ သူတို့ ကြောက်ရတဲ့သူ ဒါမှမဟုတ် တန်ခိုးသိဒ္ဓိ ရှိတဲ့သူမျိုး ဖြစ်မှာပေ့ါ"

သုံးယောက်သား စကားတပြောပြောနှင့် ရွာဆုံးရွာဖျားလျှောက်ကြည့်ကြပြီး အခြေအနေ မထူးတော့မှ ရွာအပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

ရွာအပြင်ဘက်သို့ အတန်ငယ် သွားမိသောအခါ ညက တွေ့ခဲ့ရသော ရေကန်ရှိရာသို့ ရောက်သွားကြသည်။ ထိုရေကန်မှာလည်း ညက မြင်ခဲ့ရသည့်အတိုင်း ကြာပန်းကြာရိပ်များဖြင့် ဆင့်တယ်လှပနေလေသည်။

"ညက မြသင်းကြူဆိုတဲ့ အမျိုးသမီး ဒီရေကန်[illegible] ထွက်လာတာ မဟုတ်လား၊ အခု. . ရေကန်ထဲကိုများ ပြန်[illegible] သွားပြီလား မသိဘူး"

စောထီးက ရေကန်ဘက်သို့ လှမ်းကြည့်ရင်း ပြောလိုက်သည်၊ ထိုသို့ပြောသဖြင့် ကျန်နှစ်ယောက်ကပါ ဇဝေဇဝါဖြင့် လှမ်းကြည့်နေကြသည်။

လေတိုက်နေသောကြောင့် ရေကန်အတွင်းမှ ကြာများ လှုပ်ယမ်းနေသည်ကို မြင်ရလေသည်။

ထိုသို့ လှုပ်ယမ်းနေသည်ကပင် ရေအောက်၌ လူများရှိသကဲ့သို့ ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ ထိုနေရာမှာ ရပ်ကြည့်နေကြသော်လည်း အခြေအနေမထူးတော့မှ ထိုနေရာမှဆက်လျှောက်ခဲ့ကြလေသည်။

သူတို့သုံးယောက်မှာ ညကလာခဲ့သော လမ်းအတိုင်းပင် ပြန်ခဲ့ကြခြင်း ဖြစ်သည်။

နောက်ဆုံးမှာတော့ မြနှင်းဖြူတို့နေသော နေ့မြင်ညပျောက်ရွာသို့ ပြန်ရောက်ခဲ့ကြလေသည်။

သူတို့ ပြန်လာတာမြင်တော့ မူလတွေ့ခဲ့ရသော အဘိုးကြီးနှင့်ပင် ပြန်တွေ့ရသည်။

"မောင်ရင်တို့ ပြန်လာခဲ့ကြပြီလား"

"ဟုတ်ကဲ့ ပြန်ခဲ့ကြပါပြီ"

"ညမြင်နေ့ပျောက်ရွာကို ရောက်ခဲ့ကြရဲ့လား၊ နောက်ပြီး . အဲဒီရွာက မိတ်ဆွေနဲ့ရော တွေ့ခဲ့ကြရဲ့လား"

"ဟုတ်ကဲ့ တွေ့ခဲ့ရပါတယ်"

"ဒါဖြင့် ဒီရွာမှာ ဝင်နားကြဦးမလား၊ စားသောက်ရင်း နားကြပါဦးလား၊ ဒီရွာမှာတော့ ဘာမှ အားနာစရာ မရှိပါဘူး"

"မနားတော့ပါဘူး အဘ၊ ကျွန်တော်တို့ အလုပ်ကလေး တွေရှိလို့ ပြန်ပါဦးမယ်"

"တစ်နေရာနဲ့ တစ်နေရာဆိုတာ ရောက်နိုင်ဖို့ မလွယ်လှဘူး၊ ရောက်တဲ့အခိုက် လက်ဖက်ရည်လေးဘာလေး သောက်သွားကြပါဦး"





ဟု အတင်းခေါ်နေရာ အားနာသောကြောင့် ၎င်းတဲအခန်းသို့ ဝင်ထိုင်ကြရသည်။

သူတို့ဝင်သွားသည်နှင့် . မြနှင်းဖြူ၊ မြဝင်းသူတို့နှစ်ယောက်က ထွက်လာပြီး လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံကြလေသည်။

၎င်းတို့နှစ်ယောက်မှာလည်း မြသင်းကြူကဲ့သို့ ရုပ်ရည်ချောမောပြေပြစ်သူများ ဖြစ်ကြသည်။

မြနှင်းဖြူတို့က ဧည့်ခံတော့ အဘိုးကြီးက တစ်နေရာသို့ ထွက်သွားလေသည်။

"ဒါထက် အစ်ကိုတို့ ဟိုဘက်ရွာသွားကြတာ မြသင်းကြူနဲ့ တွေ့ခဲ့ကြသလား"

"တွေ့ခဲ့ရပါတယ်၊ သူက ပြောတယ်၊ ဒီက မြနှင်းဖြူတို့နှစ်ယောက်က သူနဲ့ ညီအစ်မ တော်ကြတယ်လို့ ပြောလိုက်တယ်၊ ဟုတ်သလားဟင်"

"ဟုတ်ပါတယ်"

"ဘာကြောင့် အတူတူ မနေကြတာလည်းဟင်"

သူနဲ့ ကျွန်မတို့ ညီအစ်မက အခြေအနေချင်း မတူကြလို့

ထိုသို့ ပြောသည်ကို နီမောင်တို့ စိတ်ထဲမှာ ဘဝအခြေအနေချင်း မတူသောကြောင့်ဟု ထင်လိုက်ကြသည်။

ဟုတ်တော့လည်း ဟုတ်လောက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြသင်းကြူတို့နေသော ညမြင်နေ့ပျောက် တစ်ရွာလုံး နှစ်ဆောင်ပြိုင်အိမ်ကြီးများသာဖြစ်ကြပြီး ယခု သူတို့ ရောက်နေကြသည့် မြနှင်းဖြူတို့နေကြသည့် နေ့မြင်ညပျောက် တစ်ရွာလုံးကတော့ သာမန်တဲအိမ်များသာ ဖြစ်ကြလေတော့သည်။

"ညီအစ်မချင်း တူပြီး ဘဝအခြေအနေချင်း မတူဘူးဆိုတာ ဘာကိုပြောတာလဲဟင်"

"လူတစ်ယောက်နဲ့တစ်ယောက် ကုသိုလ်ကံချင်းမှ မတူကြတာ အစ်ကိုရယ်၊ မိသားစုချင်း တူကြပေမယ့် တချို့ကျ ဆင်းရဲကြတယ်၊ တချို့ကျတော့ ချမ်းသာကြသလိုပေါ့၊ ကျွန်မတို့ညီအစ်မသုံးယောက်ဘဝလည်း ဒီအတိုင်းပါပဲ"

မြနှင်းဖြူက ဝမ်းနည်းသောအသံမျိုးဖြင့် ပြောနေသဖြင့် နီမောင်လည်း ဆက်မမေးတော့ဘဲ သူမ ငှဲ့ပေးထားသော လက်ဖက်ရည်ပန်းကန်ကို ယူ၍ သောက်နေလေသည်။

ထို့နောက် အခြားအကြောင်းအရာများကို ပြောဆိုနေကြရင်းမှ ငမဲအောင် ဝင်မေးလိုက်သည်။

"ညတုန်းက ကျွန်တော်တို့ ရောက်နေတုန်း မြနှင်းဖြူတို့ တစ်ရွာလုံး ဘယ်သွားကြတာလဲဟင်"

"အလုပ်သွားကြတာပါ. . ."

"ဟင်. . ညအချိန်မတော်ကြီးမှ အလုပ်သွားကြတယ်ဟုတ်လား. . ဘယ်လိုအလုပ်မျိုးလဲဟင်"

ငမဲအောင်က မနေနိုင်မထိုင်နိုင် ဆက်မေးသောအခါ





အနားမှာ ထိုင်နေသည့် မြဝင်းသူက ဝင်ပြောလေသည်။

"ဘယ်လိုအလုပ်မျိုးလဲဆိုတာ သိချင်ရင် ကျွန်မတို့နဲ့ လိုက်ခဲ့ရင် သိရမှာပေါ့"

ထိုသို့ မျက်နှာထားတည်တည်ဖြင့် ဝင်ပြောသောအခါ ငမဲအောင်လည်း နောက်ထပ် ဆက်မမေးဝံ့တော့ပေ။

ထို့နောက်မှာတော့ မြနှင်းဖြူတို့ကို နှုတ်ဆက်ပြီး ထိုရွာမှ ထွက်ခဲ့ကြလေသည်။

မိမိတို့ ပျားတဲသို့ ပြန်ရောက်သောအခါ ထိုအကြောင်းများကို မေ့ထားလိုက်ကြပြီး မိမိတို့ပြုလုပ်ရမည့် ပျားဖွပ်သောအလုပ်ကို အာရုံစိုက်ပြီး ဆက်လုပ်ကြလေသည်။

နောက်ညများမှာ နီမောင် သစ်ပင်တက်သော အလှည့်တွင် မြသင်းကြူနှင့် နောက်ထပ်တွေ့ရလေဦးမလားဟု စိတ်ထဲမှ မျှော်လင့်နေမိသော်လည်း မတွေ့ရတော့ပေ။

တစ်ခါတလေ သစ်ပင်ပေါ်ရောက်တော့မှ သစ်ရွက်များကို လေတိုက်သံကိုပင် မြသင်းကြူ အသံလေလားဟု ထင်နေမိသဖြင့် နားစွင့်ကြည့်ရလေသည်။

သို့သော်လည်း မြသင်းကြူကိုတော့ နောက်ထပ်တွေ့ရတော့ပါချေ။

တစ်နေ့သ၌ ပျားတဲအတွင်းမှာ ရှိနေစဉ် မနီးမဝေးမှာ ရှင်းနေသော နွယ်နီပန်းရနံ့များက လှိုင်နေလေသည်။

ထိုပန်းများ ရှိရာသို့ ဝတ်ရည်စုပ်မည့် ပျားကောင်များ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီး ပန်းခပ်ကြလေသည်။

တချန်နှစ်ယောက်က အလုပ်ရှုပ်နေကြသဖြင့် နီမောင်က အပြင်ဘက်သို့ ထွက်ခဲ့လေသည်။

သူ့လက်ထဲမှာ ဓားရှည်တစ်ချောင်းသာ ပါသည်။

သူသည် ပန်းခပ်နေသော ပျားကောင်များ ပျံသန်းနေသော ဘက်ကိုကြည့်ပြီး ပျားအုံရှိမည့် နေရာဘက်သို့ ခန့်မှန်းကြည့်နေလေသည်။

ပျားလိုက် ကျွမ်းကျင်သူများက ပျားကောင်များ ပျံသန်းရာ အခြေအနေကိုကြည့်ပြီး မည်သည့်နေရာတွင် ပျားအုံရှိမည်ကိုပါ ခန့်မှန်းနိုင်ကြသည်။

အချို့ဆိုလျှင် ပျားကောင်များ ဦးတည်ရာဘက်နှင့် အနိမ့်အမြင့်ကို ကြည့်ရုံနှင့် ယခု ပန်းခပ်နေသောနေရာမှ ပျားအုံရှိသည့် အကွာအဝေးကိုပါ မှန်ကန်အောင် ခန့်မှန်းနိုင်ကြလေသည်။

"ငါ ပျားအုံ ဘယ်နေရာမှာရှိတယ်ဆိုတာ လိုက်ကြည့်ဦးမယ်ဟေ့"

"မင်းတစ်ယောက်တည်းသွားမှာ သတိနဲ့ သွားဟေ့"

နီမောင်က ဘာမှပြန်မပြောတော့ဘဲ ပန်းခပ်နေသည့် ပျားကောင်များ ပျံသန်းရာနောက်သို့ လိုက်သွားလေတော့သည်။

ပျားကောင်များမှာ အတော်မြင့်သောနေရာမှ ပျံနေကြလေရာ ပျားအုံရှိသော နေရာမှာလည်း အတော်ဝေးဝေးမှာ





ရှိနိုင်ကြောင်း ခန့်မှန်းမိလေသည်။

သူသည် တောထဲမှ သွားရင်းနှင့် သွားလမ်းလာလမ်း မှတ်မိစေရန် သစ်ကိုင်းများ ခုတ်ချခဲ့ခြင်း၊ သစ်ပင်ကြီးများ ပင်စည်မှ အခေါက်များကို အကွက်လိုက် ခွာချခဲ့ခြင်းများ (ထိုသို့ပြုလုပ်သည်ကို တောလိုက်သူတို့က မှန်ကပ်ခဲ့သည်ဟု ခေါ်ကြလေသည်။)ကိုပါ တစ်ပါတည်း ပြုလုပ်ထားခဲ့လေသည်။

ထိုသို့ပြုလုပ်ခဲ့ခြင်းဖြင့် သူ့အတွက် ပြန်လမ်းမှတ်မိစေသည့်အပြင် ညဘက်ပျားလိုက်သည့်အခါမှာလည်း ပျားအုံရှိရာသို့ အခက်အခဲမရှိ သွားနိုင်စေရန် ဖြစ်ပေသည်။

နီမောင်မှာ ဓားတစ်လက်ကိုကိုင်ရင်း ပန်းခပ်နေသည့် ပျားကောင်များကို မော့ကြည့်လိုက် သွားလိုက်နှင့် သွားလေရာ ခရီးအတော်ဝေးသွားခဲ့လေပြီ။

၎င်းတို့ စခန်းချနေသောနေရာနှင့် ဝေးသွားပြီး တောင်ခြေဘက်မှာ ရှိသော မဟာမြိုင်ရွာဘက်သို့ပင် တဖြည်းဖြည်း ပြန်နီးလာလေပြီ။

နောက်ဆုံးမှာတော့ ကျောက်တောင်နံရံပေါ်မှာ ပေါက်နေသော တောင်သရက်ပင်ကြီးတစ်ပင်၏ အောက်ကိုင်းမှာ ခွဲနေသော ပျားအုံကြီးရှိရာသို့ ရောက်သွားလေတော့သည်။

သူ့အနေဖြင့် ပင်ပင်ပန်းပန်း လိုက်ရကျိုးနပ်သည်ဟုတော့ ဆိုရပေသည်။

အဘယ်ကြောင့်ဆိုသော် ပျားအုံမှာ အတော်ကြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



ပျားရည်အမြောက်အမြား ရနိုင်သောကြောင့်ပင် ဖြစ်ပေသည်။

နီမောင်မှာ ပျားအုံတွေ့ရပြီ ဖြစ်သောကြောင့် စိတ်မောလူမောဖြစ်သွားပြီး သစ်ပင်တစ်ပင်အောက်မှာ ထိုင်ပြီး ပါလာသောရေကို သောက်ရင်း အမောဖြေနေလေသည်။

အတန်ကြာသောအခါ မိန်းမတစ်ယောက်အော်သံ ကြားရလေတော့သည်။

"ကယ်ကြပါဦးရှင်၊ ကယ်ကြပါဦး၊ ဒီမှာ သေရပါတော့မယ်၊ ကယ်ကြပါဦး"

ထိုအသံက သူရှိနေသောနေရာနှင့် မဝေးလှပေ။

ပထမတော့. . ညက အဖြစ်အပျက်မျိုးနှင့် ထပ်တွေ့ရပြန်ပြီ ထင်သောကြောင့် နေရာမှမထပဲနေသည်။

အော်သံက ထပ်ကြားရပြန်သည်။

"ကယ်ကြပါဦးရှင်. . ကျွန်မမှာ အန္တရာယ်နဲ့ တွေ့နေလို့ ကယ်ပေးကြပါဦး"

အော်သံမှာ သူရောက်နေသောနေရာနှင့် မဝေးလှပေ။

ထို့ပြင် ထိုအသံမျိုးကို ကြားဖူးနေသလို ရှိသောကြောင့် နေရာမှ ထရပ်လိုက်သည်။

"ဒီအသံမျိုး ကြားဖူးသလိုပဲ"

ထို့နောက်မှာတော့ ဓားကိုကိုင်ပြီး အသံကြားရာဘက်သို့ ခပ်သုတ်သုတ် ထွက်သွားလေသည်။

တစ်နေရာရောက်တော့ မမျှော်လင့်သော မြင်ကွင်းကို





တွေ့ရလေသည်။

အမျိုးသမီး တစ်ယောက်ကို စပါးကြီးမြွေတစ်ကောင်က ညို့ကြိုးဖြင့် ညို့နေခြင်းပင် ဖြစ်သည်။

အမျိုးသမီးမှာလည်း အခြားသူ မဟုတ်ပေ။

သူတို့ရွာမှ မာယာပင် ဖြစ်သည်။

စပါးကြီးမြွေက သူမခြေရာပေါ်သို့ ညို့ကြိုးအစွယ်နှစ်ခုဖြင့် ထောက်ထားပြီး ညို့ထားလေရာ မာယာမှာ ဝေးဝေးမသွားနိုင်ပဲ ရှိနေလေသည်။

သူမကြည့်ရသည်မှာ ညို့ကြိုးစက်ကွင်းမိနေသောကြောင့် သတိကောင်းစွာ ရတော့ဟန်မရှိချေ။

သတိရလိုက်၊ အဝေးသို့သွားလိုက်၊ ခဏကြာတော့ သတိလစ်သွားပြီး စပါးကြီးမြွေရှိရာဘက်သို့ ပြန်လျှောက်လာလိုက်နှင့် တဝဲဝဲ တလည်လည် ဖြစ်နေသည်။

"မာယာ. . မာယာ. . နင် သတိမလစ်စေနဲ့၊ နင် သတိရနေသေးရဲ့လား"

နီမောင်က လှမ်းမေးလိုက်ရာ မာယာက သတိရနေသောအချိန်နှင့် တိုက်ဆိုင်သွားသောကြောင့် သူရှိရာဘက်သို့ တစ်ချက်လှမ်းကြည့်လေသည်။

"ဟင်. . နီမောင်၊ ငါ့ကို ကယ်ပါဦး၊ ငါ ဒီနေရာကနေ အဝေးသွားလို့ မရဘူး ဖြစ်နေတယ်"

"ဘယ်သွားလို့ ရမှာလဲ၊ နင် စပါးကြီးမြွေညို့ချက်မိနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဟာ"

"ဒါ. . ဒါဖြင့် ဘယ်လိုလုပ်ရမလဲဟင်"

"တစ်နည်းပဲ ရှိတော့တယ်၊ နင့်ကိုယ်ပေါ်က အဝတ်အစားတွေကို အားလုံးချွတ်ပြီး အဲဒီနေရာမှာ ပုံထားခဲ့မှ ရတော့မယ်"

"ဟင်. . ."

မာယာက မျက်လုံးပြူးသွားလေသည်။

"ဒီလိုမှ မဟုတ်ရင် နင် မြွေအမျိုးခံရမှာပဲ၊ နင်ရှက်နေရင် ငါ ဟိုဘက်လှည့်နေပေးမယ်၊ မြန်မြန်ချွတ်ပြီး ပုံထားခဲ့"

ဟုပြောပြီး တစ်ဖက်သို့ ကျောခိုင်းနေလိုက်လေသည်။

မာယာက သူပြောသည့်အတိုင်း ကိုယ်ပေါ်မှ အဝတ်အစားများကို ချွတ်ပုံထားခဲ့ကာ တောစပ်သို့ ဝင်သွားလေသည်။

"နင် ပြီးပြီလား"

"အေး. . . ပြီးပြီ"

လှည့်ကြည့်လိုက်တော့ အဝတ်ပုံကိုသာ တွေ့ရပြီး လူကိုတော့ မမြင်ရတော့ပေ။

ထို့ကြောင့် ထိုနေရာသို့ လျှောက်သွားပြီး ၎င်းမှာပါလာသော ဓားရှည်ကို မြေပေါ်သို့ စိုက်ချလိုက်သည်။

ပြီးမှ မာယာ ချွတ်ချထားခဲ့သော အဝတ်အစားများကို ယူကာ ဓားကို ရစ်ပတ်ပေးထားလိုက်ပြီးနောက် မနီးမဝေးမှာရှိသော သစ်ပင်ကွယ်တစ်ခုသို့ သွားရပ်နေလေသည်။





အတန်ကြာတော့ သစ်တုံးကြီးတစ်ခု နောက်ဖက်မှ ကြီးမားသော စပါးကြီးမြွေတစ်ကောင် ထွက်လာလေတော့သည်။

စပါးကြီးမြွေတွင် ချက်၌ အစွယ်နှစ်ခွပါသော ညှို့ကြိုးပါသည်။

လူနှင့် တိရစ္ဆာန်များ ခြေရာတွေ့သောအခါ ညှို့ကြိုးဖြင့် ထောက်ကာ ညှို့သည်။

အညှို့ခံရသောသူမှာ ဝေးဝေးမသွားနိုင်တော့ပဲ ထိုနေရာသို့ပင် တဝဲဝဲ တလည်လည်နှင့် ရောက်လာပြီးနောက်ဆုံးမှာ ထိုစပါးကြီးမြွေ၏ ဖမ်းဆီးရစ်ပတ်ကာ မျိုခြင်းကို ခံကြရသည်။

အချို့သူများကတော့ တစ်နေရာတည်းကို အကြိမ်ကြိမ်အခါခါ ရောက်နေသည်ကို သတိပြုမိလျှင် စပါးကြီးမြွေ အညှို့ခံနေရမှန်း ရိပ်မိသောအခါ မိမိမှာပါလာသော အဝတ်အစား၊ သို့မဟုတ် ပစ္စည်းတစ်ခုခုကို ထိုနေရာမှာ ကိုယ်စားချထားခဲ့လျှင်တော့ အခြားနေရာသို့ ထွက်သွားနိုင်ကြလေသည်။

ယခု မာယာလည်း စပါးကြီးမြွေ ညှို့ချက်မိနေရာ သူမကိုယ်ပေါ်မှ အဝတ်အစားများ ချွတ်ပုံချထားခဲ့တော့မှ တစ်နေရာသို့ ထွက်သွားနိုင်ခြင်း ဖြစ်သည်။

သစ်တုံးနောက်မှ ထွက်လာသော စပါးကြီးမြွေမှာ အတော်ကြီးသည်။

ပေါင်လုံးအရွယ်ခန့်ရှိပြီး နေရောင်ခြည်ကြောင့် အရောင်တလက်လက် တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



စပါးကြီးမြွေက ဓားကို အဝတ်အစားများ ပတ်ထားသောနေရာသို့ တရွေ့ရွေ့နှင့်လာကာ အနီးသို့ ရောက်သောအခါ ဓားကို ရစ်ပတ်လိုက်သည်။

မြွေပေါ်မှာ စိုက်ထားသော ဓားက သူ့အခွေထဲသို့ ပါသွားလေသည်။

နီမောင် စိုက်ထားခဲ့သောဓားမှာ တောခုတ်ရာတွင် အသုံးပြုသည့် ဓားဖြစ်သောကြောင့် ရှည်လည်းရှည် အသွားလည်း ထက်လှသည်။

မြွေက အဝတ်ပတ်ထားသော ဓားကို လူအထင်ဖြင့် ကျစ်နေအောင် ရစ်ပတ်ကာ ဆွဲဆန့်လိုက်လေတော့သည်။

"ဖျစ် . . ဖျစ် . . ဖျစ်"

လူမဟုတ်ပဲ ဓားဖြစ်နေသောကြောင့် ဓားသွားက မြွေကိုယ်ထဲသို့ မြုပ်ဝင်သွားတော့သည်။

မြွေက ဒေါသတကြီးနှင့် ရစ်ပတ်လိုက် ဆွဲဆန့်လိုက်နှင့် လုပ်နေရာ ဓားသွားက သူ့ကိုယ်ကို အပိုင်းပိုင်း ပြတ်စေတော့သည်။

သွေးများကလည်း စီးကျလာလေသည်။

နောက်ဆုံးမှာတော့ မြွေတစ်ကိုယ်လုံး ဓားဒဏ်ရာများဖြင့် အပိုင်းပိုင်း ပြတ်ကုန်ပြီး မလှုပ်နိုင်တော့မှ . . နီမောင်က အပြင်သို့ ထွက်သွားလေသည်။

ထို့နောက် ဓားကိုပြန်ယူကာ စပါးကြီးမြွေ၏ ဦးခေါင်းကို





ပိုင်းဖြတ်ပစ်လိုက်တော့သည်။

သို့သော်လည်း မသေသေးပဲ လူးလွန့်လှုပ်ရှားလျက်ပင် ရှိနေသေးသည်။

စပါးကြီးမြွေနှင့် မိကျောင်းတို့မှာ အသက်ပြင်းသော သတ္တဝါများ ဖြစ်ကြပြီး တစ်ကိုယ်လုံး အပိုင်းပိုင်း ဖြတ်ထားလျှင်သော်မှ ကိုယ်ထဲမှ သည်းခြေအိတ် မထုတ်မချင်း အသက်မသေသော သတ္တဝါများ ဖြစ်ကြသည်။

နယ်မှာနေစဉ်က ဈေးထဲတွင် မိကျောင်းကို ခုတ်ထစ်ပိုင်းဖြတ်ရောင်းသည်ကို တွေ့ဖူးသည်။

မိကျောင်းတစ်ကိုယ်လုံး အပိုင်းပိုင်းအတစ်တစ် ခုတ်ဖြတ်ရောင်းသော်လည်း သည်းခြေအိတ် မထုတ်မချင်း အသက်မသေဘဲ မျက်လုံးဖွင့်လိုက်ပိတ်လိုက် လုပ်နေသည်ကို တွေ့ခဲ့ရဖူးလေသည်။

ယခု စပါးကြီးမြွေလည်း ထိုအတိုင်းပင်ဖြစ်သည်။ ဓားကိုပတ်ပြီး ဆွဲဆန့်ထားသဖြင့် တစ်ကိုယ်လုံး ဓားချက်များ ရှိနေသည့်အပြင် နီမောင်က ဦးခေါင်းကို ဓားဖြင့် ခုတ်ဖြတ်ထားသည့်တိုင်အောင် တလူးလူး တလွန့်လွန့်နှင့် ရှိနေသေးသည်။

သို့သော် လူကိုတော့ အန္တရာယ် မပေးနိုင်တော့ပါချေ။

နီမောင်က မာယာ၏အဝတ်များကို ကောက်ယူကြည့်လိုက်ရာ ပြဲစုတ်နေပြီး သွေးများလည်း စွန်းပေနေသည်။

သို့ကြောင့် သူ့ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသောအင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘောင်းဘီကို ချွတ်လိုက်သည်။

သူ့မှာ အတွင်းခံဘောင်းဘီသာ ကျန်တော့သည်။

"မာယာ နင်ဘယ်မှာလဲ"

"ဒီချုံနောက်ဘက်မှာ"

"နင့် အဝတ်တွေကတော့ ဝတ်လို့မရတော့ဘူး၊ ရော့ ငါ့အဝတ်တွေသာ ဝတ်ပေတော့"

ဟု ပြောပြီး ပစ်ပေးလိုက်သည်။

ခဏကြာတော့ မာယာက သူ့အဝတ်အစားများဝတ်ပြီး အပြင်သို့ ထွက်လာသည်။

ဦးခေါင်းပြတ်ပြီး သေနေသော မြွေကြီးကို ကြည့်ပြီး . .

"နင် ရောက်လာလို့သာပဲ၊ မဟုတ်ရင်တော့ အခုအချိန်လောက်ဆိုရင် မြွေဗိုက်ထဲ ရောက်နေလောက်ပြီ၊ နင့်ကို ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

ဟု ကတုန်ကယင်ဖြင့် ပြောသည်။

"ရပါတယ်ဟာ တစ်ရွာတည်းသားချင်းတွေပဲ၊ အကြောင်းရှိရင် အကူအညီ ပေးရမှာပေါ့၊ ဒါထက် တောထဲကို နင်တစ်ယောက်တည်း လာတာလား၊ အဖော်လေးဘာလေး မခေါ်ခဲ့ဖူးလား"

"လာတုန်းကတော့ ငါ့မောင်လေးနဲ့ အတူလာတာပဲ၊ တောထဲရောက်မှ လူချင်းကွဲသွားကြတာ၊ ဒီဘက်မှာ တောင်ပို့မှိုတွေ တွေ့တာနဲ့ လိုက်နှုတ်နေရင်းနဲ့ မြွေအညို့ခံရတာပဲ၊ ငါ့





အဝတ်အစားတွေ မရှိတော့ နင့်အဝတ်အစားတွေကိုပဲ ခဏ ဝတ်သွားရတော့မှာပဲ"

"ကိစ္စမရှိပါဘူး၊ ဝတ်သာသွားပါ"

"ဟင် . . နင်က ဒီအတိုင်း ပြန်ရမှာလား"

"အေးပေါ့"

"လူတွေမြင်ရင်တော့ ရယ်စရာ ဖြစ်တော့မှာပဲ"

"ငါ့ကိုမြင်လို့ ရယ်တာက အရေးမကြီးပါဘူး၊ သွေးစွန်းပြီး စုတ်ပြဲနေတဲ့အဝတ်တွေကိုဝတ်ပြီး ပြန်သွားရင်သာ တစ်မျိုး ထင်ကြမှာပေါ့"

ထိုစကားကြောင့် မာယာမျက်နှာပေါ်မှာ ပန်းနုရောင် သမ်း သွားလေတော့သည်။

ထို့နောက်မှာတော့ ထိုနေရာမှပင် လမ်းခွဲကာ ကိုယ့်နေရာကိုယ် ဆက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၇)

# ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်

မဟာမြိုင်ရွာမှာ တောင်ခြေရွာ တစ်ရွာဖြစ်ပြီး လူမျိုးပေါင်းစုံ စုဝေးနေထိုင်ကြသော ရွာတစ်ရွာဖြစ်သည်။

အများစုမှာ ကတူးကနန်း လူမျိုးများ ဖြစ်သော်လည်း မြန်မာ စသော အခြားတိုင်းရင်းသားများလည်း ရှိကြသည်။

နေထိုင်ကြသူ အတော်များများကတော့ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူ များလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ရွာထိပ်တောင်ကြောပေါ်မှာ ဘုန်းကြီးကျောင်းတစ်ဆောင် ဆောက်လုပ်ပြီး ကိုးကွယ်ထားကြသည်။

ထိုကျောင်းမှာ သီတင်းသုံးနေသောဘုန်းကြီးမှာ တိုင်းရင်းသားဘုန်းကြီးတစ်ပါးဖြစ်ပြီး တရားအားထုတ်မှု ပြုနေသည့်ပုဂ္ဂိုလ်လည်းဖြစ်သည်။

ထိုကျောင်းမှာ ကပ္ပိယ ဦးဇန်ကောင်း ရှိလေသည်။

ဦးဇန်ကောင်းမှာ အသက် (၅၀)ကျော် အရွယ်ခန့်ရှိပြီး အင်္ဂရိတ်ပညာ၊ ဓာတ်ပညာများကို ကျွမ်းကျင်သူ တစ်ဦးလည်းဖြစ်သည်။

သူသည် ကျောင်းမှ ဝေယျာဝစ္စများကို မလစ်ဟင်းရအောင် လုပ်ကိုင်ပေးသည့်အပြင် အချိန်ရသည်နှင့် အင်္ဂရိတ်ထိုးနေတတ်သည်။

တစ်ခါတစ်ရံလည်း ရွာထဲမှ မကျန်းမာသူများရှိပါက လိုက်လံပြီး ဆေးကုပေးလေ့ရှိသည်။

မဟာမြိုင်ရွာမှာ အခြားနတ်ဆရာ၊ ဆေးဆရာအချို့ရှိကြသော်လည်း အချို့က ဦးဇန်ကောင်းကိုပင် ခေါ်ပြီး ကုသကြသည်။

ဦးဇန်ကောင်းမှာ ဆေးဖော်ရန်အတွက် ဆေးမြစ်ဆေးပင်များ လိုအပ်သောအခါ နီမောင်တို့နှင့်အတူ တောသို့ လိုက်သွားလေ့ရှိသည်။

ဇင်းက နီမောင်တို့ သုံးယောက်ကို တူသားနောင်မယ်





များပမာ ခင်မင်သလို နီမောင်တို့ကလည်း ဘကြီးသားချင်းတစ်ယောက်ပမာ ခင်မင်နေကြလေသည်။

ဦးဇန်ကောင်းအနေဖြင့် နီမောင်တို့ သုံးယောက်နှင့် တောသို့သွားသောအခါ . . အစစအရာရာ အားကိုးရသလို နီမောင်တို့ အနေဖြင့်လည်း ဦးဇန်ကောင်းနှင့် အတူတူ သွားရသည့်အတွက် ဗဟုသုတများစွာ ရကြလေသည်။

ယခုလည်း နီမောင်တစ်ယောက် ရွာသို့ပြန်ရောက်လာပြီး တောထဲမှာ ရှာဖွေရလာသော ဆေးပင်၊ ဂမုန်းပင်များနှင့် ပျားရည်ယူပြီး ဦးဇန်ကောင်းရှိသောကျောင်းသို့ သွားလေသည်။

ရွာမှဆိုလျှင် တောင်ကြောပေါ်မှာရှိသော ကျောင်းရှိရာသို့ရောက်သည်အထိ အတော်ကလေး တက်ရသေးသည်။

ဘေးတစ်ဖက်တစ်ချက် ကျောက်တုံးနှင့် သစ်ပင်များရှိပြီး အလယ်၌ လူတစ်ယောက်သွားသာရုံ လမ်းဖောက်ထားခြင်းဖြစ်လေသည်။

ကျောင်းရောက်တော့ ဖိုခန်းထဲမှာ ဖိုဆွဲနေသည့် ဦးဇန်ကောင်းနှင့် တွေ့ရလေသည်။

ဦးဇန်ကောင်းက နီမောင်ကို မြင်သောအခါ ဖိုဆွဲနေရာမှရပ်ပြီး အပြင်သို့ ထွက်လာသည်။

"နီမောင်လာဟေ့၊ တောထဲက ပြန်လာပြီလား"

"ပြန်လာပြီအဘ၊ တောထဲက ဆေးပင်နဲ့ ဂမုန်းပင်တွေရလာလို့ အဘအတွက် လာပေးတာပါ၊ ဒီမှာ ပျားရည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ယူလာတယ်”

“ကျေးဇူးတင်ပါတယ်ကွာ၊ ငါက နေမကောင်းတဲ့သူတွေ ရောဂါဖြစ်တဲ့သူတွေကို စေတနာနဲ့ ဆေးကုပေးနေတာဆိုတော့ ဆေးပင်တွေရှာပေးတဲ့ မင်းတို့လည်း ကုသလိုလ်ရပါတယ်”

ဟုပြောကာ သူ့အခန်းထဲမှာရှိသော ငှက်ပျောသီးမှည့် များကို ချကျွေးလေသည်။

စားသောက်ရင်းနှင့် နီမောင်က သူသိချင်တာများ မေးသည်။

“ဒီတစ်ခေါက် တောထဲမှာ ထူးထူးဆန်းဆန်းတွေ တွေ့ ခဲ့ရလို့ အဘကို မေးစရာရှိလို့ လာခဲ့တာပါ”

“ဘာတွေများ တွေ့ခဲ့ရလို့လဲ ပြောပါဦး”

နီမောင်က သစ်ပင်ပေါ်မှာ မြသင်းကြူဆိုသော အမျိုး သမီးနှင့် တွေ့ခဲ့ရပြီး နေ့မြင်ညပျောက်ရွာ၊ ညမြင်နေ့ပျောက်ရွာ များသို့ ရောက်သွားခဲ့ပြီး ထိုရွာမှလူများနှင့် တွေ့ခဲ့ရသော လူများ အကြောင်းကိုပါ ပြောပြလိုက်လေသည်။

“တောထဲမှာဆိုတော့ ကျတ်တွေပဲ ဖြစ်မယ်လို့ ထင်ခဲ့ တာ၊ တကယ်ကျတော့ မဟုတ်ဘူး အဘ၊ ဒါပေမယ့် သူတို့တွေ က လူသားအစစ်တွေ မဟုတ်မှန်းလည်း စိတ်ထဲက သိနေတယ်”

ဦးဗန်ကောင်းက ကွမ်းတစ်ယာကို စားနေရင်းမှ အထာ ကြာအောင် စဉ်းစားနေသည်။

ပြီးမှ. . .





“တောထဲမှာ တွေ့တိုင်း မကောင်းတဲ့မိစ္ဆာတွေချည်း တော့ မဟုတ်ပါဘူး၊ လူနဲ့နီးစပ်တဲ့ ပရလောကသားတွေလည်း အများကြီးရှိတာပါပဲ၊ တချို့ လူနဲ့အတူတကွ ပေါင်းသင်းနေနိုင်တဲ့ ပရလောကသားတွေတောင်မှ ရှိကြသေးတာပဲ၊ သုံးဆယ့်တစ်ဘုံ မှာ လူ့ဘုံက တစ်ခုပဲရှိပြီး ကျန်တဲ့ဘုံသားတွေက အများကြီး ရှိကြတာပဲ”

ဟု ပြောပြသည်။

“အဘပြောတဲ့ တခြားဘုံတွေက ဘယ်လိုဘုံတွေလည်း အဘ”

“ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ် လေးဘုံ၊ လူ့ဘုံကတစ်ဘုံ၊ နတ်ဘုံက ခြောက်ဘုံ၊ ရုပ်နာမ်နှစ်ပါး ရှိတဲ့ ဗြဟ္မာဘုံက (၁၅)ဘုံ၊ ရုပ်ပဲရှိပြီး နာမ်မရှိတဲ့ ဗြဟ္မာဘုံက တစ်ဘုံ၊ ရုပ်မရှိဘဲ နာမ်သက်သက်သာရှိတဲ့ ဗြဟ္မာဘုံက လေးဘုံ၊ စုပေါင်းလိုက်ရင်. . အားလုံး (၃၁)ဘုံ ရှိတယ်၊ လူအပါအဝင် သတ္တဝါတွေဟာ သံသရာက မလွတ်မချင်း ဒီသုံးဆယ့်တစ်ဘုံမှာ ပဲ ကျင်လည်ကြရတယ်”

နီမောင်မှာ ဦးဗန်ကောင်းပြောနေသည့် သုံးဆယ့် တစ်ဘုံအကြောင်းကို ကောင်းစွာမသိသော်လည်း ထိုအကြောင်း များကို ကြားရသောအခါ စိတ်ထဲမှာ ကြောက်ရွံ့သကဲ့သို့ ခံစား နေလသည်။

ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့်ပင် ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com



ပြသည်။

"လူ့လောကကို ရောက်လာပြီးမှ လူ့ဘဝတန်ဖိုးကို မသိတဲ့လူတွေ အများကြီးရှိတယ်၊ တချို့က ဒီဘဝက သေသွားပြီးရင် နောက်တစ်ဘဝမှာလည်း လူ့ဘဝကို လွယ်လွယ်နဲ့ ပြန်ရမယ်လို့ ထင်နေကြတယ်"

"ဟုတ်ပါတယ်"

နတ်ဘုံနဲ့ ဗြဟ္မာဘုံတွေ ဖယ်လိုက်ရင် လူ့ဘုံကတစ်ဘုံနဲ့ အပါယ်လေးဘုံကျန်တယ်၊ ရုတ်တရက်ကြည့်ရင် အပါယ်လေးဘုံဆိုတာ နတ်ဗြဟ္မာဘုံတွေနဲ့ ယှဉ်ကြည့်ရင် နည်းတယ်လို့ ထင်ရပေမယ့် သူက ပိုများတယ်၊

"ဘယ်လိုများတာလဲ အဘ"

"ငရဲဆိုတဲ့ တစ်ဘုံမှာတင် အများကြီး ရှိတယ်၊ ငရဲဆိုတာ ပါဠိဘာသာစကားပဲ၊ အဓိပ္ပါယ်က ချမ်းသာခြင်းကင်းတဲ့ နေရာလို့ အဓိပ္ပါယ်ရတယ်"

"ငရဲဘုံတွေက ဘယ်လိုများတာလဲ အဘ"

"ငရဲဘုံ ရှစ်မျိုးရှိတယ်၊ အဲဒါကို ငရဲကြီးရှစ်ထပ်လို့လည်း ခေါ်ကြတယ်၊ သိဉ္ဇိုဝ်း၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိငရဲဆိုပြီး ရှစ်ဘုံရှိတယ်၊ အဲဒါကို ပေါင်းပြီးမှ ငရဲရှစ်ဘုံလို့ခေါ်တာ"

"အတော်ကြောက်စရာ ကောင်းမှာပဲနော်"

"မင်းက နာမည်ကြားတာနဲ့တင် ကြောက်စရာလို့ ထင်





နေတယ်၊ တကယ်လို့သာ အဲဒီငရဲဘုံတွေရဲ့ တစ်ခုချင်းမှာ ခံစားရတဲ့ ဒုက္ခတွေသာသိရရင် နေစရာတောင် ရှိမှာမဟုတ်ဘူး"

"ဒါထက် ငရဲဘုံတွေက ဘယ်နေရာမှာ ရှိတာလည်းဘင်"

"ကမ္ဘာမြေပြင်အောက် ယူဇနာတစ်သောင်းငါးထောင်ကွာဝေးတဲ့နေရာမှာ သိဉ္ဇိုဝ်းငရဲရှိတယ်၊ တခြားငရဲဘုံတွေလည်း အောက်ဘက်မှာ ယူဇနာ တစ်သောင်းငါးထောင် ကွာဝေးတဲ့ နေရာတွေမှာ အသီးသီး ရှိကြတယ်"

တစ်ယူဇနာလျှင် (၁၂)မိုင် (၅)ဖာလုံကျော် ရှိလေသည်။ နိုင်ငံခြားတွင် မြေတူးအဖွဲ့တစ်ဖွဲ့သည် မြေအောက်သို့ လွန်သွားသည့်တူးရာမှ မြေအောက်မှ အော်သံများ ကြားရသောကြောင့် ဆက်မတူးဝံ့ကြတော့သည့်အကြောင်းအရာများကို အခြားဝတ္ထုတစ်အုပ်တွင် ပြည့်စုံစွာ ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်၏။

"အဘပြောတဲ့ ငရဲဘုံတွေအကြောင်းကို သေသေချာချာ မသိရသေးတာတောင် အတော်ကြောက်စရာကောင်းတယ်"

"အေး. . . သိရင် ဒီထက်ပိုပြီး ကြောက်စရာကောင်းတာပေါ့ကွာ"

ဦးဇန်ကောင်းက ပါးစပ်တွင်းမှ ကွမ်းဖတ်များကို ထွေးထုတ်လိုက်ပြီး လက်ဖက်ရည်ကြမ်းဖြင့် အာလုတ်ကျင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားဘုံသားတွေအကြောင်းလည်း ပြောပြပါဦး အဘ"

"ငရဲပြီးတော့ တိရစ္ဆာန်ဘုံပေါ့ကွာ၊ တိရစ္ဆာန်ဘုံကတော့ ဝေးဝေးမှာ မရှိပါဘူး၊ လူတွေနေတဲ့ လူ့ဘုံမှာပဲ နေကြတာပါပဲ၊ တကယ်တော့ တိရစ္ဆာန်ဘုံဘဝ ရောက်နေကြသူတွေကလည်း လူ့ဘဝက သွားကြတဲ့သူတွေချည်းပါပဲ၊ အကုသိုလ်ကံ အကျိုးပေးအလိုက် အကုသိုလ်ကံ နည်းတာများတာပေါ်မှာ မူတည်ပြီးတော့ လောကဘုံဘဝ ကွာသွားတာပါပဲ"

"ဘယ်လိုကွာတာလည်းဟင်"

"လူ့ဘုံက တစ်ဘုံသာရှိပေမယ့် တိရစ္ဆာန်ဘုံဘဝက ကုဋေနဲ့ချီပြီးရှိတယ်၊ ကုန်းနေကိုးကုဋေ၊ ရေနေ ဆယ်ကုဋေလို့ အဆိုရှိကြတာ၊ တိရစ္ဆာန်ဘုံသာ ခေါ်ပေမယ့် အမျိုးအမည်နဲ့ အရေအတွက်ကတော့ မရေမတွက်နိုင်အောင် များကြတယ်၊ အဲဒါတွေဟာ လူ့ဘဝက အကုသိုလ်ကံတွေကြောင့် တိရစ္ဆာန်ဘုံဘဝကို ရောက်သွားကြတာချည်းပဲ၊ တခြားကလာတာ မရှိဘူး"

"ဒါလည်း ကြောက်စရာ ကောင်းတာပဲ"

"တိရစ္ဆာန်ဖြစ်ပေမယ့် အဆင့်အတန်းချင်း၊ အနေအထိုင်ချင်း မတူဘူးဆိုတာက ခွေး၊ ကြောင်စတဲ့ တချို့တိရစ္ဆာန်တွေဟာ တိရစ္ဆာန်ဘဝ ရောက်နေကြရပေမယ့် လူတွေနဲ့အတူနေ၊ အတူအိပ်၊ အတူစားကြရတယ်၊ တချို့ လောက်ဘဝ ရောက်နေသူတွေကတော့ မစင်ပုံထဲမှာပဲ နေကြရတယ်၊ မကွာပေဘူး





လား"

"အများကြီး ကွာပါတယ်"

"တိရစ္ဆာန်ဘုံဘဝမှာတောင်. . ရုပ်ဆင်းအင်္ဂါ လှပတဲ့ တိရစ္ဆာန်မျိုးတွေရှိသလို ကြောက်စရာကောင်းတဲ့ ရုပ်ဆင်းအင်္ဂါ မျိုးရှိကြတဲ့ တိရစ္ဆာန်ပြိတ္တာတွေလည်း ရှိကြတယ်၊ ပင်လယ်သမုဒ္ဒရာထဲမှာရှိကြတဲ့ ရေသတ္တဝါတွေမှာ အများဆုံး တွေ့ရနိုင်တယ်"

"ပြိတ္တာဆိုတာကရော ဘယ်လိုမျိုးလည်းအဘ"

ဦးဗန်ကောင်းက လက်ဖက်ရည်ကြမ်းတစ်ခွက်ကို သောက်ပြီးမှ စကားပြန်ဆက်သည်။

"ပြိတ္တာဘုံသားတွေလည်း အများကြီးရှိတာပဲ၊ သရဲ၊ တစ္ဆေ၊ ဘုတ်၊ ကျွတ်၊ မှင်စာ စတဲ့ မိစ္ဆာစာရင်းဝင်တာတွေဟာ ပြိတ္တာဘုံသားတွေလို့ခေါ်တယ်၊ ပြိတ္တာဆိုတာ ခန္ဓာကိုယ် ရုပ်ဆင်းအင်္ဂါ မတင့်တယ်သူတွေလို့ အဓိပ္ပါယ်ရတယ်"

"အင်း. . ဒါလည်း ကြောက်စရာကောင်းတဲ့ ဘုံတစ်ခုပါပဲ"

"ပြိတ္တာဘုံဘဝကလည်း တိရစ္ဆာန်ဘုံလိုပဲ၊ လူ့ဘုံနဲ့ တစ်ဆက်တစ်စပ်တည်း ရှိနေကြတာပဲ၊ မမြင်အပ် မမြင်ထိုက်လို့သာ မမြင်ကြရတာ"

"ပြိတ္တာဘုံကို ဘယ်လိုလူတွေ ရောက်နိုင်သလဲဟင်"

"မကောင်းတဲ့ အကုသိုလ်မှုတွေ ပြုလုပ်တဲ့လူတွေနဲ့သ



www.burmeseclassic.com

www.burmeseclassic.com



မျှ အပါယ်လေးဘုံကို ရောက်နိုင်ကြတာပဲ၊ တချို့လူတွေဟာ လူ့ဘဝမှာ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့ပေမယ့် သေခါနီး အချိန်မှာ အယူလွဲတာနဲ့ ပြိတ္တာဘုံဘဝကို ရောက်သွားရတာတွေ လည်း ရှိကြတယ်"

ဘုရားရှင်လက်ထက်တော် အခါက ဗိမ္ဗိသာရ မင်းကြီး သည် နန်းတော်၌ ဗုဒ္ဓဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ဆွမ်းအလုပ်အကျွေးပြု၍ ကြီးစွာသော အလှူကို ပေးလှူလေ သည်။

ထိုနေ့ညတွင် နန်းတော်အနီးဝန်းကျင်နေရာ အတော် များများ၌ အကောင်အထည် မမြင်ရပဲ၊ အော်သံဟစ်သံများ ကြားရခြင်း၊ ပစ္စည်းများ တွန်းထိုးပြိုလဲခြင်းများ ဖြစ်သောကြောင့် (ယခုအခေါ် ပုဏ္ဏကတိုက်ခြင်း) မင်းကြီးမှာ တစ်ညလုံး စက် တော်ခေါ်မရဘဲ ရှိလေသည်။

နံနက်လင်းသောအခါ ကျောင်းတော်သို့ သွားပြီး ဘုရား ရှင်အား ထိုထူးဆန်းသော အကြောင်းအရာများကို လျှောက် ထားရာ ဘုရားရှင်က. . .

"ရှေးဘဝများစွာက အသင်မင်းကြီးနှင့် အမျိုးအဆွေ တော်စပ်ခဲ့ဖူးသူများတို့သည် ပြိတ္တာဘဝ ရောက်ရှိနေကြပြီး၊ ထို ပြိတ္တာဘဝမှ ကျွတ်လွတ်ချိန်တန်ပါလျက် အသင်မင်းကြီး ပြု လုပ်သော ကုသိုလ်အမျှကို မရသဖြင့်. . . သိအောင် သတိပေး ပြသခြင်းသာဖြစ်သည်၊ သူတို့အတွက် ရည်စူးလျက် ကုသိုလ်ပြု





အမျှပေးဝေလိုက်ပါ"

ဟု မိန့်ကြားလေသည်။

မင်းကြီးလည်း ဘုရားရှင်မိန့်ကြားသည့်အတိုင်း ကုသိုလ် ကောင်းမှုပြုပြီး အမျှဝေပေးရာ ပြိတ္တာဘဝ ရောက်နေကြသူတို့ လည်း ကုသိုလ်အဖို့ဘာဂကို သာဓုခေါ်နိုင်ကြပြီး ထိုဘဝမှ ကျွတ်လွတ်ခွင့် ရသွားခဲ့ကြလေသည်။

အခြားတစ်ခုမှာ ဝိသုဒ္ဓါရုံကျောင်းကြီးကို ဆောက်လုပ် လှူဒါန်းခဲ့သည့် ကျောင်းအစ်မကြီးမှာ အနိစ္စရောက်ချိန်၌ အကုသိုလ် အသန္တကံဝင်နှောင့်သဖြင့် ပြိတ္တာဘဝသို့ ရောက်ခဲ့ရ သည်။

နောက်မှ ကုသိုလ်ကောင်းမှုကို အမျှဝေသောအခါ သာဓုခေါ်ဆိုနိုင်ပြီး ပြိတ္တာဘဝမှ လွတ်ခဲ့ရသောအကြောင်းကို အခြားဝတ္ထုများတွင် အပြည့်အစုံ ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ် လေသည်။

ထိုအကြောင်းများကို နားထောင်ပြီး နီမောင်က ရေ ရွတ်လိုက်ပြန်လေသည်။

"အင်း. . ဒါလည်း ကြောက်စရာကောင်းတာပဲ"

"လူတွေက မသိလို့သာ ပေါ့ပေါ့နေကြတာ. . ၊ သိရင် တော့ ကြောက်စရာကြီးပေါ့ကွာ"

"ဒါထက် အသူရကာယ်ဘုံသားတွေအကြောင်းလည်း ရှင်းပြပေးပါဦး အဘရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ တွေ့တော့မှပဲ တရားဟောဆရာဘဝ ရောက်ရတော့တယ်၊ နီမောင်ရေ. . "

"ကျွန်တော်က အဲဒီအကြောင်းအရာတွေကို စိတ်ဝင်စားလို့ပါ အဘ"

"ကောင်းတာပေါ့ကွာ၊ လူငယ်ဖြစ်ပြီး မကောင်းမှုတွေကြောင့် ရောက်နိုင်တဲ့ ဘုံဘဝတွေအကြောင်းတွေကို သိထားတော့ ဆင်ခြင်သင့်တာ ဆင်ခြင်နိုင်တာပေါ့၊ အသူရကာယ်ဘုံဘဝကတော့ အပါယ်လေးဘုံထဲမှာပါတယ်၊ ဆိုပေမယ့် သူကတစ်မျိုးကွ"

"ဘယ်လိုတစ်မျိုးလည်း အဘ"

"သူက တခြားဘုံသားတွေလို အမြဲတမ်းလိုလို ကောင်းတာတွေချည်းပဲ စံနေရတာမျိုး မဟုတ်သလို အမြဲလိုလို မကောင်းတာတွေချည်းပဲ ခံနေကြရတာမျိုးလည်း မဟုတ်ဘူး"

"ဒါဖြင့် ကောင်းတာတစ်လှည့် ဆိုးတာတစ်လှည့် ခံစားလိုက်ဖြစ်မှာပေါ့နော်"

"ဟုတ်တယ် အချို့ အသူရကာယ်ဘုံသားတွေဟာ စံရတဲ့အချိန်မှာ နတ်စည်းစိမ်မျိုး ခံစားရတာရှိတယ်၊ လူတွေနေသလို ချမ်းချမ်းသာသာ နေရတာမျိုးတွေ ရှိတယ်"

"ဒါဖြင့် ခံရတဲ့အချိန်ကျရင်ကော"

"ခံရတဲ့အချိန်မှာတော့ သူ့ရဲ့ ကုသိုလ်ကံဝင်ရိုးအလိုက် ခံကြရတယ်၊ တချို့က နေ့မှာစံပြီး ညမှာခံရတယ်၊ တချို့ကျ





တော့ ညမှာစံပြီး နေ့မှာခံရတာရှိတယ်"

"ကျွန်တော်တော့ အဘပြောတာ နားမလည်သလိုပဲ"

"အသူရကာယ်ဘုံဆိုတာ ရှင်းရှင်းပြောရရင် နတ်စည်းစိမ်ကတစ်ဝက်၊ ပြိတ္တာဆင်းရဲတစ်ဝက် ခံကြရတဲ့ သူတွေပဲ၊ ဥပမာ နေ့ဘက်မှာ နတ်စည်းစိမ်မျိုးနဲ့ ခံစားနေကြရပေမယ့် ညအချိန်ရောက်တဲ့အခါ ဆင်းရဲခံကြရတာမျိုးပါပဲ"

ထိုစကားကြားသောအခါ တောထဲမှာ တွေ့ခဲ့ရသော နေမြင်ညပျောက်၊ ညမြင်နေ့ပျောက်ရွာမှ လူများအကြောင်းကို ပြန်လည် သတိရမိလေသည်။

"ဒါဖြင့် သူတို့ကရော လူတွေနဲ့ ထိတွေ့ဆက်ဆံလို့ ရကြသလား"

"ရတာပေါ့၊ ဥစ္စာစောင့်တွေက လူတွေနဲ့ အတူတူနေလို့ ရနိုင်ကြတယ်၊ ရှေးအခါက ဗာရာဏသီပြည်က ဘုရင်တစ်ပါးဟာ တောထဲမှာ အသူရကာယ်ဘုံသားတွေကို နတ်သမီးတွေထင်ပြီး ပေါင်းဖော်နေထိုင်ခဲ့တာ နှစ်ပေါင်းတစ်ရာကျော်တော့မှ အသူရကာယ်ဘုံသားတွေမှန်း သိပြီး ဗာရာဏသီကို ပြန်သွားခဲ့ရတယ်၊ အချို့အသူရကာယ်ဘုံသားတွေဆိုရင် ခံရမယ့် အကုသိုလ်ဝင်ရိုးကြွေးကံ ပြေပျောက်သွားရင် သာမန်လူတွေနဲ့ အတူတူ ပေါင်းသင်းနေထိုင်ခွင့် ရကြတယ်"

ထိုစကားကြားသောအခါ နီမောင်စိတ်ထဲမှာ ညမြင်နေ့ပျောက်ရွာမှ မြသင်းကြူကို သတိရနေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း တောထဲသွားနေတာ သတိတော့ ထားပေါ့
တော်ကြာ ပြိတ္တာမနဲ့ ညားနေဦးမယ်"

ဟု ဦးဗန်ကောင်း ပြောနေသည့် စကားသံများကို နီ
မောင်နားထဲ၌ မကြားတစ်ချက် ကြားတစ်ချက်နှင့်သာ ရှိနေလေ
တော့သည်။

သူ့စိတ်များက ပြန့်လွင့်လျက်ရှိနေကြသည်။





## အခန်း(၈)

# နီမောင်နှင့် ကံကြမ္မာ အလှည့်အပြောင်း

မာယာ၏အဖြစ်မှာ တောတွင်း၌ သေဘေးမှ လွတ်
မြောက်လာခဲ့ရသော်လည်း ပတ်ဝန်းကျင်မှ ကွဲရဲ့ပြစ်တင်ခြင်းကို
တော့ ခံရလေသည်။

သူမအနေနှင့် တောထဲတွင် စပါးကြီးမြွေအန္တရာယ်နှင့်
တွေ့နေရာ . နီမောင်နှင့် တွေ့သောကြောင့် ကံအားလျော်စွာ
အသက်ချမ်းသာရာ ရခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ သူမ အဝတ်အစားများမှာ မြွေသွေးများ စွန်းပေနေသည်က တစ်ကြောင်း၊ ဓားသွားဖြင့် ထိုးသဖြင့် အပိုင်းပိုင်းအတစ်တစ် ဖြစ်နေသောကြောင့်လည်း ဘယ်လိုမှ ဝတ်မရတော့ပေ။ ထို့ကြောင့် နီမောင် အင်္ကျီနှင့်ဘောင်းဘီကို မလွဲမရှောင်သာပဲ ဝတ်ခဲ့ရလေသည်။

ထိုအချက်ကပင် သူမအတွက် လူများ အထင်အမြင်လွဲစရာ ဖြစ်စေတော့သည်။

ထိုအဝတ်အစားနှင့် ရွာပြန်လာတော့ တွေ့ကြသည့်လူတိုင်းက သံသယမျက်လုံးဖြင့် ဝိုင်းကြည့်ကြသည်။

အချို့က မနေနိုင်ဘဲ မေးသည်။

"မာယာ. . . နင်ဝတ်လာတာ ယောကျ်ားလေး အဝတ်အစားတွေ မဟုတ်လား"

"ဟုတ်တယ်"

"ဘယ်သူ့အင်္ကျီဘောင်းဘီလဲ"

ထိုအခါမှ ဘယ်လိုပြန်ဖြေရမှန်း မသိတော့ပေ။

"နင့်အဝတ်အစားတွေက ဘယ်ရောက်သွားလို့ ဒါတွေဝတ်လာတာလဲ. . . ဘယ်သူ့ဟာတွေလဲ"

မာယာက ဘယ်လိုပြန်ဖြေရမှန်း မသိသဖြင့် အိမ်ရောက်အောင်သာ ပြန်သွားလေသည်။ ထိုအခြေအနေကို သူမမိဘများကလည်း သတိပြုမိကြသည်။

"ဟဲ့. . . နင်ဝတ်လာတာ ဘယ်သူ့အဝတ်အစားတွေ





လဲ"

"နီ. . နီမောင့်အဝတ်တွေပါ"

"နင့်အဝတ်တွေက ဘယ်ရောက်လို့ တခြားယောကျ်ားလေး အဝတ်တွေ ဝတ်လာရတာလဲ"

"ဒီ. . . ဒီလိုပါ အမေ"

မာယာက တောထဲမှာ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များကို ပြောပြလိုက်သည်။ သို့သော် မယုံကြည်ကြပေ။

"နင်တို့ဟာ ဟုတ်မှ ဟုတ်ရဲ့လား၊ ရိုးမှ ရိုးရဲ့လားဟယ်"

ဟု မိခင်ဖြစ်သူက ပြောသည်။

သို့ပြင် ဖခင်ဖြစ်သူကပါ သံသယမျက်လုံးဖြင့်ကြည့်ရင်း ပြောသည်။

"နင်လည်း အရွယ်ရောက်နေပြီပဲ၊ နင်ကြိုက်တဲ့သူဆိုရင် ဘယ်သူ့ကိုပဲယူယူ ငါတို့အာမှ ပြောစရာ မရှိဘူး၊ ဒါပေမယ့် မိဘမောင်ဘွားတွေ အရှက်ရအောင်တော့ မလုပ်နဲ့"

"မဟုတ်ပါဘူး အဖေရဲ့၊ ကျွန်မ ဘယ်သူနဲ့မှ ဘာမှမဖြစ်ခဲ့ပါဘူး"

"နင် ပါးစပ်ကသာ မဖြစ်ခဲ့ဘူး ပြောနေတယ်၊ ဒါဖြင့် သူများအဝတ်အစားတွေက နင့်ကိုယ်ပေါ်. . ဘယ်လိုကြောင့် ရောက်နေရတာလဲ"

မာယာအနေဖြင့် အတန်တန် ရှင်းပြသော်လည်း ဘယ်သူကမှ ယုံကြည်မှု မရှိကြပေ။ အဘယ်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com



သူမကြုံတွေ့ခဲ့သော အဖြစ်မျိုးက တစ်သက်တစ်ခါ ကြုံတွေ့ရခဲသော အဖြစ်မျိုး ဖြစ်နေသောကြောင့်ပင်. . ၊ တစ်ယောက် စကားတစ်ယောက်ဆိုသလို ထိုသတင်းက မဟာမြိုင်တစ်ရွာလုံး လူအတော်များများ သိသွားကြလေသည်။

မာယာခမျာမှာလည်း စိတ်ညစ်သောကြောင့် အိမ်မြင်မထွက်ဝံ့အောင် ဖြစ်နေတော့သည်။ ထို့ထက်. . .

သူမတို့မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ရှိကြသဖြင့် သူမဝတ်ထားသော နီမောင်အဝတ်အစားတို့ကိုပင် လဲစရာမရှိပေ။ သို့ကြောင့် ဝတ်မြဲဆက်ဝတ်ထားရလေသည်။

ထိုအကြောင်းက မိဘများဖြစ်ကြသည့် ဦးကြာအေးနှင့် ဒေါ်ရွှေဘဲတို့အပြင် အဘွားဖြစ်သူ ဒေါ်မင်းဇာကပါ သိသွားသောအခါ ခေါ်မေးသည်။

"နင် ဟိုကောင်လေးနဲ့ ဖြစ်နေပြီ မဟုတ်လား"

"မဟုတ်ပါဘူး၊ အဘွားရဲ့"

"နင့်ပါးစပ်က မဟုတ်ဘူးပြောနေပေမယ့် နင်တို့အကြောင်းက တစ်ရွာလုံး သိနေပြီ၊ နင် သူ့ကို သဘောကျတယ် မဟုတ်လား"

"မဟုတ်ပါဘူး"

"ဒါဖြင့် နင် သဘောမတူပဲ သူက အဓမ္မစော်ကားလိုက်တာလား၊ ဒီလိုစော်ကားရင် ငါသင်ပေးထားတဲ့ ပညာတွေနဲ့ အကာအကွယ် မလုပ်ဘူးလား"





"အဘွားပြောသလို မဟုတ်ပါဘူး၊ သူက ကျွန်မအသက်ကို ဝင်ကယ်ပေးလိုက်တာပါ။ ဘာမှ မလုပ်ပါဘူး"

"အေး ဘာပဲဖြစ်ဖြစ် ငါတို့ မလေ့ထုံးစံအရ မိန်းကလေးတစ်ယောက်ကို ကိုယ်ထိလက်ရောက် စော်ကားမိလို့ပဲဖြစ်ဖြစ် အရှက်ရအောင် ပြုခဲ့မိလို့ပဲ ဖြစ်ဖြစ် လူကြီးမိဘတွေ ကျေနပ်အောင်တော့ လာပြီးတောင်းပန်ရမှာပဲ၊ မဟုတ်ရင်တော့ သူ့ကို ငါ့ပညာနဲ့ ပြုစားပြီး သတ်ပစ်ရလိမ့်မယ်"

ထိုစကား ကြားသောအခါ မာယာပင် မျက်လုံးပြူးသွားလေတော့သည်။

သူမ၏အဖြစ်အပျက်က အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်သော အခြေအနေမျိုးသို့ ရောက်လာခဲ့လေသည်။

သူမအနေဖြင့် နီမောင်ကို လက်ထပ်ယူရန် ဝန်မလေးသော်လည်း သူတို့နှစ်ယောက်က ဘာမှဖြစ်ကြသေးသည် မဟုတ်ပေ။

ထို့ကြောင့် စိတ်သောက ရောက်နေရတော့သည်။

ကိစ္စက ထိုမျှနှင့် ပြီးမသွားပေ။

တစ်နေ့တွင် နီမောင်အိမ်သို့ လူနှစ်ယောက် ရောက်လာကြသည်။

မာယာ၏အစ်ကိုဝမ်းကွဲတော်စပ်သူ ထန်လုံနှင့် ကာလသားခေါင်း ဖိုးထင်ဆိုသူတို့ ဖြစ်သည်။

ကတူးကနန်းဒေသ္တဘက်မှာ ကာလသားခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



လူပျိုခေါင်းဟု ခေါ်ကြပြီး လူငယ်လူရွယ်ကိစ္စများနှင့် ပတ်သက်လာပါက ကျေးရွာကို အုပ်ချုပ်နေသော လူကြီးကဲ့သို့ ဩဇာအာဏာရှိသူ ဖြစ်သည်။

လူပျိုခေါင်းဆောင်ကို လူငယ်လူရွယ်များ သဘောကျရွေး ချယ်တင်မြှောက်ထားပြီး အားလုံးက လေးစားကြောက်ရွံ့မှု ရှိကြလေသည်။

ထန်လုံရော ဖိုးထင်ပါ အသက်(၃၀)ကျော်အရွယ်ခန့် ရှိကြလေသည်။ သူတို့ရောက်လာသော အချိန်မှာ နီမောင်က အိမ်ထဲမှာ အိပ်နေသဖြင့် မိခင်ဖြစ်သူက လာနှိုးသောကြောင့် ထလာရသည်။

"ကိုဖိုးထင်တို့ပါလား၊ ဘာကိစ္စများ ရှိလို့ပါလဲ"

"မင်းနဲ့ပြောစရာရှိလို့ လာခဲ့တာပဲ"

ဟု ပြောသဖြင့် အိမ်ပေါ်သို့ ဖိတ်ခေါ်ကာ နေရာထိုင်ခင်း ပေးရလေသည်။

နီမောင်မှာ တောထဲရောက်နေပြီး ယခုမှပင် အိမ်ပြန်ရောက်လာသောကြောင့် မာယာနှင့် ပတ်သက်သော သတင်းများကို ဘာမှမသိရသေးပေ။

"ဘာကိစ္စများပါလိမ့်"

"တခြားတော့ မဟုတ်ပါဘူး၊ မင်းနဲ့ မာယာတို့ ဖြစ်ခဲ့တဲ့ ကိစ္စပါပဲ"

"ဗျာ. . သူနဲ့ ဘယ်လိုဖြစ်ခဲ့လို့လဲ"





"အခုမှတော့ ဖုံးကွယ်မနေပါနဲ့တော့ကွာ၊ မင်းတို့အကြောင်းကို တစ်ရွာလုံးက သိနေကြပါပြီ"

"မဟုတ်ဘူး ကိုဖိုးထင်၊ တစ်ခုခုတော့ မှားနေပြီ ထင်တယ်၊ သူနဲ့ ကျွန်တော်နဲ့က ဘာမှမဖြစ်ကြပါဘူး"

"ဒါဖြင့် မာယာဆီမှာ မင်းရဲ့ အကျီဘောင်းဘီတွေ ရောက်နေတဲ့ ကိစ္စကရော"

"ဒါ. . ဒါက ဒီလိုပါ"

နီမောင်က တောထဲမှာ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

"ဒီလိုပြောလို့တော့ မရဘူးနီမောင်ရဲ့၊ မင်းက မဟုတ်ဘူး ငြင်းနေရင် တစ်ခုခုတော့ သက်သေပြမှဖြစ်မယ်"

နီမောင်က စဉ်းစားနေသည်။

တောတွင်းမှာ ဖြစ်ခဲ့သော ကိစ္စကို ဘယ်လိုသက်သေပြရမလဲ။

ယခုအချိန်လောက်ဆိုလျှင် တောထဲမှာကျန်ခဲ့သော ပေါက်ကြီးမြွေအသေကောင်လည်း ရှိတော့မည်မဟုတ်ပေ။

ခွေးစသော သားရဲတိရစ္ဆာန်များ ဝိုင်းဝန်းစားသောက်ကြသဖြင့် အရေခွံတောင် ကျန်တော့မည် မဟုတ်ပေ။

သူ့အတွက် ဘေးကျပ်နံကျပ်ဖြစ်နေစဉ် ထန်လုံက ဝင်မေးသည်။

"မင်း ငါ့နှမကို လက်ထပ်ယူမလား"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ငါနဲ့ ဘာမှမဖြစ်သေးတာ၊ လက်ထပ်ဖို့ ဘယ်ဖြစ်ပါ့မလဲ"

ထန်လုံမျက်နှာမှာ တင်းခံနဲ ဖြစ်သွားသည်။

"မင်းတို့အကြောင်းက တစ်ရွာလုံး သိနေပြီဆိုတော့ ငါတို့မိသားစုတွေ အရှက်ရတယ်၊ ဒီတော့ လူကြီးမိဘတွေ ကျေနပ်အောင် လာပြီး တောင်းပန်ပေးပါ"

ထိုစကားက ပိုပြီးခက်သည်။

အကယ်၍ တောင်းပန်လိုက်တော့မှ တစ်ရွာလုံး သူ့မှာ အပြစ်ရှိသဖြင့် တောင်းပန်သည်ဟု ထင်သွားမှ ပိုပြီးအခက်တွေ့နိုင်ပေသည်။

"ငါက သူ့အသက်အန္တရာယ်ကို ကယ်ပေးခဲ့တာပဲ၊ ဘာအပြစ်ရှိလို့ တောင်းပန်ရမှာလဲ"

ထိုစကားကြားသည်နှင့် ထန်လုံက အသင့်ယူလာသော ဓားကို ခါးကြားမှ ဆွဲထုတ်ပြီး ကြမ်းပြင်ပေါ်သို့ 'ဒုန်း'ခနဲ မြည်အောင် စိုက်ချလိုက်လေတော့သည်။

"ဒီတစ်ခါတော့ အရှက်နဲ့အသက်နဲ့ လဲရမယ့်ပွဲပဲ"

ဟုလည်း ပြောသဖြင့် ဖိုးထင်က ဝင်ထိန်းပေးထားရသည်။

"စိတ်အေးအေးထားပါ ထန်လုံ၊ ဒီကိစ္စကို အဆင်ပြေအောင် ငါဖြေရှင်းပေးပါ့မယ်"

ထိုသို့ ဝင်ပြောသော်လည်း ထန်လုံ၏မျက်နှာမှာ တင်း





မာနေဆဲပင် ရှိသေး၏။

နီမောင်အနေဖြင့်လည်း သူ့မှာ ဘာအပြစ်မှ မရှိသဖြင့် အလျှော့မပေးပေ။

"ကဲ. . နီမောင် ငါတို့က တစ်ရွာတည်းသားတွေပဲ၊ မင်းသဘောကိုလည်း ငါသိတယ်၊ ငါ့သဘောကိုလည်း မင်းသိပါတယ်၊ ငါက လူပျိုခေါင်းတစ်ယောက် ဆိုပေမယ့် မင်းတို့အပေါ်မှာ ညီအစ်ကိုလိုပဲ ဆက်ဆံတယ်ဆိုတာ မင်းတို့ သိပါတယ်"

"ဟုတ်ပါတယ်"

"အခုကိစ္စက ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာ အသာထားဦး၊ ငါတို့ရွာက မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့သိက္ခာကိုတော့ စဉ်းစားပေးရမှာပါပဲ၊ ဒီတော့ မင်းအနေနဲ့ အကောင်းဆုံးဖြစ်အောင်သာ ဆုံးဖြတ်ပေးပါကွာ"

ဟုပြောပြီး နှစ်ယောက်သား ပြန်သွားကြလေတော့သည်။

နီမောင် အခြေအနေမှာ မပျော်လင့်ပါပဲနှင့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ဖြစ်လာပြီး ဘေးကျပ်နံကျပ် ဖြစ်နေတော့သည်။

"ဒါ ဘယ်လိုလုပ်ရမလဲ"

ထိုအချိန်မှာပင် စောထီးနှင့် ငမဲအောင်တို့ ရောက်လာကြ သည်။

"ကိုဖိုးထင်နဲ့ ထန်လုံတို့ မင်းကို ဘာတွေ လာပြောသွား



www.burmeseclassic.com

www.burmeseclassic.com



ကြတာလဲ၊ ကြည့်ရတာတော့ အခြေအနေကောင်းပုံမရဘူး”

“ဒါကြောင့် အခြေအနေမဟန်ရင် ဝင်ကူတန်ကူရအောင် ငါတို့နှစ်ယောက်က တစ်နေရာက အခြေအနေကြည့်နေကြတာ”

ဟု ပြောကြသည်။

နီမောင်က ၎င်းတို့နှစ်ယောက်ကို အကျိုးအကြောင်း ပြောပြလိုက်သည်။

“မင်းအဖြစ်ကလည်း စေတနာနဲ့ ဝင်ကူပေးတော့မှ ဝေဒနာ ဖြစ်နေရပါလား၊ ဒီလိုသာဆိုရင် သူဘာသာ သေချင်သေပစေဆိုပြီး ထားခဲ့ရမှာ. .”

ငမဲအောင်က ဒေါသသံဖြင့် ပြောသည်။

“ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲကွာ၊ ကိုယ့်မျက်စိရှေ့မှာ လူတစ်ယောက် အသက်ဘေးနဲ့ ကြုံနေရတာကိုတော့ ဒီအတိုင်း မျက်နှာလွှဲသွားလို့ ဘယ်သင့်ပါ့မလဲ”

“မသင့်တာတော့ ဟုတ်ပါပြီ၊ မင်း အခု ဘယ်လိုလုပ်မလဲ ပြောပါဦး”

နီမောင်က ဘာပြောရမှန်း မသိသဖြင့် ငူငူကြီး ထိုင်နေလေသည်။

“ကိုယ့်ရွာသားတစ်ယောက် ဒုက္ခရောက်နေတာတွေ့လို့ ကယ်ချင်လည်း ကယ်ပေးလိုက်တာ မဟုတ်ဘူး၊ အဲဒီလို ကယ်လို့လည်း ဘယ်သူမှ သိလိုက်ကြမှာ မဟုတ်ဘူး၊ အဓိက မှားခဲ့တာက





မင်းအဝတ်အစားတွေ ချွတ်ပေးခဲ့တာပဲ၊ အဲဒါကြောင့် အားလုံးက ထင်ယောင်ထင်မှား ဖြစ်ကုန်ကြတာ”

စောထီးက ပြောသည်။

“သူ့အဝတ်တွေမှ မရှိတော့တာ၊ ဒီအတိုင်းထားခဲ့လို့မှ မဖြစ်တာ”

နီမောင်စကားကြောင့် ကျန်နှစ်ယောက်က သဘောကျစွာ ရယ်ကြလေသည်။

“မင်းတို့ကတော့ ရယ်နိုင်တာပေါ့၊ ငါ့မှာသာ ဘယ်လိုလုပ်ရမှန်း မသိဘဲ အခက်တွေ့နေတာ”

“ဘာမှ မခက်ပါဘူးကွာ၊ အခုကိစ္စက မင်း မိန်းမမြန်မြန်ရအောင်လို့ တောစောင့်နတ် တောင်စောင့်နတ်တွေက ဖန်တီးပေးလိုက်တာပဲ ဖြစ်မှာပါ”

“ငါမှ သူ့ကို မချစ်တာ၊ ဘယ်လိုလုပ် လက်ထပ်ရမှာလဲ”

“အခု မချစ်သေးလည်း လက်ထပ်ပြီး အတူတူနေကြတော့ တဖြည်းဖြည်းနဲ့ ချစ်သွားမှာပါ”

“ဟုတ်တယ် နီမောင်၊ မင်းမှာ ရွေးစရာလမ်း သိပ်မရှိတော့ဘူး၊ သူ့ကိုမယူဘဲ သူ့မိသားစု အသိုင်းအဝိုင်းတွေနဲ့ ရန်သူဖြစ်မှာလား၊ ဒါမှမဟုတ် သူ့ကို လက်ထပ်မလား၊ ဒီနှစ်လမ်းပဲ ရှိတော့တယ်”

“မင်းကသာ မချစ်ဘူး ပြောနေတာ၊ မာယာက ငါတို့ရွာ အချောဆုံး အလှဆုံး အပျိုတစ်ယောက် မဟုတ်လား၊ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တဲ့သူတွေလည်း အများကြီး ရှိနေတာပဲ"

"ဒါပေမယ့် သူတို့မိသားစုတွေက စုန်းပညာ တတ်ကြတယ်လို့ နာမည်ကြီးနေတာ မဟုတ်လား"

"မင်းကို ငါ တစ်ခါက ပြောခဲ့ဖူးသလိုပေါ့ကွာ၊ စုန်းမဆိုရင်တောင်မှ ဘယ်စုန်းမကမှ သူတို့ယောက်ျားတွေကို မပြုစားကြပါဘူး"

နီမောင်က စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကုတ်နေလေသည်။

"အခုမှတော့ ဘာမှ စိတ်ညစ်မနေပါနဲ့တော့ကွာ၊ မင်းမှာ တခြားရွေးစရာလည်း မရှိပါဘူး၊ မာယာကိုသာ လက်ထပ်လိုက်ပါ၊ အဲဒါဆိုရင် သူတို့မိသားစုတွေနဲ့လည်း ရန်ငြိမ်းသွားမယ်၊ နောက်ပြီး အပျိုချောတစ်ယောက်လည်း ရတာပေါ့"

"ဟုတ်တယ် နီမောင်၊ အခုအချိန်မှာ အကောင်းဆုံးက မင်းမာယာနဲ့တွေ့ပြီး ဆွေးနွေးတိုင်ပင်ကြတာ အကောင်းဆုံးပဲ"

ပြောဆိုတိုက်တွန်းကြလေသည်။

နီမောင်စိတ်ထဲမှာလည်း မိမိတစ်ယောက်တည်း စိတ်ညစ်နေမည့်အစား မာယာနှင့်တွေ့ရန် စိတ်ကူးပေါ်လာမိတော့သည်။ ယခုမှတော့ ဘာမှ မတတ်သာတော့ပါချေ။





## အခန်း(၉)

# အသူရကာယ်ရွာသူ မြသင်းကြူ

မာယာတို့နေသောအိမ်မှာ ခြေတံရှည်အိမ်မျိုးဖြစ်ကာ အပေါ်တွင် လူနေပြီး အောက်တွင် ပစ္စည်းများထားလေသည်။

ထိုနေရာတွင် ရက်ကန်းစင်တစ်ခုလည်း ရှိသည်။

ကတူးကနန်းဒေသ ရွာများမှာ နေထိုင်ကြသူတို့သည် အခြားဒေသတို့နှင့် လမ်းပန်းဆက်သွယ်ရေး ဝေးလံလှသောကြောင့် အဝတ်အထည်ဝယ်ယူရန် မလွယ်ကူကြပေ။ အတော်



www.burmeseclassic.com

www.burmeseclassic.com



များများကတော့ အိမ်မှာ ရက်ကန်းစင် ပြုလုပ်ထားပြီး အဝတ်အထည်ကို ကိုယ်တိုင်ရက်လုပ်ပြီး ဝတ်ကြရသည်။

ထိုသို့ ရက်လုပ်ရာမှာလည်း ချည်ချောထည်များ မဟုတ်ဘဲ သာမန်အကြမ်းဝတ်သော အကြမ်းထည်မျိုးသာ ရလေသည်။

၎င်းတို့အနေဖြင့် အစားအသောက်ကသာ အဓိကကျပြီး အဝတ်အထည်က အဓိက မထားသောကြောင့် အပိုအလျှံ ယက်လုပ်ထားခြင်းမရှိဘဲ တစ်ထည်ကုန်မှ နောက်တစ်ထည် ယက်လုပ်ကာ ဝတ်ကြလေသည်။

အထည်ရက်လုပ်ရာတွင် ဝါပင်မှ ချည်ကိုယူပြီး ရက်လုပ်ကြသည်။

ဝါပင်ကို တောင်ယာတွင်သော်လည်းကောင်း၊ ကုန်းခင်းများ၌သော်လည်းကောင်း၊ အခြားသီးနှံများနှင့် ရောနှောစိုက်ပျိုးကြသည်။

သီးခြား စီးပွားဖြစ် စိုက်ပျိုးကြခြင်းတော့ မရှိကြပေ။

ဝါမှ အထည်ရက်လုပ်နိုင်သော ချည်မျှင်အဖြစ် ရောက်သည်အထိ ကတူးကနန်းတို့ လုပ်ကိုင်ပုံသည် ရှေးမြန်မာတို့ ဝါဖတ် ဗိုင်းငင် လုပ်ကိုင်နည်းအတိုင်းပင် ဖြစ်၏။

ချည်မျှင်များ ရရှိလာသောအခါ သစ်ခေါက်များဖြင့် အရောင်ဆိုးပြီးလျှင် ချည်ထည်ရက်ရန် စီမံရသည်။

အများအားဖြင့် အညိုရောင်နှင့် အဝါရောင်များကို ဆိုးတတ်ကြ၏။ အညိုရောင်ကို ဖန်ခါးခေါက်ဖြင့် ပြုတ်ပြီးလျှင် ရွှံ့ပုပ်





နှစ်ယူသည်။ အဝါရောင်ကို နနွင်းဖြင့် ပြုတ်၍ယူသည်။

ဤနည်းအားဖြင့် ရလွယ်သော အရောင်များကို ချည်ဆိုးကာ ရက်ဝတ်တတ်ကြသည်။

ကတူးကနန်းတို့၏ ရက်ကန်းစင်သည် ရှေးမြန်မာတို့၏ ရက်ကန်းစင်မျိုးပင်ဖြစ်၍ မြန်မာတို့ ရက်ကန်းရက်နည်းအတိုင်း ရက်လုပ်ကြသည်။

အထည်လုံချည်တစ်ကွင်းစာကို ခုနစ်ရက်ခန့်ကြာအောင် ရက်ကြရသည်။

အထည်သားမှာ ထူလေကောင်းလေဟု သတ်မှတ်ထားကြ၏။

ပုဆိုးလုံချည်များကို တစ်နံတည်းဖြင့် ဝတ်မရပေ။

အနံသေးသဖြင့် နှစ်နံဆက် ချုပ်ဝတ်ကြရသည်။

အထည်ကို မိမိအိမ်သုံးပင် လုံလောက်အောင် ရက်လုပ်ခြင်း မပြုနိုင်ပေ။

ဝါခင်းများကိုလည်း လုံလောက်အောင် မစိုက်ပျိုးကြပေ။ ဈေးဖြစ်အထည်များကို အားကိုးခဲ့ကြသည်။

အင်္ဂလိပ်နယ်ချဲ့ မရောက်မီက မိမိအိမ်သုံးအတွက် အဝတ်အထည်များကို မိမိတို့ယာခင်းမှ ထွက်သောဝါများကို ချည်ဖြစ်အောင် လုပ်၍ ရက်လုပ်ဝတ်ဆင်ခဲ့ကြသည်။

သို့သော် အင်္ဂလိပ်များက အထည်အလိပ်များကို သွင်းလာပြီးနောက်ပိုင်းတွင် ကတူးကနန်းဒေသမှ အိမ်တွင်းမှု အ



www.burmeseclassic.com

www.burmeseclassic.com



ထည်ရက် လုပ်ငန်းသည် ရပ်ဆိုင်းသွားခဲ့သည်။

ပုဆိုးလုံချည်များကို ဈေးမှပင် ဝယ်ဝတ်သော အလေ့ ပေါ်ပေါက်လာသဖြင့် ရိုးရာရက်ကန်းလုပ်ငန်းမှာ ကွယ်ခဲ့ရ၏။

အဝတ်အထည်များကို တောတောင်အတွင်းပိုင်းကျ သော ဒေသတွင်သာ ရှေးမူမပျက် ရက်လုပ်ဝတ်ဆင်နေကြသည် ကို ယခုတိုင် တွေ့ရသေး၏။

အကျီ၊ ခေါင်းပေါင်းများအတွက် အဖြူရောင်ကို ရက် လုပ်ဝတ်ဆင်ကြ၏။

ပုဆိုးထဘီများအတွက် အဖြူနှင့် အမဲကွက်တူများ ရက်လုပ်ဝတ်ဆင်ကြသည်။

အဝတ်အထည် ရက်သည်မှအပ "လင်းပက်"ခေါ် ငါး ဖမ်းလုပ်ငန်းအတွက် ကိရိယာကို ရက်လုပ်ကြသေး၏။

လင်းပက်မှာ ခြံစောင်ကဲ့သို့ အလျားရှည်ပြီးလျှင် အနံ[illegible] သည်။ ရက်ထားပုံမှာ ဆန်ခါဆကာကဲ့သို့ ရေယိုနိုင်ရန် အကွ[illegible] ငယ်များဖြစ်အောင် ရက်ထားသည်။

လင်းပက်၏ အလျားလိုက် အနားတစ်ဖက်တွင် ခဲမျ[illegible] ဆွဲထားသည်။

လင်းပက်ကို ဝါးလုံးတိုနှစ်ချောင်းဖြင့် လက်ကိုင်တ[illegible] ဆင်ပြီးလျှင် မိန်းမနှစ်ယောက်က လက်ကိုင်နှစ်ခုကို တ[illegible] ယောက်တစ်ဖက်ကိုင်၍ ရေထဲတွင် လိုက်ထိုးသည်။

ရေထဲမှ လင်းပက်ကို မယူလိုက်သောအခါ ငါးငယ်မျ[illegible]





ပါလာသည်။

ဤနည်းဖြင့် မူးချောင်းအတွင်း၌ ငါးရှာကြသည်ကို တွေ့ရသည်။

ထို့ပြင် တောင်းပလုံးရက်လုပ်ငန်းသည် ကတူးကနန်း အမျိုးသားတိုင်း တတ်ကြသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

အချိန်မှာ ညဥ့်ဦးပိုင်းအချိန်ဖြစ်သည်။

မာယာတစ်ယောက်တည်း အိမ်အောက်မှာရှိသော ရက်ကန်းစင်၌ ဗိုင်းငင်နေသည်။

ခါတိုင်းဆိုပါက ယခုလို လသာသာနှင့် ဗိုင်းငင်နေရ သောအချိန်မျိုးတွင် သီချင်းသံ တအေးအေး ကြားရတတ်သော် [illegible]ည်း ယခုအခါမှာတော့ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

မာယာခမျာ သူမအနေဖြင့် ဘယ်လိုအပြစ်မျိုးမှ မကျူး [illegible]န်ရပါဘဲ အများ၏အပြစ်တင်ခြင်းကို ခံနေရရှာသည်။

မိဘဆွေမျိုးသားချင်းများအပြင် အခြားသူများကပါ [illegible]ထင်လွဲနေကြသည်။

ဘယ်လိုရှင်းပြလို့မှလည်း လက်မခံကြပေ။

"ငါနှယ် ဟိုတစ်နေ့က တောထဲမှာ မြွေပတ်ခံရလို့ သေ [illegible]တာကမှ ကောင်းဦးမယ်"

ဟုလည်း တစ်ယောက်တည်း ရေရွတ်နေလေသည်။

စိတ်မကောင်း ဖြစ်နေသည်မှာ သူမအတွက်ထ[illegible] [illegible]ထဲ မှဝင်ပြီး အကူအညီပေးခဲ့သည့် နီမောင်အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"သူ့ခမျာ ငါ့ကိုဝင်ပြီး အကူအညီ ပေးခဲ့မိလို့ အခုတော့ တစ်ရွာလုံး အထင်လွဲခံနေရတယ်၊ လူတွေကလည်း ခက်ဝ တယ်၊ သူတို့လည်း မမြင်ရပဲနဲ့ ဘယ်လိုရှင်းပြလို့မှလည်း မရကြ ဘူး"

ဟု တွေးနေစဉ် သူမ ဗိုင်းငင်နေသော နေရာသို့ လူတစ် ယောက် ရောက်လာလေသည်။

ခြေသံကြားလိုက်စဉ်က သူမကို လူပျိုလှည့်ရန်လာ သော ကာလသားတစ်ယောက်ဟု ထင်သော်လည်း အနား ရောက်လာတော့မှ မဟုတ်မှန်း သိရတော့သည်။

နီမောင်ပင်ဖြစ်သည်။

"ဟင်. . နီမောင်"

နီမောင်က သူမနှင့် မနီးမဝေးနေရာမှာ ဝင်ထိုင်လေ သည်။

နီမောင်ကိုမြင်တော့ မာယာမှာ မျက်နှာပူနေလေသည်။

"ငါ့အတွက်ကြောင့် အခုလိုဖြစ်ရတာ၊ ငါ တောင်းပန် တယ် နီမောင်ရယ်၊ ငါ တကယ် စိတ်မကောင်းပါဘူး"

"နင် စိတ်မကောင်းနေရုံနဲ့လည်း ကိစ္စက အေးသွား မဟုတ်ဘူး၊ ငါ အခုလာတာ နင်နဲ့ စကားပြောချင်လို့ လာခဲ့တ အခု ဖြစ်နေတဲ့ ကိစ္စတွေကို ငါတို့ ဘယ်လိုရှင်းကြမလဲ၊ အမှ မှန်ကို ပြောပြလို့လည်း ဘယ်သူကမှ လက်မခံကြဘူး၊ မယုံ





ဘူး"

"ဟုတ်တယ် ငါလည်း အဲဒါကိုပဲ စိတ်ညစ်နေတာ၊ ငါ သေသွားရင် ကောင်းမှာပဲဟာ"

"နင်သေသွားလည်း ကိစ္စက ပြီးမှာမဟုတ်ဘူး၊ တစ်ရွာ လုံးက နင်နဲ့ ငါနဲ့ တစ်ခုခု ဖြစ်ပြီးကြပြီလို့ချည်း ထင်နေကြတယ်"

"ဒီလိုမဟုတ်ပဲနဲ့ အထင်ခံရတာကိုက နင့်အတွက် နစ်နာတယ်ဆိုတာ ငါ သိပါတယ်၊ ငါ ဘယ်လိုလုပ်ပေးရမလဲ ဟင်"

"ငါလည်း ဘယ်လိုမှ မကြံတတ်လို့ နင့်ဆီလာတာပေါ့"

"ငါက မိန်းကလေးဆိုတော့ ဘယ်လိုကြံတတ်ပါ့မလဲ၊ နင် သဘောကျသလိုသာ ဆုံးဖြတ်ပါ"

နီမောင်က အတန်ကြာအောင် စဉ်းစားနေလေသည်။

အချိန်အတော်ကြာသည့်တိုင် နီမောင်ထံမှ စကားသံ မကြားရသောအခါ မာယာက မဝံ့မရဲပြောသည်။

"နင် ငါ့ကို လက်ထပ်မလားဟင်"

"နင့်ကို လက်ထပ်ရအောင် နင်နဲ့ငါနဲ့က ချစ်သူတွေမှ မဟုတ်ကြတာ"

"နင့်မှာ ချစ်သူရှိသလားဟင်"

နီမောင်က အနည်းငယ် စဉ်းစားပြီးမှ ခေါင်းခါပြလိုက် သည်။

"ဟင့်အင်း. . မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင့်မှာ ချစ်သူမရှိသေးရင် ငါ့ကို လက်ထပ်ပေးပါ၊ လက်ထပ်ပြီးတော့မှ နင်မပေါင်းချင်ရင် ငါ ကွာရှင်းပေးပ့်မယ်၊ ဒီလို ပြောလို့ ငါ့ကို အထင်မသေးပါနဲ့. . . အထင်မလွဲပါနဲ့၊ အခု အချိန်အထိ ငါဟာ အပျိုစင်ဘဝမှာပဲ ရှိပါသေးတယ်"

နီမောင်က သူမကို တအံ့တဩ ကြည့်လေသည်။

မာယာက မာယာမပါသော အမူအရာဖြင့် သဘောရိုး အတိုင်း ပြောနေမှန်း ရိပ်မိလေသည်။

"အိမ်ထောင်ပြုတယ်ဆိုတာ လွယ်တာမှ မဟုတ်တာ ဟန်ဆောင်လက်ထပ်ပြီးမှ ပြန်ကွာလိုက်ရင်လည်း နင် အပျိုဖြန် ဖြစ်တော့မှာ မဟုတ်ဘူး"

"ဒါက အရေးမကြီးပါဘူး၊ လောလောဆယ် နင်ရော ငါရော လူတွေ အပြောအဆို ခံရတဲ့အဖြစ်ကလွတ်အောင် ဒီလို လုပ်တာပဲ အကောင်းဆုံး ဖြစ်မှာပါ၊

နင် ငါ့ကို မိရိုးဖလာအတိုင်း တောင်းရမ်းယူပါနော်"

ဟု ပြောလေသည်။

နီမောင်မှာ မာယာနှင့်ပတ်သက်ပြီး ခံစားမှု မဖြစ်ပေါ်ခဲ့ ဘူးသေးပေ။

သို့သော်လည်း ယခုကဲ့သို့ သူမဘက်က သနားစဖွယ် တောင်းပန်နေသောအခါ စိတ်ထဲ၌ တစ်မျိုး ဖြစ်လာမိလေသည်။ သနားစိတ် ဝင်လာသလို ကရုဏာစိတ်ဝင်လာမိသလို ဖြစ်လာ သည်။





"အေးလေ ငါတို့အခြေအနေက ဒီလိုဖြစ်လာဖို့ အကြောင်းဖန်လာမှတော့ ဒီလိုပဲ လုပ်ကြရမှာပေ့ါ၊ နင်လည်းသိပ်ပြီး စိတ်ပူမနေပါနဲ့၊ ငါတို့တစ်ခုခုတော့ လုပ်ကြတာပေ့ါ"

ဟု ပြောပြီး ပြန်လာခဲ့လေသည်။

နောက်ပိုင်းမှာတော့ မာယာတစ်ယောက် မျက်ရည်အပိုင်းသားဖြင့် ကျန်ရစ်ခဲ့သည်ကိုတော့ သူ မသိပေ။

နောက်ပိုင်းရက်မှာတော့ နီမောင်တစ်ယောက် အလုပ် ဆောင်းနိုင်တော့ဘဲ. . . တောသို့ စောထီးနှင့် ငမဲအောင်တို့ နှစ်ယောက်သာ သွားကြလေသည်။

သူ စိတ်ညစ်နေမှန်းသိတော့ အမေက ဖျောင်းဖျပြော ဆိုသည်။

"ဒီလောက်လည်း စိတ်ဆင်းရဲမနေပါနဲ့ကွယ်၊ ကိုယ်နဲ့ စာပါလာတယ်လို့ပဲ သဘောထားလိုက်ပါ၊ နောက်ပြီး. . . မိန်းကလေးဟာလည်း အနေအထိုင် ပိရိပါတယ်၊ တစ်ရွာသား ချင်းတွေ တစ်သက်လုံး ရန်မများအောင်သာ လုပ်ပါကွယ်"

"ဟုတ်ကဲ့ပါ အမေ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်အကောင်း ဆုံးဖြစ်အောင်တော့ လုပ်မှာပါ"

"သာဓုကွယ်. . သာဓု. . သာဓု"

ထိုသို့ ဆုံးဖြတ်ချက်ချပြီးနောက် နီမောင်က လူပျိုခေါင်း ဆောင်ကို အသိပေးရသည်။

"ကိုဖိုးထင် ကျွန်တော် မာယာနဲ့ လက်ထပ်ဖို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သူ့မိဘဆွေမျိုးတွေကို နားဖောက် အသိပေးထားပေးပါ”

ထိုသို့ ပြောသောအခါ ဖိုးထင်ကိုယ်တိုင် ဝမ်းသာသွားလေသည်။

“အေးကွာ၊ မင်းတို့ချင်း ဒီလို အဆင်ပြေသွားတော့ ပိုကောင်းတာပေါ့။ နောက်ပြီး မာယာဆိုတဲ့ မိန်းကလေးကလည်း ငါတို့ရွာမှာ အချောဆုံး အလှဆုံးပါကွ၊ မင်းလည်း ကံကောင်းပါတယ်”

နီမောင်က မချိသွားဖြဲ ရယ်နေသည်။

“လက်ထပ်ဖို့ကိစ္စကိုတော့ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါ။ ဘာကြောင့်လည်းဆိုတော့ မင်္ဂလာဆောင်ဖို့ ပိုက်ဆံစုချင်သေးလို့ပါ၊ အဲဒါကိုလည်း ပြောပြထားပေးပါ”

“ဒါက ကိစ္စမရှိပါဘူးကွာ၊ မင်းဘက်က လက်ထပ်ဖို့ကတိပေးထားပြီးရင် ရပါပြီ၊ ကျန်တာတွေတော့ ငါ့တာဝန်သာထားဟေ့”

ထိုသို့ကတိပေးပြီးနောက်မှာ စောထီးတို့နှင့်အတူ ပျားလိုက်ထွက်ရပြန်လေသည်။

တစ်နေ့တော့ တောထဲမှာ အိပ်ပျော်နေရင်း အိပ်မက်လိုလိုနှင့် မြသင်းကြူကို တွေ့ရသည်။

“ငါက နင်ပြန်လာဦးမလားလို့ တမျှော်တည်း မျှော်နေခဲ့တာ၊ အခု နင်က မိန်းမယူဖို့ လုပ်နေတယ်ပေါ့လေ”

“ဟုတ်တယ်. . . ငါ သူ့ကို ယူရတော့မယ်”





“ငါကတော့ အဲဒါကို သိပ်သဘောမကျဘူး”

“ဘာဖြစ်လို့လဲဟင်”

“ငါတို့ဘဝက လူ့ဘဝနဲ့ မတူဘူး၊ ဒီဘဝက လွတ်မြောက်ဖို့ အကူအညီပေးဖို့ လူတစ်ယောက်လိုတယ်၊ ဒီလို အကူအညီပေးတာလည်း လူတိုင်းလုပ်ပေးလို့မရဘူး၊ နောက်ပြီး အိမ်ထောင်ရှိပြီးသားလူ မဖြစ်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ ငါတို့ ဒီလိုခံနေကြရတာ အိမ်ထောင်ရှိပြီးသား လူတစ်ယောက်ကြောင့် ပဲ”

နီမောင်မှာ သူမပြောနေသောစကားများကို နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

“ငါက ရှေ့တစ်ဘဝတုန်းက ပစ္စည်းဥစ္စာ ပြည့်စုံတဲ့သူတစ်ဦးရဲ့မယား ဖြစ်ခဲ့ပါတယ်၊ ဒါပေမယ့် နောက်ပိုင်း ဥစ္စာမက်မောတဲ့ ဉာဏ်သမားတစ်ယောက်ရဲ့ကျော့ကွင်းထဲကို ရောက်ခဲ့ရတယ်၊ လင်ရှိမယား ဖြစ်ပါလျက်နဲ့ အခြားသူနဲ့ ဖောက်ပြားမိတာကို လင်ယောက်ျားသိသွားတဲ့အခါ သူက မေးလာတော့ ဟုတ်ကြောင်း ကျမ်းကျိန်ပြောခဲ့ရပါတယ်”

“ဘယ်လိုကျမ်းကျိန်ခဲ့ရတာလည်းဟင်”

“တကယ်လို့ ဟုတ်မှန်တယ်ဆိုရင် နောက်ဘဝမှ ကယ်မယ့်သူ မတွေ့မချင်း ခွေးနက်ကြီးတွေ အစားခံရပါစေလို့ ကျိန်ခဲ့မိလို့ အခုလိုဘဝမျိုး ရောက်ခဲ့ရတာပါပဲ”

“ကြောက်စရာပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"ကာမပိုင်လင်ယောက်ျား ရှိပါလျက်နဲ့ ဖောက်ပြားခဲ့တဲ့ အပြစ်ရယ်၊ ကျိန်ပြောခဲ့တဲ့ ကျိန်စာတွေကြောင့် ညမှာစံပြီး နေ့ အချိန်မှာ ငရဲခွေးကြီးတွေ အစားခံရတဲ့ ဘဝမျိုးကို ခံနေရတာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ"

ဟု ပြောပြလေသည်။

နီမောင်ခမျာ မြသင်းကြူ ပြောပြနေသော အကြောင်း များကို နားထောင်ရင်းနှင့် ယုံရအခက် မယုံရအခက် ဖြစ်နေလေ တော့သည်။

"နင်ပြောနေတာတွေက တကယ်ပဲလား"

"တကယ်ပြောနေတာပါ"

"ဒါဖြင့် အဲသည်လို ကျိန်စာကြောင့်ဖြစ်နေတဲ့ ဒုက္ခ တွေကို ငါက ဘယ်လိုအကူအညီပေးနိုင်မှာလဲ"

"ငါ ကျိန်စာမိနေတာ အတော်ကြာပါပြီ၊ မကြာခင် လွတ်မြောက်ခွင့်ရတော့မှာပါ၊ ဒီလို လွတ်မြောက်ဖို့လည်း ဖြူစင် တဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်ခွင့်ရမှ ဖြစ်မှာပါ။ ဒါ ကြောင့် နင့်ရဲ့အကူအညီ လိုတယ်လို့ပြောတာပါ"

ထိုစကားကြောင့် နီမောင်မှာ မျက်လုံးပြူးသွားလေ သည်။

"ငါက ဘယ်လို ကူညီရမှာလဲ"

"ငါနဲ့လက်ထပ်ပြီး ငါ့ယောက်ျားလို နေပေးရမှာ၊ ငါက သစ္စာရှိတဲ့ ဇနီးမယားတစ်ယောက်လို နင့်ကို ပြုစုပေးရမှာ၊ အဲဒီ





တော့မှ ငါ့အပေါ်မှာ ကျရောက်နေတဲ့ ကျိန်စာက လွတ်မြောက် ခွင့်ရမှာ"

"ဒါဖြင့် တကယ်လို့ ငါက နင်ပြောတာကို လက်ခံမယ်ဆို ရင် ဒီနေရာမှာ အမြဲလာနေရမှာပေါ့နော်"

"ဟုတ်တယ် လာနေပေးရမှာ ဒါပေမယ့် ဘာမှပူစရာ မရှိပါဘူး၊ ငါတို့မှာ အစားအသောက်တွေလည်း အားလုံး အဆင် သင့်ရှိတယ်၊ ဒါ့အပြင် . . နင့်တို့ လူ့လောကမှာ အသုံးပြုကြတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေလည်း အများကြီးရှိတယ်၊ အဲဒါ တွေကိုပါ နင်လိုချင်သလောက်ယူပြီး အသုံးပြုခွင့်ပေးပါ့မယ်"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"နင်ပြောတာ မဖြစ်နိုင်ပါဘူး မြသင်းကြူရယ်၊ နင်နဲ့ငါနဲ့ က ဘဝချင်းမတူပါဘူး၊ ဘဝခြားနေကြပါပြီ၊ ဘယ်လိုမှ နင်ပြော တဲ့အတိုင်း အကူအညီ ပေးနိုင်တော့မှာ မဟုတ်တော့ပါဘူး"

"ဟင် ဘာဖြစ်လို့လဲဟင်"

"နင်က ဖြူစင်တဲ့သူမျိုးမှ လက်ထပ်လို့ရမှာ မဟုတ် လား"

သူမက ခေါင်းညိတ်ပြလေသည်။

"ငါက ဖြူစင်တဲ့သူ မဟုတ်တော့ပါဘူး"

"ဟင် ဘာဖြစ်လို့လည်းဟင်၊ နင့်မှာ မိန်းမရှိလို့လား"

"ငါက မိန်းမ,မရှိသေးပေမယ့် မကြာခင်မှာ မိန်းမတစ် ယောက်ကို လက်ထပ်ပါမယ်လို့ ကတိပေးထားပြီးသား ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ”

ထိုစကားကြောင့် မြသင်းကြူမှာ မျက်နှာပျက်သွားလေသည်။

နီမောင်ကိုလည်း မယုံသင်္ကာ အကြည့်မျိုးဖြင့် တစ်ချက်ကြည့်လေသည်။

“နင် တကယ်ပြောတာလား”

“ငါ တကယ်ပြောတာပါ၊ သူ့ကို လက်ထပ်ပါမယ်လို့ လူကြီးတွေကိုတောင် အသိပေးထားပြီးပါပြီ”

“ဒါထက် ငါနဲ့တွေ့တုန်းက မေးတော့ နင့်မှာ ချစ်သူတောင် မရှိသေးဘူးလို့ ပြောခဲ့တယ် မဟုတ်လား”

“ဟုတ်ပါတယ်. . . နင်နဲ့ ပထမတွေ့တုန်းက ငါ့မှာ ချစ်သူလည်း မရှိသေး၊ ဘာမှလည်း မဖြစ်ကြသေးပါဘူး၊ သူ့ကို ယူရမယ့်အကြောင်းက မကြာသေးခင်ကမှ ပေါ်လာခဲ့တာပါ”

“ဒါဖြင့် သူက နင်နဲ့ ချစ်သူတွေ မဟုတ်ကြသေးဘူးပေါ့”

နီမောင်က ဘာမှ ပြန်မပြောပေ။

“နင်တို့ချင်းက ချစ်သူတွေလည်း မဟုတ်ကြသေးဘူး လက်ထပ်ကြတဲ့အဆင့်လည်း မရောက်ကြသေးဘူး၊ ဒီတော့ နင်က လွတ်လပ်တဲ့သူဘဝမှာပဲ ရှိနေသေးတယ်၊ ငါ့အတွက် ထ်ကောင်းတယ်လို့ ဆိုရမှာပဲ”

“ဟင် ဘယ်လိုကြောင့်လဲ”

“နင်တို့နှစ်ယောက် မယူဖြစ်အောင် အနှောင့်အယှက်





ပေးရမှာပေါ့”

“ဟင်. . .”

“ဟုတ်တယ်လေ. . သူ မရှိတော့မှ နင်က ငါ့လက်ထဲ ရောက်လာမှာ မဟုတ်လား”

“မလုပ်ပါနဲ့ဟာ၊ သူ့မှာ ဘာအပြစ်မှ မရှိပါဘူး”

“အို. . မရဘူး၊ လုပ်သင့် လုပ်ရမှာပဲ. .၊ သူက နင်နဲ့ မယူဖြစ်လို့လည်း ဘာမှဖြစ်မှာ မဟုတ်ဘူး၊ ငါ့မှာသာ နင်နဲ့လွဲသွားရင် ဒီကျိန်စာဆိုးကြီးထဲမှာ ဆက်ခံနေရမှာ၊ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် နင်တို့နှစ်ယောက် မယူဖြစ်အောင်တော့ လုပ်ရမှာပဲ”

ဟု ဒေါသသံဖြင့် ပြောနေလေသည်။

ထိုသို့ ပြောနေစဉ်မှာ မြသင်းကြူ၏ မျက်လုံးများမှာ မီးတောက်မီးလျှံများ ထနေသကဲ့သို့ ထင်ရလေသည်။

သို့ကြောင့် နီမောင်မှာ အိပ်မက်မက်နေရာမှ ပြန်လန့်နိုးလာလေတော့သည်။

ပြန်နိုးလာသော အချိန်မှာ သူ့ကိုယ်ပေါ်၌ ချွေးသီးချွေးပေါက်များ စို့ရွှဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၀)

# တောနက်ထဲမှ ရှေ့ခံရသူ

တောတွင်း၌ စပါးကြီးမြွေ အညှို့ခံခဲ့ရပြီးနောက်ပိုင်း မာယာတစ်ယောက် တောနက်ထဲသို့ပင် မသွားဝံ့တော့ပေ။

ထင်းခြောက်နှင့် ဟင်းသီးဟင်းရွက်များ အလိုရှိလျှင်ပင် မောင်ငယ်ကိုပင် စေခိုင်းရသည်။

သူမအနေဖြင့် မမျှော်လင့်ဘဲ နီမောင်နှင့် လက်ထပ်ရတော့မည့် အခြေအနေ ရောက်လာသောကြောင့် စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေလေသည်။

တကယ်တော့ နီမောင်မှာ သူမနှင့် ချစ်သူများ မဟုတ်ကြသေးစေကာမူ တစ်ရွာတည်းနေကြသူများ ဖြစ်သဖြင့်. . သိက္ခမ်းခင်မင်နေကာ တစ်ယောက်အကြောင်း တစ်ယောက်သိနေကြသူများဖြစ်သည်။

အခြားလူပျိုကာလသားများက သူမအလှကို စိတ်ဝင်စားကြသဖြင့် နည်းအမျိုးမျိုးနှင့် လာရောက်ချဉ်းကပ်ကြသော်လည်း နီမောင်ကတော့ ထိုသို့မဟုတ်ပေ။

သူ့အလုပ်သာ သူလုပ်နေလေသည်။

သို့ကြောင့် တစ်ခါတစ်ရံ စိတ်ထဲ၌ မကျေမနပ်ပင် ဖြစ်ရသေးသည်။

ယခုတော့ မမျှော်လင့်ပဲ လက်ထပ်ရပေတော့မည်။

ထို့အတွက် စိတ်ထဲမှာ လှုပ်ရှားနေမိသော်လည်း ငြင်းပယ်ရန်တော့ အကြောင်းမရှိပေ။

စိုးရိမ်စိတ် တစ်ခုသာ ဖြစ်နေမိသည်။

အခြားတော့ မဟုတ်ပေ။

သူမအပေါ် မချစ်ဘဲ လက်ထပ်ရပြီး တစ်ချိန်ကျပါက ဥပေက္ခာပြုသွားမှာကိုပဲ ရင်ထဲမှာ စိုးရိမ်နေမိလေသည်။

နောက်ပိုင်းရက်မှာတော့ မာယာတစ်ယောက် အိမ်အပြင်သို့ပင် သိပ်မထွက်တော့ပဲ အိမ်မှုကိစ္စများကိုသာ လုပ်နေလေသည်။





ခါတိုင်းလိုပင် မိုးမလင်းခင် အိပ်ရာမှထပြီး ဆန်ထောင်းရလေသည်။

သူမ မောင်းထောင်းသောအချိန်မှာ အရုဏ်တက်ချိန်ပင် မရောက်သေးပေ။

"ဟတ်. . ဟတ်. . ဟတ်"

ဆန်ထောင်းရာတွင် ကျည်ပွေ့ချက်အကျ မှန်စေရန် ပါးစပ်မှ တိုင်ပင်ခေါ်ပေးရခြင်း ဖြစ်ပေသည်။

ထိုသို့ အပျိုများ မောင်းထောင်းနေသော အချိန်တွင် ၎င်းကိုနှစ်သက်သည့် လူပျိုများက လာရောက်ကာ လူပျိုလှည့်ခွင့် ရှိကြသည်။

ညဉ့်ဦးပိုင်းမှာ မလာဘဲ အရုဏ်တက်ချိန်မှ ရောက်လာသော လူပျိုမှာ ၎င်းနှင့် အဆင်ပြေနေပြီး သားရည်းစားအဆင့် ရောက်နေသူများသာ ဖြစ်သည်။

ယခင်ကဆိုလျှင်တော့ ယခုလို မောင်းထောင်းနေသော အချိန်တွင် ကာလသားတစ်ယောက် ရောက်လာပါက ရင်ခုန်ကြရသည်။

ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ လက်ခံပြီး စကားပြောကြရသည်။

မာယာအဖို့မှာတော့ ယခုအချိန်မျိုးမှာ သူမထံသို့ အခြားလူပျို ကာလသားတစ်ယောက် ရောက်လာမည်ကိုပင် စိတ်ထဲမှ အလိုလို စိုးရိမ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟစ် . . ဟစ် . . ဟစ်"

မောင်းချက်ကျသံက မှန်မှန်ပေါ်ထွက်နေစဉ်မှာပင် သူမ ရှိရာသို့ လာနေသော ခြေသံကို ကြားရသဖြင့် မောင်းကိုရပ်ပြီး လှည့်ကြည့်လိုက်သည်။

သူမနှင့် မနီးမဝေး တောစပ်မှာရပ်နေသော အမျိုးသမီး တစ်ယောက်ကို တွေ့ရလေသည်။

"နင် ဘယ်သူလဲ"

မာယာက မေးလိုက်သည်။

ထိုအမျိုးသမီးက ဘာမှမပြောဘဲ မနီးမဝေးနေရာ ရောက်လာသည်အထိ တိုးလာပြီးမှ မေးသည်။

"နင်က နီမောင်နဲ့ လက်ထပ်မယ့်သူလား"

"ဟုတ်တယ်"

"နီမောင်က ငါ့ကို အကူအညီပေးရမယ့်သူဆိုတော့ နင် သူ့ကို ယူလို့မရဘူး"

"အဲ့ဒါ ငါ့သဘောမဟုတ်ဘူး . . . သူ့သဘောပဲ"

"နင်တို့နှစ်ယောက် မယူဖြစ်အောင်တော့ ဖျက်ဆီးရမှာ ပဲ"

"နင်က သူနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"အခုထိတော့ ဘာမှ မပတ်သက်သေးပါဘူး၊ ဒါပေမယ့် တစ်ချိန်ကျရင်တော့ ပတ်သက်လာနိုင်တာပေါ့"

"ငါ ဒါတွေကို သိလည်းမသိဘူး၊ စိတ်လည်း မဝင်စား





ဘူး၊ ငါနဲ့ လက်ထပ်ဖို့ကိစ္စက သူ့အပေါ်မှာပဲ မူတည်တယ်၊ သူ့ကို ပြောပေါ့"

ဟု ပြောလိုက်ရာ ထိုအမျိုးသမီးက ဘာမှမပြောဘဲ တောထဲ ပြန်ဆင်းသွားလေသည်။

ခဏကြာတော့ နောက်ထပ်ခြေသံများ ကြားရပြန်ပြီး တောထဲမှ မကောင်းဆိုးဝါးများ ထွက်လာပြီး ခြောက်လှန့်ကြလေ တော့သည်။

မကောင်းဆိုးဝါးများမှာ ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ဖြစ်ကြ ပြီး ကြောက်စရာကောင်းသော အသွင်သဏ္ဌာန်များ ဖြစ်ကြလေ သည်။

သရဲသံဘက်နှင့် မှင်စာများက သူမနှင့် မနီးမဝေး နေရာမှ နည်းအမျိုးမျိုးနှင့် ခြောက်လှန့်ကြလေရာ မာယာမှာ ပထမတော့ မကြောက်လှပေ။

သို့သော်လည်း ကြောက်လန့်အောင် ခြောက်သောအ ခါ မနေဝံ့တော့သဖြင့် အိမ်ပေါ်တက်ပြီး အဘွားဖြစ်သူ ဒေါ် ခင်ဇာကို နှိုးကာ ပြောပြရသည်။

"အဘွား . . အဘွား ထပါဦး"

"ဟဲ . . အချိန်မတော်ကြီး ဘယ်လိုဖြစ်လာရတာတုန်း"

"ကျွန်မ မောင်းထောင်းနေတာ သရဲတွေ ရောက်လာ ပြီး ခြောက်လှန့်နေလို့"

"မဟုတ်တာတွေ ပြောမနေစမ်းနဲ့ဟယ်၊ အိပ်ရေးပျက်



www.burmeseclassic.com

www.burmeseclassic.com



လှုပါတယ်၊ ငါရှိတဲ့နေရာကို ဘယ်က သရဲတစ္ဆေ လာဝံ့မှာလဲ"

"အဘွားမယုံရင် ထကြည့်ပါလား၊ ဟိုမှာ အမျှားကြီး ရှယ်"

ထိုသို့ အတင်းလာနှိုးသဖြင့် ဒေါ်မင်းဇာလည်း ခေါင်းရင်းမှာ ထောင်ထားသော တောင်ဝှေး၊ ပြောင်းဖူးဖက်ဆေးပေါ့လိပ် စသည်တို့ကိုယူကာ မာယာနှင့်အတူ အိမ်အောက်သို့ ဆင်းလိုက်လာလေ သည်။

ဒေါ်မင်းဇာ အောက်ရောက်လာသောအခါ မောင်းဆုံ အနီးတစ်ဝိုက်တွင် ဘာမှမရှိတော့ပေ။

သရဲတစ္ဆေမဆိုထားနှင့် ခွေးတစ်ကောင် ကြောင်တစ်မြီး မှပင် မမြင်ရတော့ပေ။

"နင်ပြောတဲ့ သရဲဆိုတာ ဘယ်မှာလဲ"

"စောစောက ဒီနားရောက်လာတာ အမျှားကြီးပဲ၊ အဘွားရဲ့၊ အဘွားမယုံရင် အစောင့်ထားတာတွေ ခေါ်မေးကြည့်ပါလား"

မာယာကပြောသဖြင့် ဒေါ်မင်းဇာက တောင်ဝှေးကို ဝှေ့ယမ်းပြီး ခေါ်လိုက်သည်။

"ဟဲ့. . တာတေ ဘယ်ရောက်နေသလဲ၊ ငါ့နားလာခဲ့ဦး"

ထိုသို့ ခေါ်သံပေးလိုက်သောအခါ တောစပ်မှ ခြေသံကြားလာရသည်။

အကောင်အထည် မမြင်ရသော်လည်း သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကို အတိုင်းသား လှမ်းမြင်ရသည်။

အချို့သစ်ပင်တို့မှာ ပိပြားသွားသည်ကိုသော်လည်းကောင်း၊ အချို့အတော်မြင့်သော သစ်ပင်တို့မှာ ဦးခေါင်းဖြင့် တိုက်မိသောကြောင့် မလွတ်မလပ် ဖြစ်သွားကြသည်ကိုသော်လည်းကောင်း၊ အမှောင်ရိပ်ထဲမှာ ဝိုးတဝါး တွေ့မြင်ရလေသည်။

"တာတေ နင် ဘယ်သွားနေတာလဲ"

". . . . . . . . . ."

"ဒီမှာ ရှိနေပါရက်နဲ့ စောစောက ငါ့ခြံဝန်းထဲကို တစ္ဆေသရဲတွေဝင်လာတာ ဘာကြောင့် မတားဆီးတာလဲ"

". . . . . . ."

"ဘာ. . သူတို့က အသူရကာယ်ဘုံသားတွေ လွှတ်လိုက်တဲ့ တစ္ဆေသရဲတွေမို့ နင့်ထက်ပိုပြီး တန်ခိုးရှိလို့ တားဆီးလို့ မရဘူး ဟုတ်လား"

". . . . . . . ."

တာတေဆိုသော သရဲက ဘာတွေပြန်ပြောနေမှန်း မကြားရသော်လည်း ဒေါ်မင်းဇာကတော့ အတော်ကလေး ဒေါသဖြစ်နေလေသည်။

"ငါရှိတဲ့နေရာကို လာပြီးစော်ကားဝံ့တာ ဘယ်လိုမိစ္ဆာတွေ ပရလောကသားတွေကိုမှ ငါ သည်းမခံနိုင်ဘူး၊ နောက်တစ်ခါလာရင် ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်"







www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်သတကြီး ကြိမ်းမောင်းနေလေသည်။

ထိုသို့ ကြိမ်းမောင်းပြောဆိုနေသော်လည်း နောက်ညများမှာလည်း မိစ္ဆာများ လာရောက်ခြောက်လှန့်နေသောကြောင့် မာယာမှာ မောင်းမထောင်းဝံ့အောင် ရှိလေတော့သည်။

တစ်ညထက်တစ်ည ပိုပြီးကြောက်လန့်အောင် ခြောက်လှန့်ကြလေရာ ဒေါ်မင်းဇာထားသော တာတေလည်း မတားဆီးဝံ့တော့ပေ။

ထို့ကြောင့် ဒေါ်မင်းဇာမှာ အကြီးအကျယ် ဒေါသဖြစ်နေလေသည်။

"ဒင်းတို့က ငါနေတဲ့နေရာကိုလာပြီး နှောင့်ယှက်နေရင်တော့ ဒင်းတို့နေတဲ့နေရာကို ငါကိုယ်တိုင်သွားပြီး ဖျက်ဆီးပစ်ရမယ်"

ဟု ပြောပြီး ရွာထဲမှ သတ္တိကောင်းသော လူငယ်အချို့နှင့် တာတေကိုပါခေါ်ပြီး တောထဲသို့ သွားလေသည်။

"တာတေ သူတို့နေတဲ့နေရာကို နင်သိတယ် မဟုတ်လား"

"........"

"ဘယ်လို သူတို့နေတာ နှစ်နေရာတောင်ရှိတယ်၊ တစ်နေရာက နေ့ဘက်မှာမြင်ရပြီး ညဘက်မှာမမြင်ရဘူး၊ နောက်တစ်နေရာက ညဘက်မှာသာ မြင်ရပြီး နေ့ဘက်မှာ မမြင်ရဘူး ဟုတ်လား"





"......."

"ဒါဖြင့် ငါတို့ကို လာပြီး နှောင့်ယှက်နေတာ ဘယ်ရွာကလဲ"

"........"

"ညမြင်နေ့ပျောက်ရွာက အသူရကာယ်တွေ ဟုတ်လား၊ နင် သူတို့နေတဲ့ရွာကို သိတယ်မဟုတ်လား"

"........"

"သိရင် ရှေ့က လမ်းပြသွားပေတော့"

"......."

"ဘာ.. ဟိုနေရာအထိတော့ မလိုက်ဝံ့ဘူး ဟုတ်လား၊ ငါပါနေပါရက်နဲ့ ဘာကြောင့် မလိုက်ဝံ့ရတာလဲ"

"............."

"သူတို့က နင့်ထက် တန်ခိုးပါဝါကြီးတယ်ဆိုပေမယ့် ငါက ဘယ်လိုမိစ္ဆာတွေမဆို နှိမ်နင်းနိုင်တယ်ဆိုတာ နင်မသိဘူးလား၊ ကဲ.. ပြောနေကြာတယ်၊ အဲဒီ ညမြင်နေ့ပျောက်ရွာကို သွားပေတော့"

ဟု ပြောကာ ခရီးဆက်ကြလေသည်။

ဒေါ်မင်းဇာက ခေါ်လာသော လူရွယ်သုံးယောက်တို့မှာ အမဲလိုက်မုဆိုးများဖြစ်ပြီး စိတ်ကြမ်းလူကြမ်းများ ဖြစ်ကြသည်။

၎င်းတို့ တောတက်သည့်အခါ အခြားမိစ္ဆာများ အနှောင့်အယှက် မပေးနိုင်ကြစေရန် အကာအကွယ် အစီအမံများ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ပေးထားသဖြင့် ဒေါ်မင်းဇာစေခိုင်းလျှင် ဘာမဆို လုပ်ပေးကြသူများ ဖြစ်သည်။

၎င်းတို့ သုံးယောက်တွင် တောတက်ရာတွင် ယူဆောင်သွားလေ့ရှိသော လက်နက်ပစ္စည်းများလည်း အစုံအလင် ပါကြလေသည်။

အသူရကာယ်ဘုံသားများနေသောနေရာမှာ ၎င်းတို့ကကမ္မဇိဒ္ဓိတန်ခိုးဖြင့် ကွယ်ထားသဖြင့် သာမန်လူတို့ မမြင်နိုင်ကြပေ။

၎င်းတို့က မြင်စေလိုသောသူများသာ မြင်တွေ့ခွင့်ရကြလေသည်။

ဒေါ်မင်းဇာတို့ကို လမ်းပြသွားသော တာတေကတော့ ပရလောကသားတစ်ယောက် ဖြစ်သဖြင့် ပရလောကသားများလျှို့ဝှက်ထားသည့်နေရာများကို သိနိုင်လေသည်။

သို့ကြောင့် ရှေ့မှ လမ်းပြခေါ်သွားခြင်းဖြစ်သည်။ ၎င်းက ရှေ့မှလမ်းပြသွားသည်ကို နောက်မှလူများက အကောင်အထည် မမြင်ရသော်ငြားလည်း သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းသွားသည်ကိုကြည့်ပြီး လိုက်ကြရသည်။

တစ်နေရာရောက်တော့ ရှေ့မှသွားနေသည့် တာတေက ရပ်တန့်ပြီး ဒေါ်မင်းဇာကို အကြောင်းစုံ ပြောပြလေသည်။ သူ ပြောပြသောအရာများမှာ. . .

သူတို့ရောက်နေသောနေရာ၏ ရှေ့တည့်တည့်တွင်





ကုန်းတန်းတစ်ခု ရှိသည်။

အရှေ့ဘက်နှင့် အနောက်ဘက်တွင် ကညင်ပင်ကြီးတစ်ပင်စီ ရှိလေသည်။

ထိုကြားထဲမှာ အသူရကာယ်ဘုံသားများ နေသည့်ရွာရှိသော်လည်း လူများကတော့ မတွေ့ရကြောင်း တာတေကပြောပြလေသည်။

"ဒါ. . ငါတို့ကိုလာပြီး နှောင့်ယှက်နေတဲ့ အသူရကာယ်ဘုံသားတွေနေတဲ့နေရာလား. . . သိကြရောပေါ့၊ ကဲဟေ့. . . အဲဒီကုန်းတန်းတစ်ပိုက်ကို ဝါးပင်ခြောက် သစ်ကိုင်းခြောက်တွေပုံပြီး မီးရှို့ကြပေတော့"

"ဟင်. . အဘွားကလည်း ဘာမှမရှိဘဲနဲ့ ဘာကို မီးရှို့ရမှာလဲ"

တစ်ယောက်က မေးသည်။

"နင်တို့ မသိပါဘူး၊ ငါပြောတဲ့အတိုင်းသာ လုပ်ကြစမ်းပါ ဟေ့. . ဟေ့. . တခြားနေရာတွေ မပါစေနဲ့၊ အရှေ့ဘက်က ကညင်ပင်နဲ့ အနောက်ဘက်က ကညင်ပင်ကြားထဲမှာပဲ ရှို့ကြ"

ဟု ပြောသဖြင့် လူရွယ်သုံးယောက်လည်း ထွေထွေထူးထူး ထပ်မမေးတော့ဘဲ ထိုနေရာတစ်ဝိုက်မှာရှိသော သစ်ကိုင်းခြောက်၊ ဝါးကိုင်းခြောက်များကို လိုက်ပုံပြီးနောက် မီးရှို့ကြလေရာ ခဏချင်းမှာပင် မီးတောက်ကြီးများ ထလာလေတော့သည်။

ထိုကဲ့သို့ မီးတောက်များ ထလာသောအချိန်မှာအော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်သံများကိုပါ ခပ်သဲ့သဲ့ ကြားကြရသည်။

ခြောက်သွေ့နေသော အချိန်ဖြစ်သဖြင့် ကညင်ပင်နှစ်ပင်ကြားမှာရှိသော နေရာအတော်များများမှာ မီးတောက်များကြားမှာ ပြာကျသွားလေတော့သည်။

"တာတေ သူတို့နေတဲ့နေရာတွေကို မီးလောင်တာ နင်မြင်ရတယ် မဟုတ်လား"

"........"

"အိမ်တွေ မီးလောင်ကုန်တာ တွေ့ရတယ်၊ ကောင်းတာပေ့ါ၊ လူတွေကို အကြောင်းမဲ့လာပြီး နှောင့်ယှက်တဲ့မိစ္ဆာတွေ အခုလိုဖြစ်မှ ကောင်းတယ်၊ အခုတော့ ငါ့အကြောင်းကို သိကြရပြီ မဟုတ်လား၊ အခြေအနေ ဘယ်လိုလည်း တာတေ"

"........"

"သူတို့နေတဲ့အိမ်တွေ မီးလောင်သွားပြီဆိုတော့ အေးပြီ၊ ကိုင်း. . . ပြန်ကြရအောင်ဟေ့"

ဒေါ်မင်းဇာနှင့် သူခေါ်လာသော အဖော်သုံးယောက်ကိုပါ ခေါ်ပြီး ထိုနေရာမှ ပြန်သွားလေတော့သည်။

အသူရကာယ်ဘုံသားတို့မှာ နေ့မှာစ်ပြီး ညမှာ ခံရသူများရှိသလို ညမှာစ်ပြီး နေ့မှာခံကြရသူများလည်း ရှိကြလေသည်။

မြသင်းကြူတို့နေသော ညမြင်နေ့ပျောက် တစ်ရွာလုံးသာ ညဘက်မှာ အေးချမ်းပျော်ရွှင်စွာဖြင့် ချမ်းချမ်းသာသာ နေကြ





သော်လည်း နေ့အခါမှာတော့ ငရဲခံကြရလေသည်။

ထိုသို့ ခံကြရပုံခြင်းကတော့ မတူကြပေ။

မိမိတို့ ပြုလုပ်ခဲ့သော အကုသိုလ်ဝဋ်ကြွေးကံအတိုင်းသည်းအမျိုးမျိုးဖြင့် ငရဲသားတို့ နှိပ်စက်သမျှ ခံကြရသည်။

မြသင်းကြူကတော့ ယခင်ဘဝဟောင်းက မိမိမှာ တာမပိုင် လင်ယောကျ်ား ရှိပါလျက်နှင့် အခြားယောကျ်ားတစ်ဦးနှင့် ဖောက်ပြားမိခဲ့သော အပြစ်အပြင် မိမိယောကျ်ားကို လိမ်သည်ပြီး ကျိန်ဆိုခဲ့သော အပြစ်ကြောင့် နေ့အချိန်မှာ ခွေးနက်ကြီးများ အစားခံရလေရာ နေ့အချိန်ကုန်တော့မှ ထိုငရဲခံရခြင်းမှ လွတ်မြောက်ခွင့်ရလေသည်။

ညအချိန်ရောက်လျှင်တော့ စည်းစိမ်ချမ်းသာ အပြည့်အစုံဖြင့် ပျော်ရွှင်စွာ နေရလေသည်။

နောက်တစ်နေ့ နံနက်လင်းသည်နှင့်. . ငရဲခံရမည့် ကျောက်တောင်ကြား ရောက်အောင်သွားရလေသည်။

တစ်ရွာလုံးမှာ ရှိကြသည့် အခြားဘဝတူတို့မှာလည်း သူတို့ ငရဲခံကြရမည့် သက်ဆိုင်ရာနေရာများသို့ အသီးသီး သွားကြရလေသည်။

မြသင်းကြူ သွားရသောနေရာကတော့ ရေကန်ကြီးတစ်ကန် ရှိသောနေရာနှင့် မနီးမဝေး၌ရှိသော ကျောက်တောင်နှစ်ခုကြားသို့ ရောက်အောင်သွားရခြင်း ဖြစ်လေသည်။

ထိုတောင်ကြားမှာတော့ အခြားသူများ မရှိဘဲ သူမတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်းသာ ရှိလေသည်။

သူမ ရောက်သွားသည်နှင့် ကျောက်တောင်ကြား၌ ရှိသော ဂူပေါက်ဝများမှ ကြီးမားသော ခွေးနက်ကြီးများ ထွက်လာကြလေတော့သည်။

ငရဲခွေးကြီးများမှာ နွားပေါက်တစ်ကောင်အလား လူ ခါးစောင်းခန့် ကြီးမားလှပြီး အသွေးအရောင်ကလည်း နက်မှောင်လျက် ရှိသည်။

မျက်လုံးများမှာ ဟင်္သာပြဒါးကဲ့သို့ နီရဲလျက်ရှိပြီး အစွယ်ကြီးများက ပါးစပ်အပြင်ဘက်သို့ပင် ထွက်နေကြလေသည်။

ခွေးနက်ကြီးများ ထွက်လာသည်ကို တွေ့မြင်ရသောအခါ မြသင်းကြူက သွေးများစွန်းပေနေသော ကျောက်ပြားချပ်ပေါ်သို့ လှဲချလိုက်ပြီး မျက်စိမှိတ်ထားလိုက်လေသည်။

"ဂီး. . ဂီး. . ဂီး. . "

ခွေးနက်ကြီးများက အနီးသို့ ရောက်လာသည်နှင့် သူမကို ဝိုင်းဝန်းကိုက်ဖဲ့ကြလေသည်။

"အမယ်လေး. . သေပါပြီရှင်၊ ခွေးနက်ကြီးတွေဆွဲသဖြင့် သေရပါတော့မယ်၊ ကယ်ကြပါဦး"

ကိုယ်ပေါ်မှ အသားများကို ကိုက်ဖြတ်ခြင်း ခံနေရသဖြင့် နာကျင်ကြောက်လန့်စွာ အော်ဟစ်လိုက်သော အသံများက တောင်ကြားတစ်လျှောက်မှာ ပဲ့တင်ထပ်လျက် ရှိလေသည်။

သာမန်လူတစ်ယောက်ဆိုပါက အရှင်လတ်လတ် ခွေး





နက်ကြီးများ ကိုက်ဖြတ်စားသောက်ခြင်းကို ခံရပါက ချက်ချင်း သတိမေ့ချင်မေ့၊ မမေ့လျှင် ချက်ချင်း အသက်သေသွားနိုင်သော်လည်း

ငရဲခံနေရသူ၊ ဝဋ်ကြွေးခံနေရသူများကတော့ ထိုသို့ မဟုတ်ကြပေ။

ခွေးနက်ကြီးများ ဝိုင်းဝန်းစားသောက်ကြသဖြင့် တစ်ကိုယ်လုံး အရိုးသာကျန်ပြီး ဦးခေါင်းပိုင်းသာ ကျန်တော့လျှင်ပင် အသက်မသေကြပေ။

ထိုဦးခေါင်းပိုင်းပါ ကုန်သွားပြီး အရိုးသာ ကျန်တော့မှ အော်သံပျောက်သွားလေသည်။

တစ်ကိုယ်လုံး အသားမကျန်တော့ပဲ အရိုးချည်းသာ ကျန်တော့သော်လည်း မပြီးသေးပေ. . ။

ခွေးနက်ကြီးများက ထိုအရိုးစုကို ကိုက်ချီကာ ရေကန်ရှိရာသို့ ယူသွားကြလေသည်။

ရေကန်ရှိရာသို့ ရောက်သောအခါ ထိုအရိုးစုကို ရေကန်အတွင်းသို့ ပစ်ချလိုက်ကြလေသည်။

ထိုအခါ အရိုးစုဘဝမှ လူ့ဘဝပြန်ရောက်လာပြီး ရေကန်ထဲမှ ပြန်တက်လာရလေသည်။

ရေကန်ဘောင်ပေါ်သို့ ပြန်ရောက်သည်နှင့် အသင့်စောင့်နေကြသော ခွေးနက်ကြီး ဝိုင်းဝန်းကိုက်ဖဲ့ပြီး စားသောက်ကြပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ကယ်ကြပါဦးရှင်၊ ကယ်ကြပါဦး၊ ဒီမှာ ခွေးနက်ကြီးတွေဆွဲလို့ သေရပါတော့မယ်၊ ကယ်နိုင်ရင် ကယ်ကြပါဦး"

သူမ၏ အော်သံက တိတ်ဆိတ်နေသော တောတွင်းမှာ စူးစူးဝါးဝါး ပေါ်လာပြန်လေသည်။

ထိုသို့ အော်နေသော်လည်း ညနေပိုင်း အလင်းရောင် မပျောက်မချင်း၊ ကယ်မည့်သူ မတွေ့ဘဲ ခံမြဲခံကြရလေသည်။

နောက်ဆုံး အနောက်ဘက်မှ အလင်းရောင် ပျောက်သွားသောအခါမှာတော့ ခွေးနက်ကြီးများက သူမကို ရေကန်ထဲသို့ ပစ်ချထားခဲ့ပြီး သူ့နေရာသို့ ပြန်သွားကြလေတော့သည်။

ထိုအခါမှပင် မြသင်းကြူမှာ ရေကန်ထဲမှ ပြန်တက်ခွင့်ရလေတော့သည်။

အနောက်ဘက်မှာ ဆည်းဆာအလင်းရောင်များက ပေါ်ထွက်လာချေပြီ။





# အခန်း(၁၁)

# ပရလောကအကျဉ်းသား ဖြစ်ရသူ

ညမြင်နေ့ပျောက် ရွာသားများမှာ တစ်နေ့လုံး ဝဋ်ကြွေးရှိသမျှ ငရဲခံကြရပြီး အလင်းရောင်ပျောက်သွားပြီး မှောင်သွားသောအခါမှ ငရဲခံနေရာမှ လွတ်မြောက်သွားပြီး မိမိနေသောရွာသို့ ပြန်ကြရလေသည်။

၎င်းတို့က နေ့ဘက်မှာ ငရဲခံရသူများဖြစ်ပြီး အမှောင်နှင့် သန်းလာပြီး မိမိတို့ရွာသို့ ပြန်လာသောအချိန်မှာ ညဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငရဲခံကြရမည့် အသုရကာယ်ဘုံသားများက ၎င်းတို့ ငရဲခံရမည့် သက်ဆိုင်ရာနေရာများသို့ အသီးသီး သွားကြလေသည်။

၎င်းတို့ချင်း လမ်းမှာတွေ့ကြသော်လည်း နှုတ်ဆက်ခေါ်ဝင်ခြင်း မရှိကြပေ။

အဘယ်ကြောင့်ဆိုသော် ငရဲခံရပြီး ပြန်လာကြသူများက ရွှင်ပျနေကြပြီး ယခုမှ ငရဲခံရမည့် နေရာသို့ သွားမည့်သူများက မျက်နှာညှိုးငယ်နေကြသောကြောင့်ပင် ဖြစ်သည်။

မြသင်းကြူမှာ ရေကန်ထဲမှ ပြန်တက်လာသောအခါ ယခင်အတိုင်း လှပချောမောသည့်ဘဝမျိုး ပြန်ဖြစ်သွားပြီးနောက် သူမနေသော ရွာဘက်သို့ ပြန်လာလေသည်။

လမ်းတစ်လျှောက်လုံးမှာတော့ ဆူဆူညံညံအသံများ ကြားရပြီး တောတွင်းနေရာအနှံ့အပြားမှ ပြန်ထွက်လာကြသည့် မိမိတို့ရွာမှ လူများကို တွေ့မြင်ကြရသည်။

အားလုံးမှာ မျက်နှာရွှင်ပျနေပြီး ပျော်ရွှင်နေကြလေသည်။ ပျော်ပျော်ရွှင်ရွှင်ဖြင့် ပြန်လာကြသော ၎င်းတို့တစ်တွေမှာ ရွာသို့ ပြန်ရောက်သောအခါမှ အမောဆို့သွားရတော့သည်။

အခြားကြောင့်တော့ မဟုတ်ပါချေ။

၎င်းတို့ နေသောအိမ်များမှာ မရှိတော့ဘဲ မီးလောင်ပြင်ကြီးကိုသာ တွေ့ရတော့သည်။

၎င်းတို့ စေခိုင်းနေသော တစ္ဆေသရဲအချို့မှာလည်း မီးလောင်ခံထားရသည်ကို တွေ့မြင်ရသောအခါ မြသင်းကြူမှာ





ဒေါသဖြစ်သွားလေသည်။

"ဒါ ဘယ်လိုဖြစ်တာလဲ. . . ဘယ်သူ့လက်ချက်လဲ"

ထိုအခါ ပရလောကသားတစ်ယောက်က အကြောင်းစုံ ပြောပြလေရာ ပိုပြီးဒေါသဖြစ်သွားလေသည်။

"ဒင်းတို့က ငါတို့ကိုလာပြီး ကလဲ့စားချေသွားတာပေါ့လေ. . . တွေ့ကြရောပေါ့၊ ဒင်းတို့ တစ်ရွာလုံးကို မီးလောင်တိုက်သွင်းပစ်ရမယ်"

ထိုအခါ အသက်အရွယ်ကြီးသူတစ်ဦးက ဝင်ပြီး ဖျောင်းဖျပြောဆိုလေသည်။

"ဒီလိုလုပ်လို့ မသင့်ဘူး ကလေးမ၊ ငါတို့က သာမန်လူတွေ မဟုတ်ကြဘူး၊ အရင်ဘဝက ပြုခဲ့တဲ့ ဝဋ်ကြွေးတွေကြောင့် ငရဲခံနေရတဲ့သူတွေပဲ၊ အခုအချိန်မှာ နောက်ထပ် ဝဋ်ကြွေးသစ်တစ်ခု မပြုမိတာ အကောင်းဆုံးပဲ၊ ဒီဝဋ်ကြွေးကိုတောင်. . နှစ်ပေါင်းများစွာ ခံနေရတာတောင် မလွတ်သေးတာ၊ နောက်ထပ် ဝဋ်ကြွေးသစ်တစ်ခု ပေါ်လာရင်တော့ ဒီဘဝက လွတ်ကြတော့မှာ မဟုတ်ကြဘူး"

ဟု ဖျောင်းဖျပြောဆိုတော့မှ ဒေါသစိတ်ကို လျှော့ချလိုက်ရသော်လည်း စိတ်ထဲကတော့ သိပ်မကျေနပ်လှပေ။ ထိုအခါ အခြား အဖော်တစ်ယောက်ကပါ ဝင်ပြောသည်။

"သူပြောတာမှန်တယ်၊ နင် ကလဲ့စားချေချင်ရင် သက်ဆိုင်တဲ့သူတွေကိုပဲ ကလဲ့စားချေသင့်တယ်၊ အပြစ်မရှိတဲ့လူတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ကလဲ့စားချေမိရင် နင် အပြစ်တွေ ထပ်တိုးလိမ့်မယ်"

ဟု ဝင်ပြောတော့မှ အခါအခွင့်သင့်သောအချိန်ကို စောင့်ရန် ဆုံးဖြတ်လိုက်လေသည်။

ထို့နောက်မှာတော့ သူမတို့နေသော ညမြင်နေ့ပျောက်ရွာကို အခြားနေရာသို့ ရွှေ့ပြောင်းကာ တည်ကြပြန်လေသည်။

မြသင်းကြူ စိတ်ထဲမှာတော့. . .

"ငါ ဘဝပေး ကုသိုလ်ကံကိုက မကောင်းခဲ့တာပါ၊ ဒီဘဝက လွတ်မြောက်အောင် အကူအညီပေးနိုင်တဲ့သူမျိုး တွေ့ပြန်တော့လည်း အနှောင့်အယှက်က ပေါ်လာရသေးတယ်၊ ဒါဟိုမိန်းမကြောင့် ဖြစ်ရတာ၊ ဒင်းကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မလွှတ်နိုင်ဘူး၊ အခါအခွင့်သင့်ရင်တော့ ကလဲ့စားချေရမှာပဲ"

ဟု စိတ်ထဲမှ ရေရွတ်နေမိလေသည်။

ထိုအချိန်မှာ နီမောင်တို့ သုံးယောက်မှာ ပျားတက်ရန်အတွက် တောထဲသို့ ရောက်နေကြသည်။

နီမောင်မှာ မာယာကို မချစ်သော်လည်း မလွှဲမရှောင်သာ လက်ထပ်ရတော့မည်ဖြစ်သည်။

ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လက်ထပ်လျှင် အသုံးပြုမည့်ငွေကိုတော့ ယခုကတည်းက စုဆောင်းရှာဖွေနေရပြီ ဖြစ်ပေသည်။

ညနေပိုင်း အချိန်ရောက်တော့ သုံးယောက်သား ယာယီထိုးထားသော တဲအတွင်းမှာ အစားအသောက်များ စားသောက်





ရင်း စကားပြောနေကြသည်။

"နီမောင် မင်းကတော့ မရှယ်ဘဲနဲ့ စော်ကဲမင်းဖြစ်ဆိုတဲ့ ကိန်းမျိုးတော့ရောက်နေပြီ၊ ချစ်သူတောင် မရှာရသေးပဲနဲ့ မိန်းမရတဲ့အဖြစ်မျိုး ရောက်နေပြီ"

"ငါ့မှာ ဘာမှ စုမိဆောင်းမိ မရှိသေးဘဲနဲ့ မိန်းမ,မယူချင်သေးပါဘူးကွာ"

"မင်း သူ့ကို သဘောမကျဘူးလား"

နီမောင်က ဘာမှမပြောဘဲ ရေနွေးကြမ်းတစ်ခွက် သောက် နေသည်။

"မာယာက ချောလည်းချော လှလည်းလှတယ်၊ နောက်ပြီး ယောကျ်ားလေးတွေနဲ့လည်း ကင်းကင်းနေတတ်တယ်၊ မင်းသူ့ကိုရတာ ကံကောင်းပါတယ်"

"ဒါပေမယ့် ငါမှ သူ့ကို မချစ်သေးတာ"

"အခု မချစ်သေးပေမယ့် နောက်တော့ တဖြည်းဖြည်းနဲ့တော့ ချစ်လာမှာပါ"

နီမောင်က ဘာမှပြန်မပြောဘဲ သက်ပြင်းချလိုက်လေသည်။ အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းစပြုလာချေပြီ။

ညဘက်ရောက်သောအခါ ပျားတက်ရန် ပြင်ကြလေသည်။ နီမောင်က သစ်ပင်ပေါ် တက်ရန် ပြင်သောအခါ. . ကျန်နှစ်ယောက်က ပြောသည်။

"မင်းက ဒီရက်အတွင်းမှာ စိတ်ညစ်စရာတွေနဲ့ချည်း



www.burmeseclassic.com

www.burmeseclassic.com



ကြုံနေရတော့ သစ်ပင်တက်လို့ ဖြစ်ပါ့မလား"

"ဟုတ်တယ် နီမောင်၊ မင်းက သစ်ပင်အောက်ကပဲ စောင့်ပေး၊ ငါတို့နှစ်ယောက် အပင်ပေါ် တက်မယ်"

"ရပါတယ်ကွာ. . .ဒီလောက် စိတ်ပူစရာ မရှိပါဘူး ငါပဲ တက်ပါ့မယ်"

သူတို့သုံးယောက်က ညီအစ်ကိုကဲ့သို့ ခင်မင်နေကြသော်လည်း နီမောင် ပြောလျှင်တော့ ကျန်နှစ်ယောက်က မငြင်းဆန်ကြချေ။

ထို့ကြောင့် ထွေထွေထူးထူး မပြောကြတော့ဘဲ နီမောင်က သစ်ပင်ပေါ်တက်ရန်ပြင်ပြီး ကျန်နှစ်ယောက်က သစ်ပင်အောက်မှ စောင့်ကာ လိုအပ်သည်များ ပြုလုပ်ပေးကြလေသည်။

ပျားအုံရှိသော သစ်ပင်ကြီးမှာ လုံးပတ်ကြီးရုံမကပဲ အပင်ကလည်း မြင့်သည်။

အောက်ဆုံးကိုင်းရောက်အောင်ပင် ပေပေါင်း အတော်မြင့်အောင် တက်ရပေသည်။ အပေါ်ကိုင်း တစ်နေရာမှာတော့ ကြီးမားလှသော ပျားအုံကြီးတစ်အုံ စွဲနေလေသည်။

နီမောင်က ခါးမှာ ကြိုးစတစ်ချောင်းချည်လျက် ဓားကို ပါးစပ်မှကိုက်ကာ သစ်ပင်ပေါ်တက်ရန် ပြင်လေသည်။

သူသည် ကညင်ပင်ကြီး ပင်စည်မှာ စို့များရိုက်ပြီး တစ်ဆင့်ချင်း တက်သွားလေသည်။ သစ်ပင်အပေါ်ကိုင်း ရောက်သွားသည်အထိတော့ အနှောင့်အယှက် မတွေ့ရပေ။





သစ်ကိုင်းပေါ် ရောက်သောအခါ ခါးမှာချည်ထားသည့် ကြိုးစကို အောက်သို့ချပေးလိုက်ရာ အောက်မှာ စောင့်နေကြသူများက မီးညှိထားသော မှိုင်းထုပ်ကို ချည်ပေးလိုက်ရာ အပေါ်သို့ ပြန်ဆွဲတင်ယူသည်။

ထို့နောက် ပျားအုံအနီးသို့သွားကာ မှိုင်းထုပ်ကို ချည်ပေးလိုက်သည်။ ဆိတ်နံ့မှိုင်းနံ့ရသောအခါ ပျားကောင်များမှာ မူးပြီး တစ်ကောင်အပေါ်တစ်ကောင် ထပ်လာသည်။

ပျားကောင်များ မူးနေသောအချိန်တွင် နီမောင်က ပျားကောင်များကို ဓားဖြင့် ခြစ်ချလိုက်ရာ အောက်သို့ ကျသွားကြလေသည်။

ပျားကောင်များ အောက်သို့ ရောက်သွားသောအခါ ပျားအုံထည့်ရန်ခြင်းကို တင်ပေးရပြန်သည်။

ထို့နောက် ပျားရည်ရှိသော ပျားလပို့ကို ဓားဖြင့်လှီးကာ ခြင်းထဲသို့ထည့်ပြီး အောက်သို့ ပြန်ချပေးလိုက်သည်။

ထိုအခါ သစ်ပင်ပေါ်မှာ ပျားတက်သူတာဝန် ပြီးသွားပြီဖြစ်သဖြင့် အောက်သို့ ပြန်ဆင်းရန် ပြင်ရလေသည်။ သစ်ပင်ပေါ်မှာ အချိန်အကြာကြီး နေ၍ မရပေ။

သစ်ပင်အမြင့်ပေါ်မှာ လေစိမ်းတိုက်သောဒဏ်ကို တစ်နာရီထက် ပိုကြာအောင် မနေနိုင်ကြပေ။

ထို့ပြင် မီးခိုးငွေ့ကြောင့် မူးပြီး အောက်သို့ ပြုတ်ကျသွားသော ပျားကောင်များ နောက်တစ်ကျော့ သစ်ပင်ပေါ် ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာခင် အမြန်ပြန်ဆင်းကြရသည်။

ထိုသို့ဆင်းရန်ပြင်တော့ မမျှော်လင့်သော အန္တရာယ်နှင့် တွေ့ရပေတော့သည်။

သူရောက်နေသော သစ်ကိုင်းပေါ်သို့ မြွေတစ်ကောင် တက်လာလေသည်။

မြွေမှာ အဆိပ်ပြင်းလှသည့် သစ်တက်ငန်းအမျိုးအစား အလုံးအရွယ်အစားကလည်း ကြီးသည်။

နီမောင်က ပျားအုံရှိသည့် သစ်ပင်ကိုင်းဖျားမှာ ရောက် နေသည်။ မြွေက အရင်းဘက်မှ သူရှိရာသို့ တအိအိနှင့် လာနေ သည်။ လက်ထဲမှာလည်း ဓားတစ်လက်တော့ ရှိသည်။

သို့သော် သစ်ကိုင်းပေါ်မှာ ရောက်နေသဖြင့် လူပင် အနိုင်နိုင် ထိန်းနေရပေရာ မြွေကို တိုက်ခိုက်ဖို့ရန် မလွယ်ကူ လှပေ။

ထိုမြွေကို ကျော်လွှားပြီး သစ်ပင်အောက် ပြန်ဆင်းဖို့ ကလည်း ဘယ်လိုနည်းနှင့်မှ မဖြစ်နိုင်ပေ။

ထိုအခိုက်မှာပင် စောစောက သစ်ပင်အောက် ပြုတ်ကျ သွားသော ပျားကောင်များက တဝေါဝေါနှင့် ပြန်တက်စပြုလာ ကြပြီ။

ပျားကောင်များ ပြန်ရောက်လာပါက အခြေအနေတ ဒိထက်ပိုဆိုးလာနိုင်ပေသည်။

နီမောင်အတွက် ရွေးချယ်စရာအချိန် များများမကျန်





တော့ပေ။

ထို့ကြောင့် မနီးမဝေးမှာ ရှိနေသော သစ်ကိုင်းနှစ်ကိုင်း ကို ခုတ်ယူလိုက်သည်။

ထို့နောက်မှာတော့ တိုင်တည်သစ္စာ ပြုလိုက်လေသည်။

"ကျွန်တော်သည် မိဘများကို လုပ်ကျွေးနေသူ ဖြစ်ပါ သည်၊ ဤမှန်သောစကားကြောင့် ယခုကြုံတွေ့နေရသော အ သက်အန္တရာယ်ဘေးမှ ကင်းလွတ်ရပါစေသား"

ဟု စိတ်ထဲမှ ရေရွတ်တိုင်တည်ပြီးနောက် သစ်ကိုင်း နှစ်ကိုင်းကို ချိုင်းတစ်ဖက်စီမှာ ညှပ်ကာ သစ်တောများရှိရာ ဘက်သို့ မှန်းကာ ခုန်ချလိုက်လေသည်။

ခုန်လိုက်စ အချိန်မှာတော့ ရင်ထဲမှာ အေးခနဲ ဖြစ် သွားသည်။

သစ်ရွက်များကြောင့် ကျလာသည့်အရှိန် မများလှသော် သည်း လူအလေးချိန် သစ်ကိုင်းအလေးချိန်တော့ ရှိသည်။

ဦးစွာ အခြားသစ်ပင်ထိပ်ဖျားများပေါ်သို့ ရောက်သွား သည်။

သစ်ကိုင်းကျိုးသံများ ကြားရသည်။

ချိုင်းကြားမှာ ညှပ်ထားသည့် သစ်ကိုင်းနှစ်ကိုင်းက အ ခြားသစ်ကိုင်းများနှင့် ညိကာ ကျန်ခဲ့ပြီး လူက အောက်သို့ ပြုတ် ကျလာသည်။

နီးရာ သစ်ကိုင်းများကို ဖမ်းဆွဲသော်လည်း တစ်ကိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုင်း ကျိုးကျလေသည်။

နောက်ဆုံးမှာတော့ အရှိန်သိပ်မများလှတော့ပဲနှင့် သစ်ပင်တစ်ပင်အောက်သို့ ကျသွားကာ သတိမေ့သွားလေတော့သည်။

နားထဲမှာ သူ့နံမည်ကို ခေါ်လိုက်သံလိုလိုတော့ ကြားလိုက်ရသည်။ နောက်တော့ ဘာမှ မသိတော့ပေ။

အချိန်မည်မျှကြာအောင် သတိမေ့သွားသည် မသိပေ။

သူ သတိပြန်ရလာတော့ အိမ်ကြီးတစ်လုံးတည်း ရောက်နေလေသည်။ အချိန်မှာလည်း နေ့အချိန်ရောက်နေပြီး အလင်းရောင် ကောင်းစွာရနေလေပြီ။

နီမောင်က နားစွင့်ကြည့်တော့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

"ငါ ဘယ်နေရာ ရောက်နေတာပါလိမ့်၊ အရင်တစ်ခါ ရောက်ခဲ့တဲ့ မြသင်းကြူတို့အိမ်များ ပြန်ရောက်နေပြီလား"

ဟု တွေးကာ နေရာမှ ထလိုက်သည်။

အိပ်ရာနံဘေးမှာတော့ ရေနှင့်အစားအသောက်များ အဆင်သင့်ချထားသည်ကိုလည်း တွေ့ရသည်။

သူ့တစ်ကိုယ်လုံးမှာ နာကျင်ကိုက်ခဲလျက် ရှိနေသည်။ ကိုယ်ပေါ်မှာလည်း ဒဏ်ရာဒဏ်ချက်များ ရထားလေသည်။

ညက သစ်ပင်ပေါ်မှ ခုန်ချခဲ့သည်ကိုတော့ ပြန်သတိရနေသော်လည်း ကျန်တာတော့ မသိတော့ပေ။





နီမောင်က အိပ်ရာဘေးမှာ အဆင်သင့်ချထားသော ရေတစ်ခွက်ကို သောက်လိုက်ပြီး အပြင်ဘက်သို့ ထွက်ကြည့်လေသည်။

အပြင်ဘက်မှာလည်း တစ်ယောက်မှ မတွေ့ရပေ။ ဒီအခါ မှ စိတ်ထဲမှာ သဘောပေါက်သကဲ့သို့ ဖြစ်လာလေသည်။

"ဟုတ်ပါပြီ ငါ အခုရောက်နေတာ ညမြင်နေ့ပျောက်ဆိုတဲ့ မြသင်းကြူတို့နေတဲ့ရွာပဲ ဖြစ်မှာပါ၊ မဖြစ်ဖူး သူတို့က ချုပ်တာနဲ့ ပြန်ရောက်လာကြတော့မှာ သူတို့ရောက်မလာခင် နေရာက အမြန်ထွက်သွားမှ ဖြစ်မယ်"

ဟု တွေးကာ အိမ်ထဲမှ အပြင်သို့ သွားရန်ပြင်သော်လည်း အခွင့်မသာတော့ပေ။

အိမ်ပေါက်ဝအနီးတွင် ကြောက်မက်ဖွယ်ကောင်းသော ပုန်းသဏ္ဍာန်ရှိသော ဘီလူးတစ်ကောင်က တင်းပုတ်ထမ်းလျက် အိမ်အပေါက်ဝမှ စောင့်နေသောကြောင့် ဖြစ်သည်။

အိမ်ရှေ့ပေါက်မှ ထွက်ရန် အခွင့်မသာသောအခါ အိမ်အနောက်ပေါက်ဝမှ ဆင်းရန် ပြင်ပြန်လေသည်။

အနောက်ပေါက်မှာလည်း အလားတူပင် တင်းပုတ်ထမ်းထားသည့် ဘီလူးတစ်ကောင်က စောင့်နေပြန်လေသည်။

ထွက်ခွင့်မသာတော့ပေ။

နေမြင့်လာသောအချိန်တွင် တောထဲမှ အူသံများ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အူး . . ဝူး . . ဝူး . . "

"အူး . . ဝူး . . ဝူး . . "

အသံကြားရုံနှင့် နီမောင်နှင့် စောထီးတို့ အသံဖြစ်မှန်း သိရသဖြင့် စိတ်ထဲမှ ဝမ်းသာသွားသည်။

ကျန်နှစ်ယောက်က လူပျောက်နေသောကြောင့် လိုက်ရှာနေကြလေပြီ။

အတန်ကြာသောအခါ အူသံများ တဖြည်းဖြည်း နီးလာကြလေပြီ။

"အူး . . ဝူး . . ဝူး . . "

"အူး . . ဝူး . . ဝူး . . "

နီမောင်က အူသံပြန်ပေးချင်သော်လည်း ဘီလူးများကို ကြောက်သဖြင့် အသံမထွက်ဝံ့ပေ။

အိမ်ထဲမှသာ အခြေအနေကို ကြည့်နေရသည်။

ထိုအခိုက်မှာပင် သူ့ကို လိုက်ရှာနေကြသည့် စောထီးနှင့် ငမဲအောင်တို့က ထိုနေရာတစ်ဝိုက်သို့ ရောက်လာကြသည်။

"အူး . . ဝူး . . ဝူး . . "

"အူး . . ဝူး . . ဝူး . . "

နီမောင်က သူတို့ နှစ်ယောက်ကို ကောင်းစွာမြင်နေရသော်လည်း သူတို့နှစ်ယောက်ကတော့ နီမောင်ကို တွေ့မြင်ကြဟန် မတူကြပေ။

တစ်ယောက်နှင့်တစ်ယောက် သိပ်မဝေးသော်လည်း





သူ့ကို မမြင်ရသည်ကတော့ အတော်ထူးဆန်းသည်။

စောထီးနှင့် ငမဲအောင်တို့ ရောက်နေသည့် နေရာမှာ အိမ်ပေါက်ဝနှင့် မဝေးလှသောကြောင့် ဘီလူးကြီး ရှိနေသော နေရာနှင့်လည်း နီးနေသည်။

နီမောင်စိတ်ထဲမှာ ထိုနှစ်ယောက်ကို ဘီလူးကြီးက ရန်မူလိုက်မည်ကို စိုးရိမ်နေသည်။

သို့သော်လည်း သူ စိုးရိမ်နေသလို စောထီးတို့နှစ်ယောက်က ဘီလူးကြီးကို မမြင်ရသလို တင်းပုတ်ထမ်းထားသော ဘီလူးကလည်း ကြည့်ရုံသာကြည့်နေပြီး ရန်မမူပေ။

"အူး . . ဝူး . . ဝူး . . "

"စောထီးနဲ့ ငမဲအောင် ငါ ဒီမှာဟေ့"

နီမောင်က မနေနိုင်တော့သဖြင့် လှမ်းအော်လိုက်သည်။ သို့သော် နှစ်ယောက်စလုံးက သူ့ခေါ်သံကိုလည်း မကြား၊ သူ့ကိုလည်း မမြင်ကြပဲ ထိုနေရာမှကျော်ပြီး အခြားနေရာသို့ လျှောက်သွားကြလေတော့သည်။

အူသံများမှာလည်း တဖြည်းဖြည်းနှင့် ဝေးသွားပြီ ဖြစ်သောကြောင့် နီမောင်မှာ စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

# သစ္စာတည်သူနှင့် ဖိုးမောက်ကန်နတ်

အပြင်ဘက်မှာ အမှောင်ရိပ်များ သမ်းလာချေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

ထိုအချိန်မျိုးတွင်. . . ထိုနေရာမှထွက်သွားရန် အကောင်းဆုံး ဖြစ်သော်လည်း တင်းပုတ်ကိုင်ထားသည့် ဘီလူးနှစ်ကောင်က အိမ်ရှေ့အိမ်နောက် ညှပ်စောင့်နေသောကြောင့် အခွင့်မသာပဲ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်မှာ အိမ်ပေါ်မှာ တစ်ယောက်တည်း ရှိနေစဉ် ဖြစ်ပျက်ခဲ့သော အကြောင်းများကို တစ်ခုချင်း ပြန်စဉ်းစားနေသည်။

သူ ပျားတက်ခဲ့သည်ကိုလည်း အမှတ်ရသည်။

သစ်ပင်ပေါ်မှာ မြွေနှင့်တွေ့ခဲ့ရသည်ကိုလည်း သတိရသည်။

ထို့ပြင် မြွေအန္တရာယ်ကြောင့် သစ်ပင်ပေါ်မှ အသတ်စွန့်ပြီး ခုန်ချခဲ့ရပုံများကိုပါ တစ်ခုမကျန် သတိပြန်ရနေသည်။

သူ မသိရသည်က သစ်ပင်အောက်ရောက်ပြီးနောက်ပိုင်း အဖြစ်အပျက်များသာ ဖြစ်တော့သည်။

"ငါ သစ်ပင်ပေါ်က ခုန်ချရင်းနဲ့ အသက်သေသွားခဲ့တာများလား၊ အခု ဝိညာဉ်ဘဝ ရောက်နေလို့များ စောထီးနဲ့ ငမဲအောင်တို့က ငါ့ကို မမြင်ကြရတာလား"

နီမောင်က ဇဝေဇဝါဖြင့် သူ့ကိုယ်သူ လက်ဖြင့် ပြန်စမ်းကြည့်နေသည်။

လက်ဖြင့်စမ်းကြည့်တော့လည်း ထိတွေ့၍ ရနေသေးသည်။

"ငါ မသေသေးပါဘူး။ ငါသေသွားရင် သစ်ပင်အောက်မှာ အလောင်းရှိနေမှာပေါ့၊ ဒီလိုအလောင်းတွေ့ရင် သူတို့နှစ်ယောက်က ဒီလိုလိုက်ရှာနေကြမှာ မဟုတ်ပါဘူး"

"ဒါဖြင့် သူတို့ ငါခေါ်သံကို ဘာကြောင့်မကြားကြရ





တာလဲ၊ ဒီလောက်နီးနီးလေး ရှိနေတာကို ငါ့ကို ဘာကြောင့် မမြင်ကြရတာလဲ"

နီမောင်က အတန်ကြာအောင် စဉ်းစားကြည့်တော့မှ အနီးစပ်ဆုံး အဖြေတစ်ခုကို တွေးမိသည်။

"ငါ့ကို အသူရကာယ်ရွာကသူတွေ ခေါ်ထားကြပြီး ဘယ်သူ မှမမြင်ရအောင် ကမ္ဗလိဒ္ဓိတန်ခိုးနဲ့ ကွယ်ထားလို့ပဲ ဖြစ်ရမယ်"

ထိုသို့ တစ်ယောက်တည်းတွေးနေစဉ်မှာပင် တောထဲမှ ဆူဆူညံညံအသံများ ကြားလာရသည်။

အသံများက တဖြည်းဖြည်းနှင့် နီးလာပြီး လူများပြန်ရောက်လာကြသည်။

ထိုသို့ရောက်လာသောအခါ အချင်းချင်း စကားပြောသံများ၊ အော်ဟစ်နှုတ်ဆက်သံများကို အတိုင်းသား ကြားရလေသည်။

ခဏကြာတော့ အိမ်ပေါ်သို့ မြသင်းကြူနှင့် အခြားမိသားစုများ တက်လာကြပြီး သက်ဆိုင်ရာအခန်းများအတွင်းသို့ အသီးသီး ဝင်သွားကြသည်။

မြသင်းကြူ တစ်ကိုယ်လုံးမှာလည်း ရေများစိုရွှဲနေပြီး သူ့ကိုတစ်ချက်ကြည့်ပြီး အခန်းတွင်းဝင်သွားလေသည်။

နီမောင်စိတ်ထဲမှာတော့ ရေကန်အတွင်းမှ တက်လာ ဘာဖြစ်မည်ဟု ခန့်မှန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ ပြန်ထွက်လာပြီး သူ့အနားလာထိုင်သည်။

ထိုအချိန်မှာ သူမတစ်ကိုယ်လုံး သန့်ရှင်းလှပနေပြီး မွှေးရနံ့များ ရနေသည်။

"နင် သတိရပြီလား"

"ငါ ဘယ်ရောက်နေတာလဲဟင်"

"ငါတို့အိမ်ကို ရောက်နေတာပေါ့"

"ဘယ်လိုကနေဘယ်လို ရောက်နေတာလဲ"

"ငါ ခေါ်လာခဲ့တာပေါ့"

သူမက အေးအေးဆေးဆေး အမူအရာမျိုးနှင့် ပြောပြလေသည်။

"သစ်ပင်ပေါ်ကကျပြီး ငါသေသွားပြီလား"

"နင် အသက်မသေသေးပါဘူး၊ သတိမေ့ရုံမေ့သွားတာပါ၊ သစ်ပင်ပေါ်က ခုန်မချခင် နင် သစ္စာပြုခဲ့သေးတယ် မဟုတ်လား၊ ဒီသစ္စာကမှန်တော့ နင့်ကို တောစောင့်နတ်တွေက အသက်မသေအောင် ကယ်ပေးကြရမှာပေါ့"

"ဒါတွေကို နင် ဘယ်လိုသိနေတာလဲ"

"အဲဒီအချိန်မှာ သစ်ပင်ပေါ်မှာ ငါရှိနေတာပဲ"

"ဒါနဲ့ ဘာကြောင့် ဝင်မကယ်ပဲ ဒီအတိုင်း ကြည့်နေရတာလဲ"

နီမောင်က မကျေမနပ်ဖြင့် မေးလိုက်သည်။





"ဒီအိမ်ရောက်အောင် ဒီအတိုင်း ခေါ်လာလို့မှ မရတာ၊ သတိမေ့သွားတော့မှ ခေါ်လာလို့ရမှာပေါ့"

"နင် ငါ့ကို ဘာကြောင့်ခေါ်လာရတာလဲ"

"နင့်ကို ပြောခဲ့တဲ့အတိုင်း ငါ့ကို ဒီဘဝက လွတ်အောင် အကူအညီပေးဖို့ပါ"

"နင့်ကိုတော့ သနားပါတယ်၊ ဒါပေမယ့် နင်နဲ့ငါက ဘဝခြားနေတာဆိုတော့ မဖြစ်နိုင်ပါဘူး"

"ငါက တောင်းပန်နေတာပါ၊ ငါပြောတဲ့အတိုင်း အကူအညီပေးပါ၊ နောက်ပြီး ငါတို့က လူ့ဘဝနဲ့ ဘဝခြားနေကြပေမယ့် လူတွေနေသလို နေခွင့်ရနေကြတာပဲဟာ"

"ဟို ခွေးနက်ကြီးတွေ အစားခံပြီး ငရဲခံနေကြရတာဘာရော"

ထိုစကားကြောင့် မြသင်းကြူမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"နင် ဘယ်လို သိနေတာလဲ"

"နင်ပဲ အိပ်မက်ထဲမှာ လာပြောပြသွားတာပဲ"

"ဒါတွေကလည်း ဝဋ်ကြွေးရှိသမျှတော့ ခံရမှာပေါ့၊ ဝဋ်ကြွေးကုန်သွားတော့လည်း ပြီးသွားမှာပေါ့"

"နင် အိပ်မက်ထဲမှာ ပြောသွားပုံအရဆိုရင် အရင်တစ်ဘဝက အိမ်ထောင်ရှိပြီးသားနဲ့ ဖောက်ပြားခဲ့မိလို့ ဒီဘဝဆိုးမှာ နေရတာလို့ ပြောသွားသေးတယ်၊ နောက်ထပ် ဒီလိုငရဲမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခံရမှာ မကြောက်ဘူးလား”

မြသင်းကြူက နားမလည်သလို ကြည့်နေသည်။

“ငါက နင်ထင်ထားသလို လွတ်လပ်သူတစ်ယောက် မဟုတ်တော့ဘူး၊ အိမ်ထောင်သည်ဘဝ မရောက်သေးပေမယ့် အိမ်ထောင်ပြုရတော့မယ့် လူတစ်ယောက်ဘဝ ရောက်နေပြီ နင် ငါ့ကိုယူရင် ဒီလိုအဖြစ်မျိုး နောက်တစ်ခါ ထပ်ခံရဦးမှာပေါ့”

ထိုစကားကြောင့် မျက်လုံးပြူးသွားလေသည်။

“အို ငါနဲ့တွေ့တုန်းက နင်က ဘယ်သူနဲ့မှ ဖြစ်သေးတာမှ မဟုတ်တာ၊ ဒါတွေက နောက်မှဖြစ်လာတာ၊ ငါနဲ့မဆိုင်ဘူး နင့်ကို သူတို့ရှာမတွေ့နိုင်တဲ့နေရာမှာ ခေါ်ထားလိုက်ရင် ပြီးသွားမှာပဲ”

ဟု ဇွတ်ပြောလေသည်။

ထို့ကြောင့် နီမောင်မှာ ဘယ်လိုဆက်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

“နီမောင် နင်က ငါ့ကို ဒီလိုအဖြစ်မျိုးနဲ့ ငရဲခံနေရမှန်း သိလို့ ဟိုမိန်းမနဲ့ ခြိမ်းခြောက်နေတယ်၊ တကယ်တော့ ဟိုမိန်းမကို နင် မချစ်ဘူးမဟုတ်လား”

ထိုသို့မေးသောအခါ ဘယ်လိုပြန်ပြောရမှန်းမသိအောင် ဖြစ်သွားလေသည်။

“ပြောစမ်းပါ. . . နင့်စိတ်ထဲမှာ ဟိုမိန်းမကို မချစ်ဘူး မဟုတ်လား”





“ဒါပေမယ့် လူကြီးတွေနဲ့ ပြောပြီးသား ဖြစ်နေလို့ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ငါ သူနဲ့လက်ထပ်ရမှာပဲ”

“အေး. . . လက်ထပ်ပြီးရင်တော့ တစ်မျိုးပေါ့၊ အခုအချိန်အထိ နင်မှ လက်မထပ်ရသေးတာ. . ၊ သူများပိုင်တဲ့ယောက်ျားဘဝ ဘယ်လိုရောက်ဦးမှာလဲ၊ ဘာပဲဖြစ်ဖြစ် ငါ နင့်ကို ပြန်လွှတ်ပေးမှာ မဟုတ်တော့ဘူး၊ နင် ငါနဲ့ပဲ အတူတူနေရမယ်”

“ငါ့ကို ပြန်လွှတ်ပေးပါ မြသင်းကြူရယ်၊ ငါ တောင်းပန်ပါတယ်”

“ဘာကြောင့် ဒီလောက်ပြန်ချင်နေရတာလဲ၊ နင် ငါနဲ့ ဘာ အတူတူနေမယ်ဆိုရင် အခုလို ပင်ပင်ပန်းပန်း လုပ်စရာသည်း မလိုတော့ဘူး၊ ဘာမှ ပူစရာမရှိပဲ အေးအေးနေရမှာပါ၊ ဘာလဲ နင်က ငါ့ကို မချောမလှဘူးလို့များ ထင်နေလို့လား၊ ဒီမှာ ငါ့ကို သေသေချာချာ ကြည့်ပါဦး”

မြသင်းကြူက ပြောသဖြင့် ရောယောင်ပြီး ကြည့်လိုက်ရာ မျက်လုံးထဲမှ ရိပ်ခနဲ ဖြစ်သွားလေသည်။

စိတ်ထဲမှာလည်း အိပ်ချင်သလို သတိမေ့ချင်သလို ဖြစ်သွားလေသည်။

“ငါ ဘယ်လောက်လှတဲ့သူဆိုတာ နင် မကြာခင် သိရတော့မှာပါ”

ဟူသော အသံကိုတော့ ကြားနေရသေးသည်။

သို့သော်လည်း နောက်ပိုင်းမှာတော့ အိပ်ပျော်သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလေသည်။

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။ နောက်တစ်နေ့ အလင်းရောင် အတော်ရတော့မှ ပြန်နိုးလာလေတော့သည်။

ထိုသို့ နိုးလာသောအခါ သူ့အနားမှာ ဘယ်သူမှ မရှိတော့ပဲ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေသည်။

"သူတို့ မရှိကြတော့ဘူးထင်တယ်"

ဟု တွေးကာ နေရာမှ ထရန်ပြင်သည်။

တစ်ကိုယ်လုံး အားအင်များ ကုန်ခမ်းကာ လေးလံထိုင်မှိုင်းနေသည်။

ဦးခေါင်းထဲမှာလည်း အုံခဲကာ တစစ်စစ်ကိုက်နေသည်။ အိပ်ရာဘေးမှာတော့ ကျောက်သွေးရေတစ်ခွက်နှင့် ပျားရည်နှင့် အဆက်ကလူဆေး(အသက်ရှည်ဆေးပင်)တို့ကို ရောစပ်ထားသော ဆေးရည်တို့ကို တွေ့ရသဖြင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ တစ်ခွက်ပြီးတစ်ခွက် မော့သောက်လိုက်တော့မှ နေသာထိုင်သာ ရှိသွားလေတော့သည်။

ထို့နောက်. . .

အိပ်ရာမှထကာ အပြင်သို့ ထွက်ကြည့်ရန် စိတ်ကူးကြည့်သော်လည်း အခွင့်မသာပါချေ။

ယခင်နေ့ကအတိုင်းပင် အိမ်ရှေ့ပေါက် အိမ်အနောက်





ပေါက်နေရာမှာ တင်းပုတ်ထမ်းထားကြသည့် ဘီလူးနှစ်ကောင်က စောင့်နေကြလေသည်။

"အင်း. . ဒီအတိုင်းဆိုရင်တော့ ငါ့အဖြစ်က ဒီမှာပဲနေရပြီး ဘဝဆုံးရတော့မယ် ထင်ပါရဲ့၊ ငါ ဒီမှာရောက်နေတာကို ဘယ်သူက မှလည်း သိနိုင်ကြမယ် မထင်ဘူး၊ ဘယ်လိုလုပ်ရပါ့မလဲ"

ဟု အကြံရ ခက်နေလေသည်။

နေ့အချိန်တွင် တစ်ယောက်တည်း ရှိနေပြီး ညအချိန်မှာတော့ မြသင်းကြူနှင့် အတူတူနေရလေသည်။

မြသင်းကြူကတော့ သူ့ဘဝဝင်္ကြွေး ကျေပါက မနေလိုလျှင် ပြန်ခွင့်ပေးမည်ဟု ဆိုသော်လည်း သူမဝင်္ကြွေးကံက ညည်သည့်အချိန်ရောက်တော့မှ ကျေမည်မသိရပေ။ သို့ကြောင့် အခက်ကြီးခက်နေတော့သည်။

ထိုနေရာရောက်ပြီး သုံးရက်မြောက်သောနေ့ရောက်တော့ စိတ်ကူးတစ်ခု ရလာသည်။

နေ့ခင်းဘက် တစ်ယောက်တည်း နေရသောအချိန်များတွင် ရသမျှ ဘုရားစာတရားစာများ ရွတ်ခြင်းနှင့် တောစောင့် နတ် တောင်စောင့်နတ်တို့ကို မေတ္တာပို့ အမျှအတန်းဝေခြင်းများ ပြုလုပ်လေသည်။

ထိုသို့ပြုလုပ်သောအချိန်တွင် အိမ်ပေါက်ဝ၌ စောင့်နေကြသော ဘီလူးများမှာ အိမ်ပေါက်ဝမှာ မနေကြတော့။ အတော်



www.burmeseclassic.com

www.burmeseclassic.com



ဝေးဝေး သစ်ပင်အောက်မှာ သွားနေကြသည်ကို လှမ်းမြင်ရသည်။

ထိုနေရာရောက်ပြီး သုံးရက်မြောက်သော နေ့လယ်ဘက်အချိန်တွင် သူ့ရှိရာသို့ လူကြီးတစ်ယောက် ရောက်လာလေသည်။

အဝတ်အစားများမှာ သာမန်လူတို့ဝတ်သော အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။

၎င်းရောက်လာသည်ကို မြင်သောအခါ နီမောင်က ဝမ်းသာသွားလေသည်။

သူရောက်နေသော သုံးရက်အတွင်း ပထမဆုံးအကြိမ် အခြားသူတစ်ယောက်နှင့် တွေ့ရခြင်း ဖြစ်သည်။

ထိုလူကြီးက အိမ်ပေါက်ဝရောက်အောင် လာနိုင်သော်လည်း အိမ်ပေါ်သို့ မတက်ပေ။

ထိုလူကြီး ဝင်လာသည်ကိုလည်း ဘီလူးနှစ်ကောင်က မတားဆီးဝံ့ကြပေ။

"အဘက ဘယ်သူလဲ"

နီမောင်က မေးလိုက်သည်။

"မင်းတို့နယ်မှာ ဘယ်နတ်ကိုးကွယ်ကြသလဲ"

အဘိုးကြီးက ပြန်မေးသည်။

"မိုင်းသုံအရှင်ကြီးနဲ့ ဖိုးမောက်ကန်နတ်ကို ပူဇော်ကြပါတယ်"





"တောတောင်နဲ့ ပတ်သက်လာရင် ဘယ်နတ်ကို ပူဇော်ကြသလဲ"

"ဖိုးမောက်ကန်နတ်ပါ"

"နတ်ကိုတော့ ပူဇော်နေပြီး နတ်ကိုယ်တိုင် ရှေ့ရောက်လာပြန်တော့ မသိပြန်ဘူးလား"

ထိုစကားကြောင့် နီမောင် စိတ်ထဲမှာ အံ့သြစိတ်နှင့်အတူ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

တစ်ဆက်တည်း ဝမ်းသာစိတ်လည်း ဝင်လာမိသည်။

"အဘက မိုးသောက်ကန်နတ်ကြီး ဟုတ်လား၊ ဒါဖြင့် ကျွန်တော်ကို ဒီနေရာကလွတ်အောင် ကယ်တင်ပေးပါ၊ အဘရယ်၊ မကောင်းတဲ့မိစ္ဆာတွေ ကျွန်တော့်ကို ဒီမှာ ဖမ်းထားကြတာပါ"

"မင်းကိုဖမ်းထားတာ၊ မကောင်းတဲ့ မိစ္ဆာတွေတော့ မဟုတ်ကြပါဘူး၊ ကမ္မဇိဒ္ဓိရှိကြတဲ့ အသူရကာယ်ဘုံသားတွေပါ၊ သူတို့က အပြစ်ကြောင့်ငရဲခံရပေမယ့် အချို့နတ်တွေလိုပဲ တန်ခိုးရှိကြတယ်"

"ဒါဖြင့် အဘ မကယ်ပေးနိုင်ဘူးလားဟင်"

"ငါကတော့ မကယ်ပေးနိုင်ပါဘူး၊ ဒါပေမယ့် မင်းရှိတဲ့နေရာကို ကယ်ပေးနိုင်တဲ့သူတွေရောက်အောင် အကူအညီပေးလိုက်ပါ့မယ်"

နီမောင်ခမျာ လောလောဆယ် ထိုနေရာမှ ထွက်ခွင့်မ



www.burmeseclassic.com

www.burmeseclassic.com



ရသေးသော်လည်း ဖိုးမောက်ကန်နတ်ကြီးက အကူအညီပေးမည် ဆိုသောကြောင့် ဝမ်းသာသွားမိလေသည်။

"မင်းအနေနဲ့ ဘုရားတရားကိုတော့ မမေ့ဖို့တော့ အရေးကြီးတယ်၊ ဘုရားတရားကို မမေ့တဲ့သူဆိုတာ ဒုက္ခရောက်နေရင်တောင် ကယ်တင်မဲ့သူတွေ ရမှာပါ"

ဟု ပြောဆိုကာ ထိုအဘိုးကြီးက တောတွင်းသို့ ပြန်ဝင်သွားလေရာ ထိုနေရာ၌ နီမောင်တစ်ယောက်တည်း ကျန်ခဲ့လေတော့သည်။





# အခန်း(၁၃)

# ဂန္ဓမ္မနှင့် မိစ္ဆာအစောင့်တို့ တိုက်ပွဲ

နီမောင် ပျောက်နေသည်မှာ သုံးရက်ခန့် ရှိနေပေပြီ။ မေမေတော့ တောထဲမှာ ခရီးလွန်နေသည်ဟု ထင်နေကြသော်လည်း နီမောင်နှင့်အတူ သွားခဲ့ကြသည့် စောထီးနှင့် ငမဲအောင်တို့ ရွာသို့ပြန်ရောက်လာတော့မှ သွေးရိုးသားရိုးပျောက်နေခြင်းမဟုတ်ကြောင်း သိကြရတော့သည်။

နီမောင် ပျောက်နေသောကြောင့် သူ့မိဘများက စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



ကြသလို မာယာတို့ မိသားစုများကပါ စိတ်ဝင်စားကြလေသည်။

မာယာမှာ သူမနှင့် ချစ်သူများ မဟုတ်ကြသေးစေကာမူ မကြာခင် လက်ထပ်ကြတော့မည့်သူဖြစ်သဖြင့် ယခုကဲ့သို့ ထူးထူးခြားခြား ပျောက်နေသည်ဟု သတင်းကြားရသောအခါ စိတ်ပူမိလေသည်။

အချို့ကလည်း မာယာကို မယူချင်သောကြောင့် အဝေးသို့ ရှောင်သွားခြင်းဖြစ်မည်ဟု ထင်ကြေးဖြင့် ပြောဆိုကြသေးသည်။

မာယာစိတ်ထဲမှာတော့ နီမောင်မှာ ထိုကဲ့သို့ ပြုလုပ်မည့်သူ မဟုတ်မှန်း သိနေလေသည်။

နီမောင် သတင်းကြားတော့ သူနှင့်ခင်မင်နေသော ကပ္ပိယကြီး ဦးဗန်ကောင်းပါ မနေသာတော့သဖြင့် ရွာထဲသို့ ဆင်းလာပြီး သတင်းမေးမြန်းရလေသည်။

ထို့နောက်မှာတော့ စောထီးနှင့် ငမဲအောင်တို့ ဒေါ်မင်းဇာက ခေါ်သူဖြင့် သွားကြလေရာအကျိုးအကြောင်း သိရသောအောင် ဦးဗန်ကောင်းပါ လိုက်သွားလေသည်။

ဒေါ်မင်းဇာတို့ နေအိမ်ရောက်တော့ လူစုံတက်စုံ တွေ့ရသည်။

"ကဲ. . နင်တို့က သူနဲ့အတူတူ သွားကြတာဆိုတော့ အကျိုးအကြောင်း ပြောပြကြပါဦး"

စောထီးနှင့် ငမဲအောင်တို့က ထိုနေ့ညက အဖြစ်





အပျက်များကို သိသလောက် ပြန်ပြောလိုက်ကြသည်။

"ဖျားတက်နေရင်းနဲ့ သစ်ပင်ပေါ်မှာ အန္တရာယ်တစ်ခုခုနဲ့ တွေ့ရပုံရတယ်၊ သစ်ကိုင်းတွေကို ချိုင်းကြားညှပ်ပြီး ခုန်ဆင်းလာတာကို တွေ့လိုက်ရတယ်"

"ဟင်. . ."

ကြားရသူများမှာ မျက်လုံးပြူးသွားကြလေသည်။

မြင့်မားသော သစ်ပင်ကြီးများပေါ်မှ သစ်ကိုင်းကို ချိုင်းကြားညှပ်ပြီး ခုန်ဆင်းရသော အလုပ်မှာ မလွယ်လှပေ။

မလွဲမရှောင်သာပဲ အန္တရာယ်နှင့် တွေ့တော့မှ စွန့်စားရသော အလုပ်မျိုးလည်း ဖြစ်သည်။

သေလမ်းနှင့်ရှင်လမ်း နှစ်မျိုးအနက် သေလမ်းသွားရန် များသော စွန့်စားနည်းမျိုးဖြစ်သဖြင့် တော်ရုံလူတို့ မလုပ်ဝံ့သော အလုပ်မျိုးဖြစ်သည်။

"သူ အောက်ကျလာတာ ကျွန်တော်တို့ ရှိနေတဲ့နေရာနဲ့ ဝေးလှပါဘူး၊ သစ်ပင်တွေကြားထဲ ကျသွားတာကိုလည်း မြင်လိုက်ရပါတယ်၊ ဒါပေမယ့်. . ."

ငမဲအောင်က ရင်ထဲက ဆို့တက်လာသောကြောင့်. . စကားမဆက်နိုင်တော့ပေ

ထိုအခါ စောထီးက ဆက်ပြောပြရသည်။

"သူကျသွားတဲ့နေရာကို ကျွန်တော်တို့ ရောက်သွားတော့ သူ့ကိုရှာမတွေ့ရတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘယ်ရောက်သွားလို့ တောတိရစ္ဆာန်တစ်ကောင်ကောင်ကများ ချက်ချင်းချီသွားလေရော့သလား၊ ဒါမှမဟုတ် သစ်ပင်အောက်မကျဘဲ အခြားသစ်ပင်တစ်ပင်ပေါ်မှာ ချိတ်တင်နေရော့သလား"

ဟု အမျိုးမျိုး ဝင်ပြောကြသည်။

"ကျွန်တော်တို့လည်း တစ်ညလုံး တစ်နေ့လုံးအပြင် နောက်တစ်ရက်ပါ ဒီနေရာတစ်ဝိုက်ကို လိုက်ရှာကြည့်ပါတယ်၊ အစအနတောင် မတွေ့ရတော့မှ ရှာပြန်ခဲ့ကြတာပါ"

ထိုစကား ကြားသောအခါ ဦးဗန်ကောင်းက ဝင်ပြောလေသည်။

"တလောတုန်းက သူ ကျုပ်ဆီရောက်လာပြီး တောထဲမှာ ထူးဆန်းတာတွေ တွေ့ခဲ့ရတဲ့အကြောင်း လာပြောပြတယ်၊ ကျုပ်အထင် ပြောရရင်တော့ အခုလို ထူးထူးဆန်းဆန်း ပျောက်သွားတာ သူတို့လက်ထဲ ရောက်သွားပြီထင်တယ်"

ဦးဗန်ကောင်းစကားကို ဒေါ်မင်းဇာက လက်ခံလေသည်။

"ကပ္ပိယကြီးပြောတာ ဖြစ်နိုင်ပါတယ်၊ အဲဒီတောထဲမှာ ရှိနေတဲ့မိစ္ဆာမက သူ့ကို သဘောကျနေတယ်၊ အခု ကျုပ်မြေးနဲ့ ယူတော့မယ်ဆိုတော့ ဒီအထိရောက်လာပြီး လာနှောင့်ယှက်ကြတာနဲ့ သူတို့နေရာသွားပြီး မီးနဲ့တိုက်ပစ်လိုက်တယ်"

"ခင်ဗျား အဲဒီလိုသွားလုပ်တော့ ပိုဆိုးကုန်တာပေါ့ဒေါ်





ကြောင့် နီမောင်ကို အပြီးလာခေါ်သွားတာပဲ ဖြစ်ရမယ်"

"အို. . ဒီအတိုင်းသာ မှန်လို့ကတော့ လွယ်လွယ်နဲ့ ဘယ်လက်လွှတ်ပေးပါ့မလဲ၊ သူတို့လက်ထဲက ပြန်ရအောင်ယူရမယ်၊ ကပ္ပိယကြီးကလည်း အကူအညီပေးပေါ့"

"စိတ်ချပါ ကျုပ် တတ်နိုင်သလောက်တော့ အကူအညီပေးပါ့မယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ရှိနေတယ်ဆိုတာသိအောင် အရင်လုပ်ရမယ်"

"ဒါက လွယ်ပါတယ်၊ သက်ဆိုင်ရာ တောပိုင်တောင်ပိုင်တွေကို ပူဇော်ပသပြီး မေးကြည့်ရင် သိနိုင်ပါတယ်"

ဟု ပြောဆိုပြီး ဒေါ်မင်းဇာကပင် ဦးဆောင်ပြီး နတ်ပူဇော်သည့်ကိစ္စကို ဆောင်ရွက်ကြလေသည်။

ဖိုးမောက်ကန်နတ်ကို ပူဇော်ရာတွင် ၎င်း၏ဇနီး တောဘုန် ပဲကလိန်းတို့နှင့် သားခြောက်ယောက်တို့ကိုပါ နှစ်စဉ် ဝါဝင်ဝါထွက် ပူဇော်ကြသည့် ဓလေ့ရှိသည်။

နတ်ပူဇော်ရာတွင် ကြက်ဖ ကြက်မကို နနွင်းနှင့် ဆားခပ်ကာ ရေလုံပြုတ်ပြီး ထမင်းနှင့် ပူဇော်ကြသည်။ ယခုလည်း ဒေါ်မင်းဇာက နတ်စင်မှာ သွားရောက်ပူဇော်သောအခါ နောက်မှပါ လာသော လူတစ်ယောက်ကို နတ်ကဝင်ပူးပြီး ပြောလေသည်။

"ငါ သူ့ကိုတွေ့ခဲ့တယ်၊ သူ အသက်ရှင်လျက်ပဲ ရှိသေးသယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဘယ်သူခေါ်သွားတာပါလဲ"

"အသူရကာယ်ဘုံသားတွေ ခေါ်သွားကြတာပါ"

"သူတို့လက်ထဲက ဘယ်လိုနည်းနဲ့ရအောင် ပြန်ခေါ်ရနိုင်ပါသလဲ"

"သူတို့က နေ့မှာခံပြီး ညဘက်မှာ စံရတဲ့ အသူရကာယ်ဘုံသားတွေဆိုတော့ နေ့ဘက် သူတို့မရှိတဲ့အချိန်မှာ သွားခေါ်ကြရမယ်၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ရမယ်မဟုတ်ဘူး"

"ဘယ်လိုကြောင့်ပါလဲ"

"သူရှိတဲ့နေရာမှာ အစောင့်အရှောက်တွေ ထားတာရှိတယ်၊ သူတို့ရဲ့ အစောင့်အရှောက်တွေရန်ကို ဖယ်ရှားဖို့လည်း ကြိုတင်ပြင်ဆင်သွားကြပေါ့"

"ကောင်းပါပြီ၊ နတ်မင်းကြီးက သူရှိတဲ့ နေရာကိုသာ လမ်းညွှန်ပြပေးပါတော့"

ဟု ပြောဆိုပြီးနောက် နတ်က ပြန်ထွက်သွားလေတော့သည်။ ထိုအခါ ဦးဗန်ကောင်းက ပြောသည်။

"သူတို့က သာမန်မဟုတ်တော့ သူတို့ချထားတဲ့ အစောင့်တွေကလည်း သာမန်နဲ့ ရနိုင်မယ်မထင်ဘူး"

"ကျုပ်. . စမ်းကြည့်ပါရစေဦး"

ဟုပြောကာ. . ဒေါ်မင်းဇာက သူ လက်သပ်မွေးထားသော သရဲတာတေကို အခြေအနေကြည့်ရန် အရင်လွှတ်လိုက်လေသည်။





သရဲတာတေ ထွက်သွားပြီး အချိန်အတော်ကြာတော့ ပြန်ရောက်လာဟန်ရှိသည်။

ဦးဗန်ကောင်း အပါအဝင် အခြားသူများကတော့ မမြင်ကြရပေ။

"တာတေ ဘယ်လိုဖြစ်ပြီး ပြန်ပြေးလာတာလဲ"

". . . . . . . ."

"ဘီလူးတွေက တင်းပုတ်နဲ့ ထုလွှတ်လိုက်လို့ ပြန်ပြေးလာရတယ် ဟုတ်လား၊ ဒီအတိုင်းဆိုရင်တော့ နတ်ကြီးပြောသွားတာ မှန်နေပြီ၊ ကျုပ်က တစ္ဆေသရဲတွေလောက်သာ တတ်နိုင်တာဆိုတော့ ဒီဘီလူးတွေကို ကပ္ပိယကြီးသာ လုပ်ပေတော့"

ဟု ပြောလေရာ ဦးဗန်ကောင်းလည်း ရင်းစုဆောင်းထားသော ဆေးဝါးပစ္စည်းများကို စုဆောင်းရလေတော့သည်။ အထူးသဖြင့်တော့ မိစ္ဆာများကိုနိုင်စေသည့် ဂမုန်းဆေးနှင့် အစီအရင် ရုပ်တုများ၊ ပရိတ်ကြိုး စသည်တို့ကို တပါတည်း ယူဆောင်လာလေသည်။

ဦးဗန်ကောင်းမှာ အင်္ဂရတ်လုပ်ငန်းစဉ်တွင် အတန်အသင့် ပေါက်မြောက်နေသူဖြစ်ရာ ပြဒါးစသော အစီအရင်ဆေးများပါ ယူဆောင်လာလေသည်။

ခရီးထွက်သောအခါ ဦးဗန်ကောင်း၊ ဒေါ်မင်းဇာ၊ စောသီး၊ ငမဲအောင်တို့အပြင် မာယာပါ လိုက်ခဲ့လေသည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် သက်ဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



နတ်များကို တိုင်တည်ပြီးနောက် ငါးယောက်သား ခရီးစထွက်ကြသည်။

ဒေါ်မင်းဇာမွေးထားသော သရဲတာတေပါလာမှန်း သိကြသော်လည်း ကျန်သူများက မမြင်ကြရပေ။ သူတို့ ခရီးစထွက်တော့ လိပ်ပြာနက်ကြီး တစ်ကောင်က ရှေ့မှလမ်းပြပေးသွားသည်ကို သတိပြုမိကြသည်။

ထိုလိပ်ပြာနက်ကြီး သွားရာနောက်မှ လိုက်သွားကြရာ နီမောင်ကျသော ကညင်ပင်ကြီးရှိရာသို့ အရင်ရောက်ကြလေသည်။

ထိုနေရာရောက်တော့ မမြင်ရသော သရဲတစ္ဆေတို့၏ ခြောက်လှန့်မှုကို စတင်ခံရသည်။

ထိုကိစ္စများကိုတော့ သရဲတာတေက ဝင်ရောက်ဖယ်ရှင်းပေးရာ မနိုင်တော့မှ ဒေါ်မင်းဇာက ဝင်ကူပေးရလေသည်။

ဒေါ်မင်းဇာကို တစ်ရွာလုံးက စုန်းကဝေပညာတတ်သူဟု ထင်ထားကြသည်။

တကယ်ဆိုမူ ဒေါ်မင်းဇာ တတ်မြောက်သည့်ပညာမှာ ပြုစားတတ်သော ပညာမျိုးမဟုတ်ပဲ မိစ္ဆာများကို နိုင်နင်းသော ပညာမျိုးသာ ဖြစ်လေသည်။

လမ်းမှာ ဆီးကြိုနှောင့်ယှက်ကြသည့် ပရလောကသားများ မိစ္ဆာများကို ဒေါ်မင်းဇာနှင့် သရဲတာတေတို့က ဖယ်ရှားရှင်းလင်းပြီးနောက် ထိုနေရာမှ ရှေ့သို့ခရီးဆက်ကြရာ နီမောင်ကျ





သောနေရာသို့ ရောက်ကြသည်။

ထိုနေရာတွင် ကျိုးပဲ့ကျနေသော သစ်ကိုင်းခြောက်များကိုသာ တွေ့ကြရပြီး လူတစ်ယောက် မြေသို့ကျသော လက္ခဏာမျိုးတော့ မရှိပေ။

နေ့လယ်ဘက်အချိန်ရောက်တော့ ဒေါ်မင်းဇာတို့ မီးရှို့ခဲ့သော နေရာသို့ ရောက်သည်။

"သူတို့ ဒီနေရာမှာ ရှိကြသေးသလား"

"မရှိတော့ဘူး အခြားနေရာ ရွှေ့သွားကြပြီ"

"ဒါဖြင့် မမောင်ခင် အဲဒီနေရာ ရောက်ကြမှဖြစ်မယ်၊ မောင်တာနဲ့ သူတို့ ပြန်ရောက်လာတာနဲ့ တွေ့ရင် မလွယ်လှဘူး"

ထို့နောက်မှာတော့ လိပ်ပြာနက်ကြီး လမ်းပြရာနောက်သို့ လိုက်သွားကြရာ တစ်နေရာရောက်တော့ လိပ်ပြာနက်ကြီးက ဖျတ်ခနဲ ပျောက်ကွယ်သွားတော့သည်။

သူတို့ရှေ့မှာတော့ သစ်ပင်များဖြင့် ညို့နေသော တောအုပ်တစ်ခုက ရှိနေလေသည်။

"ဒီနေရာပဲဖြစ်မယ်ထင်တယ်၊ တာတေသွားကြည့်စမ်း"

ဒေါ်မင်းဇာက ပြောလိုက်ပြီး အတန်ကြာတော့ သစ်ပင်များ လှုပ်ယမ်းသွားတာ တွေ့လိုက်ရပြီး သရဲတာတေ ပြန်ရောက်လာဟန်ရှိ သည်။

"ဘာဖြစ်လာတာလဲ"

"......"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေရာမှာ ဘီလူးနှစ်ကောင် စောင့်နေတယ်၊ နင့်ကို တင်းပုတ်နဲ့ လိုက်ထုလို့ ပြန်ပြေးလာရတယ် ဟုတ်လား၊ ကဲ. . . ဦးဇန်ကောင်းရေ ဒါကတော့ ကျုပ်မတတ်နိုင်ဘူး၊ ရှင့်တာဝန်သာ ကျန်တော့တယ်. . . လုပ်ပေတော့"

ဒေါ်မင်းဇာက ပြောသဖြင့် ဦးဇန်ကောင်းက ရင်းဆေး ပစ္စည်းများ ထည့်ယူလာသော ပစ္စည်းများကို တစ်ခုချင်း ထုတ်ယူလေသည်။

ထိုအထဲတွင် သိဒ္ဓိပေါက်ပြီးသား ဓါတ်သားဖြင့် ပြုလုပ်ထားသော ဂန္ဓဗ္ဗရုပ်တုလည်း ပါသည်။

ဂန္ဓဗ္ဗရုပ်တုမှာ သန်လျက်ထမ်းထားပြီး ဒူးတစ်ဖက်ထောင် တစ်ဖက်လှဲ ပုံသဏ္ဌာန်ဖြစ်သည်။

ခဏကြာတော့ တောတွင်းမှ ခြေသံပြင်းပြင်းနှင့် နင်းလျှောက်လာသည့်ခြေသံကို ကြားကြရသည်။

လှမ်းကြည့်တော့ အကောင်အထည် မမြင်ရသော်လည်း သစ်ပင်သစ်ကိုင်းများ လှုပ်ယမ်းလာသည်ကိုတော့ အတိုင်းသား မြင်နေရသည်။

"အစောင့်ဘီလူးတွေ ထွက်လာပုံရတယ်၊ ကျုပ်မှာပါလာတဲ့ ဂန္ဓဗ္ဗနဲ့ ခံရမှာပဲ"

ဟုပြောပြီး အစီအရင် ပြုလုပ်ထားသော ဂန္ဓဗ္ဗရုပ်တုလေးကို ဂါထာမန္တန်ရွတ်ပြီး အောက်သို့ ချပေးလိုက်သည်။ ထိုသို့ ချပေးလိုက်သည်နှင့် မီးခိုးလုံးများထလာပြီး ပတ်ဝန်းကျင်တစ်





ဝိုက်ကို ဖုံးအုပ်သွားလေသည်။

ထိုမီးခိုးငွေ့များကြားမှ မည်းမည်းပုံရိပ်သဏ္ဌာန်တစ်ခု အပြင်သို့ ထွက်သွားသည်ကို အားလုံးမြင်လိုက်ကြရလေသည်။

ထိုအခြေအနေကို တွေ့မြင်ရတော့မှပင် ဘုန်းကြီးကျောင်းမှာ သာမန်ကပ္ပိယတစ်ယောက်လိုနေသော ဦးဇန်ကောင်း၏ အစွမ်းအစကို လက်တွေ့မြင်ကြရလေတော့သည်။

အတန်ကြာသောအခါ တောစပ်တစ်နေရာ၌ တိုက်ခိုက်နေကြသော အသံများကို အတိုင်းသား ကြားနေကြရသည်။

ထိုအသံများနှင့်အတူ သစ်ပင်သစ်ကိုင်းများ ကျိုးပဲ့သံ၊ ပြိုလဲသံများကိုပါ ကြားကြရသည်။

နောက်တော့မှ တဖြည်းဖြည်းနှင့် အသံများ ပြန်လည်ငြိမ်သက်သွားလေတော့သည်။

"ကပ္ပိယကြီး အခြေအနေ ဘယ်လိုလဲ"

"ကောင်းတဲ့ပုံပါပဲ၊ မကောင်းရင် ကျုပ်လွှတ်လိုက်တဲ့ ရုပ်တု ကျုပ်ရှိတဲ့ဆီကို လွင့်စင်ပြီး ပြန်ရောက်လာမှာပေါ့"

အတန်ကြာအောင် စောင့်ကြည့်သော်လည်း အခြေအနေ မထူးတော့မှ ရှေ့သို့တိုးသွားကြသည်။

"အန္တရာယ်တွေတော့ ကင်းသွားပုံရတယ်၊ ကျုပ်တို့ မြေမောင်ကို ရှာကြရမယ်"

ဟုပြောပြီး ပရိတ်ရေအချို့ကို ထုတ်ယူကာ သောက်ရေများနှင့် ရောစပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စောထီးနဲ့ ငမဲအောင်၊ ဒီပရိတ်ရေတွေကို ဒီနားတစ်ဝိုက်ကို လိုက်ဖျန်းကြပေတော့"

ဟုပြောပြီး ပေးလိုက်ရာ ယူကြလေသည်။

ထို့နောက် နှစ်ယောက်သား လိုက်ဖြန်းကြရာ ပရိတ်ရေနှင့်ထိသော အချို့နေရာများမှာ အိမ်များပေါ်လာသည်။

ပရိတ်ရေနှင့်ထိသောအိမ်များ တစ်နေရာပြီး တစ်နေရာ တစ်အိမ်ပြီးတစ်အိမ်ပေါ်လာရာ နောက်ဆုံးမှာတော့ ရွာတန်းရှည်ကြီးကို အတိုင်းသား မြင်ကြရလေတော့သည်။

"ဒါ. . အသူရကာယ်ဘုံသားတွေနေကြတဲ့ ညမြင်နေ့ပျောက်ရွာပဲ၊ ဒီရွာက နေ့ဘက်မှာ ပျောက်နေပြီး ညဘက်မှာမှ တွေ့မြင်ရတဲ့ ရွာမျိုးပဲ"

ဟု ဦးဇန်ကောင်းက ပြောပြလေရာ မရောက်ဖူး မတွေ့ဖူးသူများမှာ အံ့ဩနေကြလေသည်။

ထို့နောက်

တစ်အိမ်တက်ဆင်း လိုက်လံရှာဖွေကြရာ နှစ်ဆောင်ပြိုင် အိမ်ကြီးတစ်လုံး၏ အိပ်ခန်းထဲမှာ အိပ်ပျော်နေသော နီမောင်ကို တွေ့ကြရသည်။

တကယ်တော့ နီမောင်မှာ အိပ်ပျော်နေခြင်း မဟုတ်ပဲ သတိမေ့နေခြင်း ဖြစ်ပေသည်။

တစ်ကိုယ်လုံးမှာလည်း သွေးမရှိတော့သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။





ဦးဇန်ကောင်းက စမ်းကြည့်သောအခါ အသက်ရှိနေသေးကြောင်း တွေ့ရသဖြင့်. . စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်က နီမောင်ကို ပွေ့ယူစေကာ ထိုနေရာမှ ပြန်ထွက်လာကြလေသည်။

အချိန်က ညနေစောင်းနေပြီ ဖြစ်သောကြောင့် ရွာသို့ပြန်ရောက်အောင် ခပ်သုတ်သုတ် ပြန်ခဲ့ကြလေသည်။

မာယာခမျာမှာတော့ နီမောင်ကို အသက်ရှင်လျက် ပြန်တွေ့ရသဖြင့် စိတ်ထဲမှ ဝမ်းသာနေရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

# အချစ်ရေး ကံမကောင်းခဲ့သည့် အသူရကာယ်ဘုံသား

ကံကောင်းထောက်မစွာဖြင့် အသက်မသေပဲ တောထဲမှ ရောက်လာသော်လည်း တော်တော်နှင့် နလန်မထူနိုင်အောင် သောကြောင့် ဦးဇန်ကောင်းကိုယ်တိုင် လာရောက်ကုသပေး သည်။

ထို့ပြင် မာယာကလည်း လိုလေသေးမရှိအောင် လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြုစုပေးတော့မှ ရက်အတန်ကြာသောအခါ ကျန်းမာရေး ပြန်ကောင်းလာလေသည်။

"နီမောင် နင် အသက်မသေပဲ အခုလို ပြန်ရောက်လာတာ ငါ သိပ်ဝမ်းသာတာပဲ"

ဟု မာယာက ပြောလေသည်။

"နင်လည်း ငါ့အတွက်နဲ့ အတော်ပင်ပန်းနေရပြီ"

"ရပါတယ်ဟာ ငါ့အတွက် ဘာမှအပန်းမကြီးပါဘူး။ နင် မြန်မြန်နေကောင်းဖို့သာ အရေးကြီးပါတယ်"

"အခုတော့ အတော်ကလေး ပြန်ကောင်းလာပါပြီ"

"နင်ပျောက်နေတုန်းက ငါတို့တစ်တွေ အတော်ကလေး စိတ်ပူကြရတယ်၊ နင့်ကို ဘယ်သူခေါ်သွားတာလဲဟင်၊ ဟိုမိန်းမ ခေါ်သွားတာလား"

"ငါလည်း သစ်ပင်ပေါ်ကကျပြီး သတိလစ်သွားတာနဲ့ ဘယ်သူခေါ်သွားမှန်းတောင် မသိပါဘူး"

နီမောင်က မာယာစိတ်မကောင်းဖြစ်မည် စိုးသဖြင့် မြသင်းကြူအကြောင်းကို မပြောတော့ပေ။

"အဲဒီမိန်းမက နင့်အပေါ်မှာ အတော်ကလေး စွဲလမ်းနေပုံရတယ်၊ နောက်တစ်ခါ အဲဒီလိုလာပြီး နှောင့်ယှက်ရင်တော့ အခက်ပဲနော်"

"စိတ်မပူပါနဲ့ အဘ ဦးဇန်ကောင်းက ငါ့ကို ဆေးဖွေ လည်း ပေးထားတယ်၊ ပရိတ်ကြိုးတွေလည်း ဆွဲပေးထားပါတယ်





သူလာရင်လည်း အနားမကပ်နိုင်တော့ပါဘူး"

ဟု ပြောပြီး လည်ပင်းမှာ ဆွဲထားသောကြိုးကို ပြတော့မှ မာယာလည်း စိတ်သက်သာရာ ရသွားလေသည်။

နီမောင် နေကောင်းသွားသည်နှင့် မာယာနှင့် မင်္ဂလာဆောင်ရန်ကိစ္စကို စီစဉ်ကြလေတော့သည်။

သူ နေမကောင်းနေသောရက်အတွင်း ပျားရည်ရောင်းသောငွေများကို စောထီးနှင့်ငမဲအောင်တို့က စုဆောင်းပေးထားရာ မင်္ဂလာဆောင်စရိတ်အတွက် ပူစရာမလိုတော့ပေ။

သူတို့နှစ်ယောက်မှာ လူကြီးချင်း နားဖောက်ပြီးသား ဖြစ်သောကြောင့် အခြားကိစ္စများ မလိုတော့ဘဲ မင်္ဂလာဆောင်ကိစ္စကိုသာ တစ်ခါတည်းဆောင်ရွက်ကြလေသည်။

သူတို့အရပ်ဒေသတွင် လူပျိုနှင့်အပျို မင်္ဂလာဆောင်ကြတော့မည်ဆိုပါက ဓလေ့ထုံးစံနှစ်မျိုးရှိသည်။ မင်္ဂလာငယ် ဆောင်ခြင်းနှင့် မင်္ဂလာကြီး ဆောင်ခြင်းတို့ပင် ဖြစ်၏။

အချို့ ငွေကြေးမတတ်နိုင်ကြသူများကတော့ မင်္ဂလာကြီး မဆောင်နိုင်သေးပါက မင်္ဂလာငယ်သာ ဆောင်ပြီး အတူတူ နေကြလေသည်။

မင်္ဂလာငယ်ဆောင်ခြင်းမှာ သတို့သမီးဘက်မှ ခန့်ခွဲသော ကွမ်းဖိုးနှင့် မိရာဖရာများကို ပေးဆောင်ရခြင်းမျိုးဖြစ်သည်။

ကွမ်းဖိုးနှင့် မိရာဖရာများ ပေးဆောင်ပြီးပါက အကြင်



www.burmeseclassic.com

www.burmeseclassic.com



လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခွင့် ရကြလေသည်။

သတို့သမီးကို အလိုရှိသော နေရာသို့ ခေါ်ဆောင်သွားခွင့် ရလေသည်။

မင်္ဂလာကြီးကတော့ မိရာဖရာ ကွမ်းဖိုးပေးပြီးနောက် ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများကို ဖိတ်ကြား၍ ကျွေးမွေးဧည့်ခံကာ မင်္ဂလာပွဲကျင်းပခြင်း ဖြစ်၏။

အချို့ ဆင်းရဲချို့တဲ့သူများမှာ မင်္ဂလာကြီး ဆောင်နိုင်ဖို့ မဆိုထားနှင့် မိရာဖရာ ကွမ်းဖိုးပေးရန်ပင် မတတ်နိုင်ကြပေ။

ထိုအခါ ကွမ်းဖိုးကို တစ်ကြိမ်တည်း မပေးနိုင်ပါက နှစ်ကြိမ်ခွဲ ပေးပါမည်ဟု ကတိပေးထားပါကလည်း မင်္ဂလာဆောင်ခြင်းကိစ္စ အထမြောက်လေသည်။

အချို့ မင်္ဂလာဆောင်ရန် မိရာဖရာ ကွမ်းဖိုးမတတ်နိုင်သောကြောင့် နှစ်ဦးသဘောတူ ခိုးရာလိုက်ပြေးကြသည်မျိုးလည်း ရှိကြသည်။

ထိုသို့လိုက်ပြေးပြီးမှ နောက်ပိုင်း မင်္ဂလာဆောင်မည်ဆိုပါက အိမ်ပေါ်တွင် မင်္ဂလာဆောင်ခွင့်မရတော့ပေ။ မိဘများအား အရှက်ရအောင် ပြုလုပ်ခဲ့သဖြင့် ရွာအလယ်တွင် မြေပြင်၌ ဖျာခင်းပြီး မင်္ဂလာဆောင် ကျင်းပရလေသည်။

ခိုးရာလိုက်ပြေးသော အမျိုးသမီးတို့မှာ မိဘအိမ်ပေါ်၌ မင်္ဂလာဆောင်ခွင့် မရကြသောကြောင့် များစွာနစ်နာလှသည်။

ကတူးကနန်းဒေသတွင် မင်္ဂလာမဆောင်ပဲရသောသား





ကို ရှင်ပြုခွင့်မရကြပေ။

သမီးကိုလည်း မင်္ဂလာဆောင်ပေးခွင့် မရတော့ပေ။

မိဘများမသိအောင် ခိုးရာလိုက်ပြေးမိသဖြင့် ရလာသော သားကို ရှင်ပြုခွင့်မရ၊ သမီးကို မင်္ဂလာဆောင်ပေးခွင့် မရကြသောကြောင့် ထိုအရပ်ဒေသတွင် ခိုးရာလိုက်ပြေးခြင်း မင်္ဂလာမဆောင်ပဲ နှစ်ဦးသဘောတူ အတူနေခြင်း၊ ကိစ္စမျိုးများ မပြုလုပ်ဝံ့ကြပေ။

မင်္ဂလာဆောင်ရန်အတွက် မိရာဖရာ ကွမ်းဖိုးပေးရသောငွေမှာ မများလှပေ။

ခုနစ်ကျပ် ငါးမူးသာ ဖြစ်သည်။

သတို့သားက သတို့သမီး မိဘများကို မိရာဖရာကွမ်းဖိုးငွေခုနစ်ကျပ်နှစ်မတ် ပေးပြီးပါက သတို့သမီးအတွက် အိမ်ထောင်ပရိဘောဂများကို တောင်းရသည်။

မိဘများက သမီးနှင့် ထိုက်သည့်အားလျော်စွာ ဘူးစေ့၊ ဖရုံစေ့၊ မား၊ ခြင်းတောင်း၊ ဆားပလုပ်တို့မှစ၍ လယ်ယာကွဲနွားစသည်တို့အထိ ခွဲဝေပေးကြရသည်။

အကယ်၍ လက်ထပ်ပြီးမှ နောက်ပိုင်း အဆင်မပြေ၍ လင်မယားကွဲသောအခါ . မိန်းကလေးမိဘဘက်မှ ပေးလိုက်သော ပစ္စည်းများကို မိန်းကလေးက အားလုံး ပြန်သိမ်းယူလာခွင့်ရှိလေ သည်။

ယောက်ျားနှင့်မိန်းမ အဆင်မပြေသဖြင့် ကွာရှင်းသော



www.burmeseclassic.com

www.burmeseclassic.com



အခါ. . ကွာရှင်းချင်သူက လျော်ကြေးငွေသုံးဆယ် ပေးလျော်ရသည်။

မင်္ဂလာဆောင်ကိုတော့ ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ အရေးမကြီးလှပေ။

မင်္ဂလာဆောင် သွားရာမှာ လူဦးရေ 'စုံ'မဖြစ်စေရဘဲ 'မ' ဖြစ်စေရန်သာ အရေးကြီးသည်။

သို့မှ မင်္ဂလာဆောင်ပြီး ပြန်လာသောအခါ သတို့သမီး ပါလာသောကြောင့် စုံဖြစ်သွားပေမည်။

အတိတ်နိမိတ်ယူခြင်းမှာ မင်္ဂလာဆောင်ပြီးပါက စုံစုံလင်လင် ရှိသည်ဆိုသော အတိတ်နိမိတ်ကောက်ခြင်းပင်ဖြစ်၏။

မင်္ဂလာဆောင်တွင် ဧည့်သည်ကို ကျွေးမွေးဧည့်ခံရာတွင် အိုးခွက်ပန်းကန်များ မကွဲစေရ။

ထမင်းအိုး၊ ပေါင်းအိုးများ မကွဲစေရန် အထူးသတိထားရသည်။

ပေါင်းအိုးကွဲလျှင် ပေါင်းသင်းမည့် လင်မယား ကွဲတတ်သည်ဟု အယူအစွဲ ရှိကြသည်။

ကတူးကနန်းဒေသတွင် မင်္ဂလာဆောင်ရာ၌ နှစ်သက်အဆင်ပြေရာ ထမင်းနှင့်ဟင်းများ ကျွေးမွေးကြသော်လည်း ငါးချဉ်နှင့် ကြိမ်ဖူးဟင်းချို ကျွေးမွေးနိုင်ပါက ဂုဏ်အရှိဆုံး ဖြစ်ပေသည်။

ဧည့်သည်များကို ငါးချဉ်အစိမ်းသုပ် မကျွေးနိုင်စေကာမူ





မိဘများနှင့် ရိုးရာနတ်များအား ပူဇော်ကန်တော့သည့် နေရာမှာတော့ ငါးချဉ်မပါလျှင် မပြီးပေ။

အုန်းသီး၊ ငှက်ပျောသီး၊ လက်ဖက်နှင့် ငါးချဉ်မှာ မင်္ဂလာဆောင်တိုင်း မပါလျှင်မပြီးသော အရာများ ဖြစ်ကြသည်။

အချို့တတ်နိုင်သူများက မင်္ဂလာဆောင်လာသူများကို အပြန်တွင် လက်ဖက်ထုပ်၊ ငါးချဉ်ထုပ်များကို လက်ဆောင်ပြန်ပေးသည်။

မင်္ဂလာဆောင်လာသူများက သတို့သား သတို့သမီးတို့အတွက် ငွေလက်ဖွဲ့ကြသည်။

ငါးပြား၊ ဆယ်ပြား၊ တစ်မတ် စသည်တို့ဖြစ်ပြီး ငွေတစ်ကျပ် လက်ဖွဲ့နိုင်သူမှာ အချမ်းသာဆုံး ဖြစ်ပေတော့သည်။

နီမောင်နှင့် မာယာတို့ကတော့ မင်္ဂလာကြီး ဆောင်ကြသည်။

ဖိတ်ကြားထားသူများကို ထမင်းဟင်းများ အလျှံပယ်ကျွေးမွေးသည့်အပြင် အပြန်မှာ ငါးချဉ်ထုပ်များပင် လက်ဆောင်ပေးလေသည်။

မင်္ဂလာပွဲပြီးတော့ မာယာက နီမောင်အိမ်သို့ လိုက်လာရလေသည်။

တကယ်တော့ သူတို့နှစ်ယောက်မှာ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်နှစ်သက်ကြသဖြင့် မင်္ဂလာဆောင်ကြခြင်းတော့ မဟုတ်ကြပေ။



www.burmeseclassic.com

www.burmeseclassic.com



မလွဲသာသော အခြေအနေတစ်ခုကြောင့် ယခုကဲ့သို့ မင်္ဂလာဆောင်ရသည်အထိ ရောက်ခဲ့ကြရခြင်း ဖြစ်လေသည်။

ထိုနေ့က ညအချိန်ရောက်တော့ နီမောင်က အိမ်ရှေ့ဘက်မှာရှိသော သစ်ပင်ကြီးအောက်မှ ကွပ်ပျစ်ပေါ်မှာထိုင်ရင်း အတွေးကောင်းနေလေသည်။

သူ့စိတ်ထဲမှာ. . . မြသင်းကြူနှင့်ပတ်သက်သော အကြောင်းများက တစ်ခုပြီးတစ်ခု ဝင်လာနေသည်။

ယခုအချိန်မှာတော့ မြသင်းကြူကို သတိရနေသည်မှလွဲပြီး အခြားဘာမှ မတတ်နိုင်သော အခြေအနေမျိုး ရောက်သွားလေပြီ။

ထိုသို့အတွေးကောင်းနေစဉ်. . . သူ့အနောက်ဘက် တောစပ်မှ ခြေသံလိုလို ကြားရသောကြောင့် လှည့်ကြည့်လိုက်ရာ တောစပ်မှာ ရပ်နေသော မြသင်းကြူကို တွေ့ရသည်။

သူမက ဝေးဝေးမှာသာနေပြီး အနားရောက်သည်အထိတော့ မလာနိုင်ပေ။

အတန်ကြာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ပဲ ကြည့်နေကြသည်။

အတော်ကြာတော့မှ မြသင်းကြူကပြောသည်။

"ငါ့ကိုမြင်လို့ မကြောက်ပါနဲ့၊ နင့်ကိုယ်ပေါ်က ပရိတ်ကြိုးတွေကြောင့် ငါ အနားကို လာလို့မရနိုင်တော့ပါဘူး၊ တကယ်လို့ ပရိတ်ကြိုးတွေ မရှိလဲ. . နင်က လာခဲ့ပါဆိုရင်တောင်မှ ငါ





မလာတော့ပါဘူး"

"ဘာဖြစ်လို့လဲဟင်"

"အရင်ဘဝက ကာမပိုင်လင်ယောက်ျား ရှိနေပါရက်နဲ့ တခြားယောက်ျားတစ်ဦးနဲ့ ဖောက်ပြားမိခဲ့လို့ အခုလိုဘဝမျိုး ရောက်ခဲ့ရတယ်၊ နှစ်ပေါင်းများစွာ ကြာတဲ့အထိ ငရဲခွေးကြီးတွေရဲ့အစားကို ခံနေရတယ်၊ တကယ်လို့ ကယ်မယ့်သူနဲ့ တွေ့ရင် လွတ်မြောက်ခွင့် ရနိုင်ပေမယ့် အခုထိတော့ ကယ်မယ့်သူ မတွေ့ရသေးပါဘူး"

"ငါ နင့်အတွက် စိတ်မကောင်းပါဘူး၊ နင့်ကို အကူအညီ မပေးနိုင်ခဲ့တာ ခွင့်လွှတ်ပေးပါ"

"ရပါတယ်. . . ငါ နင့်အပေါ်မှာ ခွင့်လွှတ်ပေးပါတယ်၊ အရင်ဘဝကတည်းက မကောင်းခဲ့တဲ့ ငါ့ရဲ့အကုသိုလ်ကံ အကြောင်းကြောင့်လို့ပဲ သဘောထားပါတယ်"

"နင့်အတွက် အခြားအကူအညီပေးနိုင်မယ့်သူ တစ်ယောက်ယောက်နဲ့ တွေ့ပါစေလို့ ငါ ဆုတောင်းပေးပါမယ်"

"လူ့ဘဝမှာပဲဖြစ်ဖြစ်၊ ပရလောကမှာပဲဖြစ်ဖြစ် အခြားဘုံဘဝမှာ ရောက်နေရသူပဲဖြစ်ဖြစ် အသက်ရှင်ခြင်းနဲ့ ချစ်ခြင်းမေတ္တာကို အစားထိုးလို့ မရနိုင်ပါဘူး၊ အခြားသူတစ်ယောက်ကို တွေ့ခဲ့ရင်တောင်မှ ငါ့ရင်ထဲမှ လက်ခံချင်မှာ မဟုတ်ပါဘူး"

ထိုစကားကြောင့် နီမောင်ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုအခြေအနေမှာတော့ ဘာမှ မတတ်နိုင်တော့ပါချေ။

"ငါ နင့်ရင်ထဲက မေတ္တာကို နားလည်ပေမယ့် နင်နဲ့ငါနဲ့က ဘဝမတူကြဘူး၊ နောက်ပြီး မမျှော်လင့်တဲ့ အခြေအနေကြောင့် ငါက လွတ်လပ်သူတစ်ယောက် မဟုတ်တော့ပါဘူး"

"ဟုတ်ပါတယ်၊ ဒါကြောင့် ဒီအချိန်မှာ နင်က လက်ခံမယ်ဆိုရင်တောင် ငါ မလာတော့ပါဘူး၊ ဘာကြောင့်လည်းဆိုတော့. . ငါ ဒီဘဝရောက်နေတာ ယခင်ဘဝက အကုသိုလ်ကံကြွေးကြောင့်ဆိုတော့ ဒီလို အကုသိုလ်ကံမျိုးကို နောက်ထပ်အဖြစ်ခံတော့မှာ မဟုတ်ပါဘူး"

"ငါ နင့်အတွက် စိတ်မကောင်းပါဘူး မြသင်းကြူရယ်"

"ရပါတယ် နီမောင်ရယ်၊ ငါ့အပေါ်မှာထားတဲ့ နင့်ရဲ့စေတနာမေတ္တာတွေကို ငါ နားလည်ပါတယ်၊ နင် လွတ်လပ်သူဘဝမှာ အတူတူနေခဲ့ရတဲ့ဘဝတွေ ငါ ဘယ်တော့မှ မမေ့ပါဘူး၊ ဒီလိုဘဝဆိုးရောက်နေတဲ့ အချိန်မှာ ငါ့အတွက် အချိန်တိုတိုကလေး ပျော်ရွှင်ကြည်နူးခွင့်ရအောင် အကူအညီပေးခဲ့တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

"ငါလည်း. . နင်နဲ့ ဆုံတွေ့ခဲ့ရတဲ့ အချိန်တွေကို တစ်သက်လုံး မမေ့နိုင်တော့မှာ မဟုတ်ပါဘူး"

ဟု စိတ်မကောင်းစွာ ပြောလိုက်လေသည်။

"နင်တို့နှစ်ယောက်အတွက် မင်္ဂလာလက်ဖွဲ့ အနေနဲ့





ငါပေးချင်ပါတယ်၊ နင်နဲ့ငါနဲ့ ပထမဆုံးတွေ့ကြတဲ့ ကညင်ပင်ကြီးအောက်ကို သွားရှာကြည့်ပါ၊ ငါ ရွှေငွေတွေ ထားခဲ့ပါ့မယ်၊

နင်တို့လည်း သုံးစွဲကြပါ၊ ငါတို့အတွက်လည်း ကုသိုလ်ကောင်းမှု ပြုလုပ်ပေးပြီးတော့ အမျှအတန်းဝေပေးပါနော်"

နီမောင်က ခေါင်းညိတ်ပြလိုက်ရာ မြသင်းကြူက နှုတ်ဆက်ပြီးနောက် တောတွင်းသို့ ပြန်ဝင်သွားလေတော့သည်။

သူတို့နှစ်ယောက် စကားပြောနေကြသည်ကို အိမ်ပေါ်မှ လှမ်းကြည့်နေသော မာယာက မြင်နေရသော်လည်း သူမအနေဖြင့် မျက်ရည်ကျရုံမှလွဲပြီး ဘာမှ မတတ်သာပါချေ။

"ငါ နင့်အဖြစ်ကို နားလည်ပါတယ်၊ နင့်အပေါ်မှာ ခွင့်လွှတ်ပါတယ် နီမောင်ရယ်"

ဟု တိုးတိုးလေး ရေရွတ်လိုက်လေတော့သည်။

လောကတွင် ချစ်တိုင်းလည်းမညား၊ ညားတိုင်းလည်း မချစ်ဟူသော စကားမှာ သူတို့အတွက်များ ထားခဲ့လေရော့သလားပင် မပြောတတ်ပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၅)

# အရုဏ်ဦးမှ အချစ်နိဒါန်း

နောက်တစ်နေ့တွင် စောထီးနှင့် ငမဲအောင်တို့ကို အဖော်ခေါ်ပြီး တောထဲသို့ သွားကြလေသည်။

"နီမောင်. . မင်း အခုအချိန်မှာ တောထဲကို မသွားသင့်သေးဘူး၊ တော်ကြာ မြသင်းကြူနဲ့ထပ်တွေ့ရင် ခက်နေလိမ့်မယ်"

စောထီးက စိုးရိမ်ပူပန်စွာဖြင့် ပြောသည်။

"စိုးရိမ်စရာ မရှိတော့ပါဘူးကွာ၊ ငါ သူနဲ့ တွေ့ပြီးပါပြီ"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်တုန်းက တွေ့ကြတာလဲ"

"ညက သူရောက်လာပြီး အကျိုးအကြောင်း လာပြောသွားပြီးပါပြီ၊ ငါလည်း. . အိမ်ထောင်ကျပြီး လွတ်လပ်သူတစ်ယောက် မဟုတ်လေတော့ နောက်ထပ် သူ နှောင့်ယှက်တော့မှာ မဟုတ်ပါဘူး"

နီမောင်က မြသင်းကြူ ပြောသွားသော အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"အေးကွာ သူ့ဘဝကလည်း အတော်ကို သနားစရာကောင်းတာပဲ၊ ဘဝတစ်ခုမှာ အမှားတစ်ခု ကျူးလွန်မိတာနဲ့ ဘဝပေါင်းများစွာ ဒီအပြစ်ကို ခံနေရတော့တာပဲ၊ မြသင်းကြူဆိုရင် အချစ်ရေးနဲ့ ပတ်သက်ပြီးတော့ ကံမကောင်းခဲ့တာ အခုအချိန်အထိ ဆိုပါတော့"

"ငါတော့ ပျားဖွပ်တဲ့အလုပ်ကိုတောင် ဆက်မလုပ်ချင်တော့ပါဘူး၊ တော်ကြာဘဝဆက်တိုင်း အပြစ်ခံနေရရင်တော့ အခက်ပဲ"

ငမဲအောင် စကားကြောင့် ကျန်နှစ်ယောက်ကပါ အထိတ်တလန့် ဖြစ်သွားကြသည်။

"ဟုတ်တော့ ဟုတ်တယ်ဟေ့၊ ငါတို့က ပျားကောင်တွေ လုပ်ထားတဲ့ အသိုက်အမြုံတွေကို ဖျက်ခဲ့ကြတော့ နောက်ဘဝမှာ. . သူတို့က ငါတို့နေတဲ့နေရာတွေကို လာဖျက်ကြရင်တော့ အခက်ပဲ"





"ကဲ တော်ကြပါတော့ကွာ၊ မင်းတို့ ပျားတက်တဲ့အလုပ် မလုပ်ချင်ကြရင် တခြားအပြစ်ကင်းတဲ့အလုပ်တွေ လုပ်စရာ အများကြီးရှိပါတယ်"

နီမောင်က ဖင်ပြောလိုက်မှ ကျန်နှစ်ယောက်လည်း ထိုအကြောင်းကို ဆက်မပြောကြပဲ အခြားအကြောင်းကို မေးကြပြန်သည်။

"နီမောင်. . . အခု မင်းက မမျှော်လင့်ဘဲ မိန်းမရသွားပြီဆိုတော့ မာယာကိုရော ချစ်ရဲ့လား"

"အခုအထိတော့ ငါ ဘာမှမသိသေးဘူး၊ ဒါပေမယ့် ငါ့စိတ်ထဲမှာတော့ သူနဲ့ပတ်သက်ပြီး တာဝန်ယူရတော့မယ်ဆိုတာတော့ သိပါတယ်"

"မာယာက ငါတို့ သိရသလောက်တော့ အပြစ်ကင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲ၊ မင်း သူ့အပေါ်မှာ စိမ်းစိမ်းကားကားတော့ မဆက်ဆံပါနဲ့ကွာ"

ဟု ပြောရာ နီမောင်က ဘာမှပြန်မပြောဘဲ သက်ပြင်းချလိုက်လေသည်။ သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ ကညင်ပင်ကြီးရှိရာသို့ ရောက်လာကြသည်။ ထိုကညင်ပင်ကြီးမှာ မြသင်းကြူနှင့် ပထမဦးစွာတွေ့ခဲ့ရသော သစ်ပင်ဖြစ်သည်။

"သူက မင်းကို ဘယ်လိုပြောသွားသလဲ"

"ဒီသစ်ပင်အောက်ခြေတစ်ဝိုက်မှာ ရှာကြည့်ပါလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်”

သို့ကြောင့် သုံးယောက်သား ကညင်ပင်အောက်ခြေ တစ်ဝိုက်ကို လိုက်လံရှာဖွေကြရာ တစ်နေရာတွင် မြေကြီးအတွင်းမှာ မြှုပ်ထားသည့် အိုးတစ်လုံးကို တွေ့ရသဖြင့် တူးဖော်ယူပြီး ကြည့်သောအခါ ငွေဒင်္ဂါးများ တွေ့ရလေသည်။

ငွေဒင်္ဂါးများရသောအခါ နီမောင်မှာ မြသင်းကြူကို သတိရပြီး စိတ်မကောင်းဖြစ်မိပြန်လေသည်။

“နင့်အတွက် ကုသိုလ်ကောင်းမှုတွေပြုပြီး အမျှအတန်း ဝေပေးပါ့မယ်၊ ဒီဘဝဆိုးက လွတ်မြောက်ပြီး နောက်ဘဝတွေမှာ သန့်စင်တဲ့ဘဝမျိုးနဲ့ ချစ်တဲ့သူနဲ့ ဆုံတွေ့ရပါစေလို့ ငါ ဆုတောင်းပေးခဲ့ပါတယ် မြသင်းကြူရယ်”

ဟု ရင်ထဲမှ ရေရွတ်နေမိလေသည်။

ထို့နောက်မှာတော့ ငွေဒင်္ဂါးများ ထည့်ထားသော အိုးကို ယူဆောင်လာပြီး ဦးဗန်ကောင်းနှင့် တိုင်ပင်ရလေသည်။

“သူတို့အတွက် ကောင်းမှုလုပ်ပေးချင်တယ်ဆိုရင်တော့ ဒီကုန်းတော်ပေါ်မှာ စေတီတစ်ဆူတည်တာ အကောင်းဆုံးပေါ့ကွာ၊ နောက်ပြီး အခြားကောင်းမှုကုသိုလ်တွေလည်း လုပ်ပြီးတော့ အမျှအတန်းဝေပေးလိုက်ပေါ့”

ဟု ပြောသဖြင့် ထိုကိစ္စများ ဆောင်ရွက်ပေးရန် ဦးဗန်ကောင်းကိုပင် အကူအညီတောင်းကာ တာဝန်ပေးလိုက်လေတော့သည်။





ထို့နောက်မှာတော့ မြသင်းကြူကို မတွေ့ရတော့ပေ။

ထိုကိစ္စများ ပြီးသွားတော့မှပင် သူ့အိမ်ရောက်နေသော မာယာကို သတိရတော့သည်။ မာယာနှင့် မင်္ဂလာဆောင်ပြီး သူကအိမ်ခေါ်လာခဲ့ပြီး နောက်ပိုင်းမှာ အခြားအလုပ်ကိစ္စများ ရှုပ်နေသောကြောင့် သူမနှင့်ပင် မတွေ့ရသေးပေ။

မာယာကတော့ သူမ ဝတ္တရားအတိုင်း ဆန်ဖွပ်မောင်းထောင်း အလုပ်များအပြင် နီမောင်၏ မိဘများကိုပါ ပြုစုစောင့်ရှောက်ပေးလေသည်။

အချိန်မှာ နံနက်အရုဏ်တက်ချိန်ဖြစ်သည်။

ထိုအချိန်တွင် အိမ်နှင့်မနီးမဝေးနေရာမှ မောင်းထောင်းသံ ပေါ်ထွက်လာသည်။

“ဟာစ် . . ဟာစ် . . ဟာစ်”

နံနက်စောစောထကာ မာယာ မောင်းထောင်းနေသော အသံကြားရသဖြင့် နီမောင်က အိပ်နေရာမှထကာ အောက်သို့ ဆင်းသွားလေသည်။

“မောင်းထောင်းသံကြောင့် နင် နိုးလာတာလားဟင်”

“မဟုတ်ပါဘူး၊ နင်နဲ့ စကားပြောချင်လို့ ဆင်းလာတာပါ”

ထိုစကားကြောင့် မာယာမှာ ထိတ်လန့်သွားဟန်ရှိသည်။ နီမောင်ထံမှ သူမ မကြားလိုသောစကားများ ကြားရမည်ကို စိုးရိမ်နေမိလေသည်။ သူမ ကတိပေးထားခဲ့သည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ပြီးသည့်နောက်တွင် နီမောင်ကို ကွာရှင်းပေးရမည်ကို ကြောက်နေသည်။

နီမောင်နှင့် မင်္ဂလာဆောင်ပြီးခဲ့တာ ရက်အတန်ကြာခဲ့ပြီ ဖြစ်သော်လည်း ယခုအချိန်ထိ နီမောင်က သူ့အလုပ်နှင့်သူ ရှုပ်နေပြီး အတူလာမနေသေးပေ။ သို့အတွက်ကြောင့် တစ်နေ့ကျလျှင် နီမောင်ကိုကွာရှင်းပေးရမည်ဟု မျှော်လင့်ထားလေသည်။ ယခု နီမောင်က စကားစလာသောအခါ. . စိတ်ထဲမှ အလိုလို စိုးရိမ်နေမိခြင်း ဖြစ်သည်။

"ဘာ. . ဘာပြောမှာလဲဟင်"

"ငါ နင့်ကို တောင်းပန်စရာရှိလို့ပါ"

မာယာက အံ့သြသွားသည်။

"ဘာကို တောင်းပန်မှာလဲဟင်"

"နင့်ကို လက်ထပ်ယူထားပြီး ဒီအတိုင်း ပစ်ထားသလို ဖြစ်နေတယ်၊ နင့်ကို တမင်ခေါ်ပြီး နှိပ်စက်သလို ဖြစ်နေတဲ့အတွက် ငါ တောင်းပန်ပါတယ်"

ထိုစကားကြားသောအခါ မာယာက လက်ထဲမှာ ကိုင်ထားသော ကျည်ပွေ့ကိုချကာ ထိုင်လိုက်ပြီး ရှိုက်ကြီးတငင် ငိုနေလေတော့သည်။ သို့ကြောင့် နီမောင်က အနားသို့သွားကာ ပခုံးနှစ်ဖက်ကို ဖက်ပြီး နှစ်သိမ့်ပေးရသည်။

"ငါ တောင်းပန်ပါတယ် မာယာရယ်"

"နင့်ကို ငါ နားလည်ပေးနိုင်ပါတယ်၊ နင် ငါ့ကို မလွဲသာ





လို့ လက်ထပ်ခဲ့ရပေမယ့် မချစ်နိုင်ဘူး မဟုတ်လား"

ဟု ရှိုက်သံတဝက်ဖြင့် မေးသည်။

"အရင်က မချစ်ခဲ့ပေမယ့် အခုလို လင်မယားဘဝရောက်လာတဲ့ အခါမှာတော့ ချစ်နိုင်အောင် ကြိုးစားရမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါ နင့်အပေါ်မှာ သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားပါမယ်လို့ ကတိပေးပါတယ်"

"ဒီစကားကြားရတာ ငါ ဝမ်းသာလိုက်တာ နီမောင်ရယ်"

ဟု ပြောကာ နီမောင်ရင်ခွင်ထဲသို့ တိုးဝင်လာလေရာ နီမောင်က အလိုက်သင့် ဖက်ထားရလေသည်။

"နင်က မေးလာတော့ ငါကလည်း ပြန်မေးရဦးမယ်"

"ဘာမေးမှာလည်း မေးလေ"

"နင်လည်း ငါ့လိုပဲ မလွဲသာလို့ လက်ထပ်ခဲ့ရပေမယ့် ငါ့ကို မချစ်ဘူးမဟုတ်လား"

ထိုစကားကြောင့် မာယာက ရင်ခွင်ထဲက ပြန်ထပြီး မျက်နှာကို ကြည့်သည်။

"ငါပြောရင် ယုံမှာလား"

"ပြောလေ"

"အရင်ကတော့ နင့်အပေါ်မှာ ဘယ်လိုမှ သဘောမထားပါဘူး၊ ဒါပေမယ့် တောထဲမှာ ငါ့ကို မြွေအန္တရာယ်က ကယ်ပေးခဲ့တာရယ်၊ နောက်ပြီး. . ."

မာယာက စကားမဆက်ပဲ ရပ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောဦးလေ"

"နင် အဝတ်အစားတွေကို ပေးဝတ်ခဲ့တယ် မဟုတ်လား၊ အဲဒီအဝတ်အစားတွေ ဝတ်ထားခဲ့ပြီးတဲ့နောက်မှာ နင့်ကို အမြဲသတိရနေတယ်"

"ငါ့အဝတ်အစားတွေမြင်လို့ သတိရတာဖြစ်မှာပေါ့"

"နောက်တော့ အဲဒီအဝတ်အစားတွေကို လဲဝတ်ပြီးတဲ့နောက်မှာ နင့်ရဲ့ အင်္ကျီနဲ့ ဘောင်းဘီကို ငါ့ရဲ့ အိပ်ရာဘေးမှာ အမြဲထားခဲ့တယ်"

"ဟင်. . ."

ထိုစကားကြားတော့ အံ့သြသွားသည်။

"နင် တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့၊ အခု မင်္ဂလာဆောင်ပြီးတဲ့အချိန်မှာတောင်မှ တစ်ပါတည်း ယူလာခဲ့တယ်၊ မယုံရင် ငါ့ရဲ့ အိပ်ရာနံဘေးမှာ သွားကြည့်ပါလား"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။

မာယာအတွက် စိတ်မကောင်းလည်း ဖြစ်မိလေသည်။

"အမှန်တော့ ငါ နင့်အပေါ်မှာ အဲ့ဒီအချိန်ကတည်းက ချစ်နေမိတာ၊ ငါ့ရင်ထဲကို အဲဒီအချိန်ကတည်းက နင် ရောက်လာခဲ့တာပါ"

"နင့်အချစ်ကို ငါ ယုံပါပြီ မာယာရယ်၊ နင့်အပေါ်မှာ





ဥပေက္ခာပြုခဲ့မိတာတွေကိုလည်း တောင်းပန်ပါတယ်၊ ဒီကနေ့ကစပြီး ငါတို့နှစ်ယောက် သစ္စာရှိရှိနဲ့ တစ်သက်လုံး လက်တွဲသွားကြမယ်နော်"

"ဝမ်းသာလိုက်တာ နီမောင်ရယ်"

ဟုပြောကာ မာယာက နီမောင်ရင်ခွင်ထဲသို့ တိုးဝင်လာပြန်ရာ နီမောင်က တင်းတင်းဖက်ထားလိုက်လေသည်။

ဇနီးသည်ဘဝရောက်နေပြီးသောသူကို ယခုမှပင် ထွေးပွေ့ကြင်နာမှု ပေးခဲ့ခြင်း ဖြစ်ပေသည်။

"ဒီအချိန်က နင်တို့ အပျိုဘဝတုန်းက မောင်းထောင်းရင်း လူပျိုကာလသားတွေ ရောက်လာပြီး ချစ်စကားကြိုက်စကားလာပြောကြတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အခုလည်း နင် မောင်းထောင်းနေတဲ့အချိန်မှာ ငါ ရောက်လာပြီး ချစ်စကားကြိုက်စကား ပြောရမယ်ထင်တယ်"

"နင်နဲ့ငါနဲ့က မင်္ဂလာဆောင်ပြီးလို့ ငါက နင့်အိမ်ကို ရောက်နေပြီးမှဟာ"

"မဟုတ်ဘူးလေ မင်္ဂလာဆောင်ခဲ့ပြီးပေမယ့် ကိုယ်နဲ့ လက်ထပ်မယ့်သူကို ရည်းစားစကားလည်း မပြောရသေးဘူး၊ ချစ်စကားကြိုက်စကားလည်း တစ်ခွန်းမှ မပြောရသေးဘူး၊ ဒါကြောင့် အခုလို နှစ်ယောက်ချင်းတွေ့တဲ့အချိန်မှာ ချစ်စကား ပြောရမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားတော့မှ မာယာက သဘောပေါက်သွားပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်လေသည်။

"ကိုယ်ချစ်တဲ့ ကိုယ့်ယောက်ျားက. . သူ့မိန်းမကို ချစ်စကားကြိုက်စကား ပြောတာကိုတော့ ဘယ်မိန်းမ,မဆို. . နားထောင်ချင်ကြမှာပဲ၊ နင်သာပြောမယ်ဆိုရင်. . မထတမ်း နားထောင်ပေးပါ့မယ်"

ဟု ပြန်ပြောလိုက်လေသည်။ ထိုအချိန်တွင် အရှေ့ဘက်တောပေါ်မှ အရုဏ်ဦး အလင်းရောင်များ တက်စပြုလာချေပြီ။

ထိုအချိန်တွင်. . စောစောက မောင်းထောင်းသံ ပေါ်ထွက်နေသော နေရာတစ်ဝိုက်. . ကြည်နူးဖွယ်ရာ ရယ်မောသံကလေးများက ပေါ်ထွက်လာလေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (အသူရကာယ်ဘုံသား)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောန္တု သုခီအတ္တာနံ ပရိဟာရန္တု။



စာပြီးချိန်။ ။(၂၀၁၂)ခုနှစ်၊ မတ်လ (၁၃)ရက်၊ အင်္ဂါနေ့၊ နံနက် (၉)နာရီ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com